ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ကြာသပတေးနေ့၊ (19-11-2015) (၈၃၈၉)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံသို့ သွားရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မူဟာမက် နာဂျစ်တွန် အဗ္ဗဒူလ်ရာဇာတ်၏ ဖိတ်ကြားချက်အရ (၂၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများတက်ရောက်ရန်အတွက် မကြာမီကာလအတွင်း မလေးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟော်ရီဇုန်ဟိုတယ်၌ ဆက်လက်ကျင်းပခဲ့ရာ ယခင် ဆွေးနွေးပွဲများမှ အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက အစိုးရအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံရေးပါတီများ အဖွဲ့သုံးဖွဲ့မှ တစ်ဖွဲ့လျှင် ၁၆ ဦးစီ ပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီ (UPDJC) ကိုဖွဲ့စည်း၍ အဆိုပါအဖွဲ့ကဦးဆောင်ပြီး နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ NCA စာချုပ်ပါအတိုင်း ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲပြီး ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေး ဆွေးနွေးပွဲကို စတင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး(KNU)မှ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက တိုင်းရင်းသားများ၏လိုလားချက်ဖြစ်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို စာချုပ်ပါသဘောတူညီချက်အတိုင်း အကောင်အထည်ဖော်ရန် အရေးကြီးပါကြောင်း၊ မိမိတို့ တိုင်းရင်းသား အဖွဲ့များအနေဖြင့် NCA ကို တန်ဖိုးထားသကဲ့သို့ အကောင်အထည်ဖော်ရန်လည်း ကူညီပေးကြရန် လိုပါကြောင်း၊ ထို့ပြင် JMC က ဆုံးဖြတ်ချက်များဖြစ်သည့် အပစ်အခတ်ရပ်စဲရေးခိုင်မာစေရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ UPDJC တွင် ဆောင်ရွက်သည့် ဆွေးနွေးဆုံးဖြတ်ချက်များသည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုဖြစ်ပေါ်ရေးအတွက် ဖြစ်ပါကြောင်း၊ အဖွဲ့အစည်းအသီးသီးက တာဝန်ရှိသူများအနေဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့●

## အချိန်အခါမဟုတ်မိုးရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ယနေ့နံနက် ၁၁ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းမှ ထွက်ပေါ်လာသော တိမ်စွယ်တန်းများနှင့် အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်တို့ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(ကြေးမုံ)

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(ကြေးမုံ)



ပုဂံဒေသ ယဉ်ကျေးမှုနယ်မြေတွင် ကမ္ဘာလှည့်ခရီးသွားများအား အမှတ်တရပစ္စည်းများ လိုက်လံရောင်းချနေသူအချို့ကို တွေ့ရစဉ်။

# ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုများပြား၊ မြန်မာမှုလက်ရာအမှတ်တရပစ္စည်းများ အရောင်းသွက်

**ပုဂံ နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံသို့ ယခုကာလအတွင်း နိုင်ငံခြားသား ခရီးသွားဧည့်သည် တိုးတက်များပြားလာသည်နှင့်အမျှ မြန်မာမှုလက်ရာ အမှတ်တရပစ္စည်းများ အရောင်းသွက်လာကြောင်း ပုဂံဒေသ မြန်မာ့ရိုးရာယဉ်ကျေးမှု အမှတ်တရပစ္စည်းအရောင်းဆိုင်များမှ သိရသည်။

အောက်တိုဘာလ နောက်ဆုံးပတ်အထိ မြန်မာ့ယဉ်ကျေးမှုဒေသများသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် လာရောက်မှု လျော့နည်းခဲ့ပြီး နိုဝင်ဘာဒုတိယပတ်မှ စတင်ကာ ခရီးသွားဧည့်သည်လာရောက်မှု ပိုမိုများပြားလာခဲ့သည့်အတွက် မြန်မာမှုလက်ရာအမှတ်တရပစ္စည်းများလည်း အရောင်းသွက်ခဲ့ကြောင်း ပုဂံမြို့အခြေစိုက် အမှတ်တရပစ္စည်းဆိုင်များမှ သိရသည်။

"နိုဝင်ဘာလဆန်းပိုင်းအထိ ခရီးသွားအဝင်နည်းတယ်။ ရွေးကောက်ပွဲရှိတာကြောင့် စောင့်ကြည့်တာလည်း ပါပါတယ်။ အခု နိုဝင်ဘာဒုတိယပတ်ကစပြီး ခရီးသည်အဝင် အတော်များလာပါတယ်။ အခုနောက်ပိုင်းကာလတွေမှာ ခရီးသွား တောက်လျှောက်များလာတော့မှာပါ။ များလာတာနဲ့အမျှ သူတို့ကို မှီပြီးရောင်းနေရတဲ့ အမှတ်တရပစ္စည်းဈေးကွက်က ပြန်သွက်လာပါတယ်။ ပြည်တွင်းခရီးသည်တွေကိုလည်း ရောင်းရပါတယ်။ ပြည်ပဧည့်သည်ကို ပိုအားထားရတာပေါ့"ဟု ပုဂံညောင်ဦးမြို့ အမှတ်တရပစ္စည်းအရောင်းဆိုင်လုပ်ငန်းပိုင်ရှင်က ပြောသည်။

ပုဂံဒေသသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည်နှင့်အညီ

စာမျက်နှာ ၃ ကော်လံ ၁ သို့○



ကြေးမုံစာတည်းရှုထောင့် ၁၉-၁၁-၂၀၁၅၊ ကြာသပတေးနေ့

# လုံခြုံရေးသတိ အမြဲရှိ

မြန်မာနိုင်ငံ၌ လွတ်လပ်ရေးရရှိတော့မည့် အချိန်ကာလက မသမာသူအကြမ်းဖက်သမားတစ်စု၏ လက်ချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရပေသည်။ ကမ္ဘာတွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံ့ခေါင်းဆောင်များ ဆုံးရှုံးရမှုရှိခဲ့သည်။ ထို့အပြင် အပြစ်မဲ့ပြည်သူများ အသက်သေဆုံးဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ဖူးပေသည်။

မကြာသေးမီက ပြင်သစ်နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ အသက်သေဆုံးခဲ့ရသည်။ အကြမ်းဖက်တိုက်ခိုက်မှုများမှာ လွတ်လပ်ရေးမရမီကာလမှ ယနေ့ထက်တိုင် ပြီးဆုံးပျောက်ကွယ်သွားသည်မရှိချေ။ နိုင်ငံများက အကြမ်းဖက်တိုက်ခိုက်မှုများ ချုပ်ငြိမ်းပပျောက်စေရန်အတွက် နည်းမျိုးစုံဖြင့် တိုက်ဖျက်လျက်ရှိသော်လည်း ယနေ့ထက်တိုင် မချုပ်ငြိမ်းနိုင်သေးသည်ကို တွေ့ရသည်။

အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ထွန်းလာခြင်းသည် လူ့အဖွဲ့အစည်းအတွင်း မေတ္တာတရားခေါင်းပါးမှု၊ အယူအဆကွဲပြားမှုများမှ အခြေတည်လာပြီး အစွန်းရောက်ဝါဒများကိုင်စွဲလာသောအခါ အကြမ်းဖက်မှုများဖြစ်ထွန်းလာသည်ဟု ဆိုနိုင်ပါသည်။ ယနေ့ကမ္ဘာ့နိုင်ငံကြီးများအား အစွန်းရောက်သမားများက ခြိမ်းခြောက်တိုက်ခိုက်မှုတိုးမြှင့်လာချိန်တွင် အယူအဆကွဲပြားသော နိုင်ငံငယ်များအတွက်လည်း သတိပြုရမည်ဖြစ်သည်။

ဘာသာအယူကွဲပြားခြင်းသာမက ဘာသာအယူတူညီသော လူ့အဖွဲ့အစည်းအတွင်းမှာပင် ယုံကြည်ချက်မတူညီသဖြင့် အချင်းချင်းတိုက်ခိုက်မှုများ ရှိလာခဲ့သည်။ ရန်ကို ရန်ချင်းတုံ့ပြန်ခြင်းမှ အကြမ်းဖက်ဝါဒတိုးပွားလာသည်။ တစ်ဖက်နှင့်တစ်ဖက် တုံ့ပြန်နေသမျှကာလပတ်လုံး ငြိမ်းအေးမှုရနိုင်မည်မဟုတ်ချေ။ အာဃာတရန်ငြိုးများသာ တိုး၍တိုး၍လာချေသည်။ လက်စားချေအနိုင်ယူလိုခြင်းသည် အောင်မြင်ခြင်းလည်းမဟုတ်၊ ရန်မီးငြိမ်းအေးစေခြင်းလည်းမမည်၊ နှစ်ဖက်စလုံးသာ အရှုံးနှင့်ရင်ဆိုင်ကြရသည်ကို မျက်မှောက်ကာလသေကျေပျက်စီးမှုများက သက်သေပြလျက်ရှိသည်။

အကြမ်းဖက်သမားများမှာ အလစ်အငိုက်တိုက်ခိုက်သောကြောင့် တိတ်တဆိတ် လူသတ်သမားများဟု ခေါ်ဆိုနိုင်သည်။ အကြမ်းဖက်ဝါဒကိုင်စွဲသူများက အပြစ်မဲ့ပြည်သူများအား တိုက်ခိုက်လာနိုင်ခြင်းသည် လုံခြုံရေးကျိုးပေါက်သောကြောင့်ဖြစ်သည်။ လုံခြုံရေးမကျိုးပေါက်အောင် လုံခြုံရေးပိုင်းဆိုင်ရာတို့တွင် တာဝန်ရှိသလို ပြည်သူများအနေဖြင့်လည်း လုံခြုံရေးအသိရှိနေရမည်။

အကြမ်းဖက်သမားများရှင်သန်နေခြင်းသည် အားပေးကူညီသူများ ရှိနေသောကြောင့်ဖြစ်သည်။ ရပ်တည်ရာရှိနေသောကြောင့် ဖြစ်သည်။ ခိုအောင်းရာနေရာ ရှိနေသောကြောင့် ဖြစ်သည်။ အကြမ်းဖက်သမားများဖြစ်ထွန်းလာခြင်းသည် အစွန်းရောက်အယူဝါဒ တစ်ခုတည်းကြောင့်သာမဟုတ်၊ မကျေနပ်မှုများ၊ ရန်လိုမှုများ၊ အာဃာတများသာမက ငွေကြေးရလိုမှုများကြောင့်လည်းပါဝင်လာသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် အကြမ်းဖက်ဝါဒမချုပ်ငြိမ်းဘဲ ကြီးထွားလာခြင်းဖြစ်သည်။

အကြမ်းဖက်သမားသည် အတောင်ပေါက်လာခြင်းမဟုတ်၊ လူထုကြားတွင် စိမ့်ဝင်ထိုးဖောက်ဝင်ရောက်လာခြင်းဖြစ်သည်။ မျက်မှောက်ကာလတွင် ခေတ်မီတိုးတက်ပါသည်ဆိုသော လုံခြုံရေးအင်အား၊ လုံခြုံရေး နည်းပညာကောင်းသည့် နိုင်ငံကြီးများ၌ပင် အကြမ်းဖက်သမားများက ထိုးဖောက်ဝင်ရောက်တိုက်ခိုက်လာနိုင်သည့်အပြင် ခြိမ်းခြောက်မှုများပင်ရှိလာသည်။ ထို့ကြောင့် အင်အားကြီးသည်၊ ငယ်သည်သဘောမထားဘဲ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို အထူးသတိပြုကာကွယ်ကြရမည်။

အဖျက်သမားသည် လူထုကြားတွင်ပင်ရှိသောကြောင့် လူထုလုံခြုံမှုစနစ်များဖြင့် အကာအကွယ်ပေးသွားကြရမည်ဖြစ်သည်။ လုံခြုံရေးတာဝန်ရှိသူများကလည်း မပြတ်သောသတိဖြင့် တာဝန်ယူကြရမည်ဖြစ်သည်။ ပြည်သူများကလည်း လုံခြုံရေးအသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့နေရာသည် တည်ငြိမ်အေးချမ်းပါသည်ဟူ၍ ပေါ့ပေါ့ဆဆမနေကြဘဲ အမြဲသတိဖြင့် မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့ဒေသ၊ မိမိတို့နိုင်ငံ အေးချမ်းသာယာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

## ငါးနှစ်အောက်ကလေးများသေဆုံးမှု၏ ၅၃ ရာခိုင်နှုန်းမှာ အာဟာရချို့တဲ့မှုနှင့် ဆက်နွယ်နေ

**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုင်ငံတကာ သုတေသနရလဒ်များအရ ငါးနှစ်အောက်ကလေးများ သေဆုံးရခြင်း၏ ၅၃ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့မှုနှင့် ဆက်နွယ်နေသည်ဟုသိရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းပြီး အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာတွင် ဒုတိယဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တစ်နှစ်အောက်ကလေးသေနှုန်းလျှော့ချရေး၊ ငါးနှစ်အောက် ကလေးသေနှုန်းလျှော့ချရေး၊ သားဖွားမိခင်သေနှုန်းများ လျှော့ချရေးတို့အတွက် အာဟာရချို့တဲ့မှုကာကွယ်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ အာဟာရချို့တဲ့မှုသည် အထိုက်အလျောက် ကျဆင်းလာသော်လည်း တစ်ဖက်တွင် အာဟာရလွန်ကဲမှုကြောင့် အဝလွန်ခြင်း၊ အာဟာရလွန်ကဲခြင်းတို့နှင့် ဆက်စပ်ဖြစ်ပွားသောရောဂါများ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိလာရကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အာဟာရလုံလောက်စွာ စားသုံးစေခြင်းသည် ကလေးတစ်ယောက်ဖွံ့ဖြိုးသင့်သလောက် အစွမ်းကုန်ဖွံ့ဖြိုးနိုင်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်အာဟာရလေ့ကျင့်ကွပ်ကဲရေး အဖွဲ့များသည် အာဟာရဖွံ့ဖြိုးရေး စီမံချက်များကို ပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွင်း အာဟာရ လုပ်ငန်းဆိုင်ရာများကို လေ့ကျင့်ကွပ်ကဲခြင်း၊ ပညာပေးခြင်း စဉ်ဆက်မပြတ်ဆောင်ရွက်မှုများအား မြို့နယ်များအလိုက် စုစည်းကာ ဆန်းစစ်ခြင်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**




## ဒီဇင်ဘာလတွင် မလေးရှားနိုင်ငံ၌ အာဆီယံ အယ်ဒီတာများညီလာခံ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

အာဆီယံ အယ်ဒီတာများညီလာခံကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံသို့ အာဆီယံဒေသတွင်း နိုင်ငံများမှ သတင်းအေဂျင်စီများ၊ ပုံနှိပ်မီဒီယာများ၊ အီလက်ထရွန်နစ်မီဒီယာများနှင့် news portals များမှ ကိုယ်စားပြု အယ်ဒီတာဦးရေ ၁၀၀ ကျော် တက်ရောက်မည်ဟု သိရသည်။

မလေးရှားနိုင်ငံသည် အာဆီယံ ဥက္ကဋ္ဌတာဝန်ယူရသည့် ယခုနှစ်အတွင်း အာဆီယံ၏ အခန်းကဏ္ဍများမြှင့်တင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး လူဦးရေ သန်း ၆၃၀ ကျော်ရှိသည့် အာဆီယံဒေသတွင်း ဆက်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် မီဒီယာသည် အဓိကနေရာမှ ပါဝင်လျက်ရှိရာ ယခုကဲ့သို့ ကျင်းပရခြင်းဖြစ်သည်။

အာဆီယံအယ်ဒီတာများ ညီလာခံတွင် အာဆီယံဒေသတွင်း မီဒီယာအသိုက်အဝန်းတွင် တွေ့ကြုံရင်ဆိုင်နေရသည့် အခြေအနေများ၊ အာဆီယံအသိုက်အဝန်း ဖော်ဆောင်ရာတွင် မီဒီယာအခန်းကဏ္ဍ၏ ပါဝင်မှုမြှင့်တင်ရေးနှင့် အာဆီယံဒေသတွင်း မီဒီယာများ ဆက်သွယ်မှု ပိုမိုခိုင်မာစေရေး ဝိုင်းဝန်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရှင်မင်း)**

## ဟားခါးမြို့ရှိ ဘေးသင့်ပြည်သူများအတွက် တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်



**ဟားခါး နိုဝင်ဘာ ၁၈**

ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့်ပြည်သူများအတွက် အသစ်ပြန်လည်ဖော်ထုတ်ပေးလျက်ရှိသော ဟားခါး-ဖလမ်းကားလမ်းပေါ်ရှိ မြို့ကွက်သစ်နေရာ၌ တန်ဖိုးသင့်အိမ်ရာများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး အရှိန်အဟုန်မြှင့် တည်ဆောက်ပေးလျက်ရှိသည်။

ဟားခါးမြို့ရှိ သဘာဝဘေးသင့် ပြည်သူများအတွက် တန်ဖိုးသင့်အိမ်ရာများကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ စီမံမှုဖြင့် တန်ဖိုးသင့်အိမ်ရာ ၇၃၂ လုံးကို မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီနှင့် တင်ဝင်းထွန်းကုမ္ပဏီတို့က ပူးပေါင်းတည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**(ဂိုးနက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်(ရွှေဈေး) - ၇၄၅၅၀၀ - ၇၄၅၅၀၀၊ မန္တလေး(ရွှေဈေး) ၇၄၅၀၀၀ - ၇၄၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၇၀/၇၉၀ ကျပ်၊ | ၈၅၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၁. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၃. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၂. ၄၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၈၉၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၄. ၆၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၅၅၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၄၆. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၀၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၈. ၀၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၆. ၅၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

●ရှေ့ဖုံးမှ

လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး နိုင်ငံရေးပြဿနာများ ဆွေးနွေးနိုင်ရန်အတွက် ပူးပေါင်းပါဝင်ရေး၊ ပြည်သူများလိုလားသော အေးချမ်းသာယာဝပြောသည့် နိုင်ငံဖြစ်ပေါ်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ရေးဆွဲခြင်း၊ အားလုံးပါဝင်ရေးမူဖြင့် ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် အချိုးအစားသတ်မှတ်ခြင်း၊ ဆွေးနွေးရန်အစီအစဉ်များ သတ်မှတ်ခြင်းတို့ကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး "ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ"ကို ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်(ဥက္ကဋ္ဌ)၊ စောအိုင်းဇက်ဖိုး (ဒုတိယဥက္ကဋ္ဌ-၁)၊ ဦးပြည့်စုံ(ဒုတိယဥက္ကဋ္ဌ-၂)၊ ဒေါက်တာရွှေခါး(အတွင်းရေးမှူး-၁)၊ ဗိုလ်မှူးကြီးဝဏ္ဏအောင် (အတွင်းရေးမှူး-၂)တို့ပါဝင်သော အစိုးရကိုယ်စားလှယ် ၁၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၈)ဖွဲ့မှ ကိုယ်စားလှယ် ၁၀ ဦး၊ နှစ်ဖက်မှအဆိုပြုသော အရပ်သားကိုယ်စားလှယ် ခြောက်ဦး စုစုပေါင်း ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဗိုလ်ချုပ်မင်းနောင်၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြည်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ဟော်ရီဇွန်ဟိုတယ်၌ ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။**

(သတင်းစဉ်)

# ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၈**

၂၀၁၅ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲက တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပပြီး စူဠာမုနိလောကချမ်းသာ ဘုရားရင်ပြင်တော်ပေါ်တွင် စိန်နားပန်မီးပုံးပျံတစ်လုံးကို လွှတ်တင်ပူဇော်ပေးကြသည်။

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးဝင်းနှင့် ဇနီး ဒေါ်ငွေးငွေးဝင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများတို့သည် အဝေရာကုန်းသာယာ မီးပုံးပျံကွင်းသို့ ရောက်ရှိနေရာယူပြီး တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် မီးပုံးပျံပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်တို့က မီးပုံးပျံပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။



ထို့နောက် ရှမ်းပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ကိန္နရီ ကိန္နရာ အကနှင့် ဓားသိုင်းအကတို့ဖြင့် ကပြဖျော်ဖြေပြီး တောင်ကြီးပညာရေးကောလိပ်ကျောင်းမှ သင်တန်းသူလေးများနှင့် ရှမ်းပြည်နယ်တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက မြင်ကြည့် စမ်းလှည့် တို့ရိုးရာတန်ဆောင်တိုင်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက မီးပုံးကလေးများဖြင့် ရှမ်းပြည်နယ်ကိုယ်စားပြု ရှမ်းအလံ၊ ရှမ်းအိုးစည်၊ မီးပုံးပျံလွှတ်တင်ပုံဖော်ခြင်းတို့ဖြင့် သရုပ်ဖော် ကပြကြသည်။

ငင်းနောက် တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲတော်ကို တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ နာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်က စက်ခလုတ်နှိပ်၍ မီးရှူးမီးပန်းများ ပစ်လွှတ်ဖွင့်လှစ်ပေးပြီး စိန်နားပန်မီးပုံးပျံအကြီး လေးလုံးလွှတ်ခြင်း၊ ဖွင့်ပွဲပိတ်ပွဲကော်မတီမှ နှစ်လုံး၊ မာဃမြင့်ကုမ္ပဏီမှတစ်လုံး၊ ကျိုင်းတုံစွမ်းအင်ကုမ္ပဏီမှ တစ်လုံးနှင့် မီကိုကော်ဖီမစ်မှ မီးပုံးပျံငယ် ၁၅၀၀ လွှတ်တင်ကြကြောင်း သိရှိရသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ပြိုင်ပွဲဝင် ညမီးကြီး ၈၄ လုံး၊ စိန်နားပန် ၃၇ လုံး၊ နေ့လွှတ်ခြေနှစ်ချောင်း ၁၃၈ လုံး၊ ခြေလေးချောင်း ၉၃ လုံး၊ အုပ်စု (၅၂) အုပ်စု စုစုပေါင်း နေ့လွှတ်၊ ညလွှတ် ၄၀၄ လုံး၊ ဓာတ်ပုံပြိုင်ပွဲတွင် ခေါင်းစဉ်လေးမျိုးဖြစ်သည့် (၁)မြို့လုံးကျွတ်မဟာဘုံကထိန်လှည့်လည်ပူဇော်ပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲ၊ (၂) မီးပုံးပျံပြိုင်ပွဲ နေ့လွှတ်တစ်ကောင်ချင်းအုပ်စု အရုပ်မီးပုံးပျံနှင့် ပွဲတော်ရှုခင်း၊ (၃) ယမ်းမီးကြီးညအလှပြိုင်ပွဲ၊ (၄) စိန်နားပန်မီးပုံးပျံပြိုင်ပွဲနှင့် ပွဲတော်ရှုခင်း၊ ကွင်းဖွင့်ပွဲရှုခင်းများဖြင့် ကျင်းပမည်ဖြစ်သည်။ မြို့လုံးကျွတ်မဟာဘုံကထိန်ကို နိုဝင်ဘာ ၂၅ ရက်တွင် လှည့်လည်ကြကာ ညနေပိုင်းတွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲ ဖွင့်ပွဲကို ဖွင့်လှစ်၍ နိုဝင်ဘာ ၂၆ ရက် လပြည့်နေ့ နံနက်ပိုင်းတွင် မသိုးသင်္ကန်းဆက်ကပ်ပူဇော်ကြမည်ဖြစ်ရာ နေ့လည်ပိုင်းတွင် မြို့လုံးကျွတ်မဟာဘုံကထိန်တရားနာရေစက်ချပွဲနှင့် ညပိုင်းတွင် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်များမှ မီးပဒေသာပင်များဖြင့် လှည့်လည်ပူဇော်ကြကာ ပွဲတော်တွင် ပျော်ပွဲရွှင်ပွဲ ဖျော်ဖြေရေးအစီအစဉ်များ ကျင်းပပြီး နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းတွင် တန်ဆောင်တိုင်ဖွင့်ပွဲပိတ်ပွဲ သီချင်းဆုရရှိသူများ၊ ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများနှင့် နေ့၊ ညလွှတ်မီးပုံးပျံပြိုင်ပွဲတွင် ဆုရရှိသူများတို့ကို ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

○ ကမ္ဘာလှည့်ခရီးသွားမှ

ခရီးသွားဆွဲဆောင်ရာဒေသတစ်ခုဖြစ်ပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည် လာရောက်မှုလည်း အများဆုံးဒေသဖြစ်သည်။ နိုဝင်ဘာပထမပတ်ကာလအထိ ခရီးသွားဧည့်သည်နည်းပါးခဲ့ပြီး လက်ရှိအချိန်မှစတင်ကာ ဧည့်သည်များ ပြန်လည်များပြားခဲ့ပြီး ခရီးသွားလုပ်ငန်းကို မှီခိုနေသည့် လုပ်ငန်းများလည်း ပြန်လည်သွက်လက်လာခဲ့သည်ဟု သိရသည်။

"ကျွန်တော်တို့က ပုသိမ်မြို့က ရွှေစာပုသိမ်ထီးလုပ်ငန်းကပါ။ ပုဂံမှာဆိုင်တွေအားလုံးကို ဖောက်သည်ပေးနေတာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအထိ ဧည့်သည်နည်းခဲ့ပေမယ့် အခုကတော့ ပြန်များလာပြီ။ ဧည့်သည်များလာတော့ အမှတ်တရပစ္စည်းတွေ အရောင်းပြန်သွက်လာပါတယ်။ ဒီနောက်ပိုင်းက ပုဂံမှာ ဧည့်သည်များလာဖို့ပဲရှိပါတော့တယ်"ဟု ပုဂံညောင်ဦးမြို့ရှိ ရွှေစာပုသိမ်ထီးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဂံဒေသ ယွန်းထည်ပစ္စည်းများအပါအဝင် မြန်မာ့ချည်ထည်များလည်း အရောင်းသွက်လျက်ရှိပြီး ရာသီဥတုဒေသနှင့် ကိုက်ညီသော အဝတ်အထည်များကိုလည်း နိုင်ငံခြားသားဧည့်သည်များ ကြိုက်နှစ်သက်စွာ ဝယ်ယူအားပေးကြသည်ဟု သိရသည်။ အမှတ်တရပစ္စည်းများ ငွေကျပ် ထောင်ဂဏန်းမှ သောင်းဂဏန်းဝန်းကျင်မျှရှိပြီး ပြည်တွင်းဧည့်သည်များထက် ပြည်ပဧည့်သည်များကို ဦးတည်ရောင်းချမှုမှာ ဈေးရရှိမှုပိုမိုသည်ဟု သိရသည်။

**(ဆုနှင်းလှဲ့)**

# ဓမ္မစကူးလ် ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၈**

ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ နိုဝင်ဘာ ၁၇ ရက် ညနေ ၃ နာရီက ပဲခူးမြို့နယ် (၄၃၁) ကြိမ်မြောက် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

ဩဝါဒါစရိယ ဆရာတော်များဖြစ်ကြသော ပဲခူးတိုင်းဒေသကြီး ဘုန်းတော်ကြီးသင်ပညာရေးအဖွဲ့ဥက္ကဋ္ဌ၊ မင်္ဂလာရာမကျောင်းဆရာတော်၊ ပဲခူးတိုင်းဒေသကြီး အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ချမ်းမြေ့ဇေယျာသာမဏေကျော် တက္ကသိုလ်ဆရာတော်တို့က ဩဝါဒကထာချီးမြှင့်ကြပြီး ပဲခူးမြို့နယ် (၄၃၁)ကြိမ်မြောက် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဖြစ်မြောက်ရေး တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးဝင်းသိန်းက အမှာစကားပြောကြားသည်။

ယင်းသင်တန်းအား နိုဝင်ဘာ ၁၁ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမ ၆၀၊ လေ့လာသူ ၁၇ ဦး စုစုပေါင်း ၇၇ ဦး တက်ရောက်ပြီး ရတနာသုံးပါးကို ပိုမိုသက်ဝင်ယုံကြည် လေးစားကြည်ညိုလာစေရန်၊ ဗုဒ္ဓ၏အဆုံးအမများကို မှန်ကန်စွာ နားလည်လက်ခံကျင့်သုံးပြီး လူ့အဖွဲ့အစည်းအတွင်း တန်ဖိုးရှိသော လူသားတစ်ဦးအဖြစ် နေထိုင်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၅၈၈)**

# ပြင်သစ်နိုင်ငံမြောက်ပိုင်းတွင် ရဲများနှင့် အကြမ်းဖက်သမားများ ပစ်ခတ်မှုဖြစ်ပွား

**ပါရီ နိုဝင်ဘာ ၁၈**

ပြင်သစ်နိုင်ငံမြောက်ပိုင်း၏ ခရိုင်ငယ်တစ်ခုဖြစ်သည့် စိန့်-ဒီနစ်ရှိ ဆင်ခြေဖုံးတစ်နေရာတွင် ရဲအရာရှိများနှင့် အကြမ်းဖက်အဖွဲ့တစ်ဖွဲ့တို့ သေနတ်ဖြင့် အပြန်အလှန် ပစ်ခတ်ခဲ့ကြကြောင်း သတင်းများအရ သိရသည်။

အဆိုပါပစ်ခတ်မှုသည် နိုဝင်ဘာ ၁၈ ရက် နံနက် ၄နာရီခွဲအချိန်တွင် စတင်ဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံးကာ ခုနစ်ဦးလက်ရဖမ်းမိခဲ့ကြောင်းသိရသည်။ အခင်းဖြစ်ပွားသည့်နေရာသည် နိုဝင်ဘာ ၁၃ ရက်က အကြမ်းဖက်သမားများ ဗုံးဖောက်ခွဲခဲ့သည့် အမျိုးသားအားကစားဘောလုံးကွင်း၏ အနီးဝန်းကျင်တွင်ဖြစ်သည်။

ပြင်သစ်အာဏာပိုင်များက နိုင်ငံအတွင်း အကြမ်းဖက်မှုဖြိုခွင်းရေးလုပ်ငန်းစဉ်များကို အဖွဲ့အင်အားအများအပြားအသုံးပြုပြီး လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

အက်ဒယ်ဟာမစ် အာဘာအောက် အမည်ရှိ ဘယ်လ်ဂျီယံနိုင်ငံသား အကြမ်းဖက်သမား တစ်ဦးအား လက်ရဖမ်းဆီးရန် ရဲအရာရှိများက တိုက်ခန်းတစ်ခုကို စီးနင်းဝင်ရောက်ခဲ့သည်ဟု အေအက်ဖ်ပီသတင်းဌာနက ရဲအရာရှိများ၏ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်။

အဆိုပါဘယ်လ်ဂျီယံနိုင်ငံသားသည် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွ အဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟု ယုံကြည်ရပြီး နိုဝင်ဘာ ၁၃ ရက်ကဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများတွင် ပါဝင်ခဲ့သည်ဟု ယူဆရသည်။

"နံနက် ၄နာရီခွဲဝန်းကျင်လောက်မှာ သေနတ်သံတွေကိုကြားတော့ ကျွန်တော် အိပ်ရာနိုးလာတယ်။ အပြန်အလှန်ပစ်ခတ်မှုတွေဟာ နာရီဝက်လောက်ကြာတယ်။ ခဏကြာတော့ ပေါက်ကွဲသံတစ်ခုကြားခဲ့ရတယ်" ဟု ဒေသခံပြည်သူတစ်ဦးကဆိုသည်။

"အစပိုင်းမှာတော့ သေနတ်သံလို့မထင်ဘူး။



ဖြောက်အိုးသံတွေလို့ပဲ ထင်မိတယ်။ ခဏကြာတော့ ပေါက်ကွဲသံတစ်ခုကြားခဲ့ရတယ်။ ပြီးတော့ ကောင်းကင်မှာ ရဟတ်ယာဉ် တစ်စင်းပျံသန်းနေတာကို မြင်ခဲ့ရတယ်။" ဟု အခင်းဖြစ်ပွားခဲ့သည့် အဆောက်အအုံနှင့် ကပ်လျက်ရှိ တိုက်ခန်းနေ ပြည်သူတစ်ဦးကဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# နီပေါနိုင်ငံ၌ လူမှုရေးလုပ်ငန်းများဆောင်ရွက်နေသည့် အမေရိကန်နိုင်ငံသူ ၂၀၁၅ ခုနှစ် စီအင်န်အင်န်သူရဲကောင်းဆု ချီးမြှင့်ခံရ

**ခတ္တမန္ဒူ နိုဝင်ဘာ ၁၈**

နီပေါနိုင်ငံ၌ လူမှုရေးလုပ်သားတစ်ဦးအဖြစ် ဆောင်ရွက်နေသည့် အမေရိကန်နိုင်ငံသူတစ်ဦးဖြစ်သူ မက်ဂီဒွိုင်းသည် ယခုနှစ်အတွက် စီအင်န်အင်န်သူရဲကောင်းဆု "CNN Hero of the Year" ရရှိသွားကြောင်းသိရသည်။

နိုဝင်ဘာ ၁၇ ရက်ညက နယူးယောက်မြို့၌ ကျင်းပသည့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နီပေါအမျိုးသမီးနှင့် ကလေးငယ်ရာပေါင်းများစွာ၏ဘဝများပြောင်းလဲသွားစေရန် ကူညီဆောင်ရွက်မှုများအတွက် မက်ဂီအား စီအင်န်အင်န်သူရဲကောင်းဆုရှင်အဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။ အသက် ၂၈ နှစ်ရှိ မက်ဂီသည် နီပေါနိုင်ငံ အနောက်လယ်ပိုင်းရှိ ဆာခတ်ခရိုင်၌ စာသင်ကျောင်းတစ်ကျောင်း၊ အမျိုးသမီးများစောင့်ရှောက်ရေးဌာနနှင့် ကိုပီလာချိုင့်ဝှမ်း ကလေးငယ်များဂေဟာများကို ဖွင့်လှစ်ထားသည်။ ၎င်းသည် Blink Now ဖောင်ဒေးရှင်းမှတစ်ဆင့် ကလေးငယ် ၅၀ ကျော်အတွက် အခမဲ့ပညာရေးနှင့် နေစရာဂေဟာ ထောက်ပံ့ပေးလျက်ရှိသည်။

ဆုချီးမြှင့်ပွဲ၌ မိန့်ခွန်းပြောကြားရာတွင် မက်ဂီက သားသမီးတစ်ယောက်ကဲ့သို့ တိုင်းပြည်မှကြိုဆိုမှုအတွက် နီပေါနိုင်ငံနှင့်နီပေါပြည်သူများကို ကျေးဇူးတင်သည်ဟု ဆိုသည်။ "ကျွန်မတို့နေထိုင်ချင်တဲ့ ကမ္ဘာကြီးဖန်တီးဖို့ ကျွန်မတို့မှာ စွမ်းအားတွေရှိတယ်ဆိုတာ သတိရပါ"ဟု မက်ဂီ၏ထုတ်ပြန်ချက်ကို စီအင်န်အင်န်သတင်းဌာနက ဖော်ပြခဲ့သည်။ မက်ဂီမတိုင်မီ လူမှုရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပြီး "Maiti Nepal" တည်ထောင်သူ အနုရာဓာကွိုင်ရာလာနှင့် လူမှုရေးလုပ်သားတစ်ဦးဖြစ်သူ ပွတ်ရှ်ပါဘတ်စ်နတ်တို့သည် နီပေါလူ့အဖွဲ့အစည်းအတွင်း ၎င်းတို့၏ ကူညီဆောင်ရွက်မှုများကြောင့် ၂၀၁၀ နှင့် ၂၀၁၂ ခုနှစ်တို့တွင် စီအင်န်အင်န်သူရဲကောင်းဆုများ ချီးမြှင့်ခံခဲ့ရသည်။

**ဆင်ဟွာ။**

# ဝန်ကြီးချုပ်လီ၏ မလေးရှားခရီးစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

**ပေကျင်း နိုဝင်ဘာ ၁၈**

တရုတ်ဝန်ကြီးချုပ် လီခချန်း၏မလေးရှားခရီးစဉ်သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လျူကျန်မင်းက နိုဝင်ဘာ ၁၇ရက်တွင် ပြောကြားသည်။

ဝန်ကြီးချုပ်လီသည် မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူ၌ ကျင်းပမည့် အရှေ့တောင်အာရှခေါင်းဆောင်များ၏ နှစ်ပတ်လည် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ အရေးပါသောအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မလေးရှားနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်လျက်ရှိကြောင်း၊ မိမိတို့သည် ၂၀၁၃ခုနှစ်မှစ၍ အလုံးစုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း လျူကျန်မင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဝန်ကြီးချုပ်လီ၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့် သဘောတူညီချက်များကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**ဆင်ဟွာ။**



# အိုင်အက်စ်အဖွဲ့တိုက်ဖျက်ရေး အလေးပေးရန် ရုရှားနိုင်ငံအား သမ္မတအိုဘားမား တိုက်တွန်း

**မနီလာ နိုဝင်ဘာ ၁၈**

ရုရှားနိုင်ငံသည် ဆီးရီးယားအစိုးရအဖွဲ့အား ကျားကန်ပေးနေခြင်းမှ အစ္စလာမ်မစ်နိုင်ငံတော်(အိုင်အက်စ်)အဖွဲ့အားတိုက်ဖျက်ခြင်းသို့ ဦးတည်ချက်ပြောင်းလဲရန် မိမိလိုလားကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားလိုက်သည်။

မိမိသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံမြို့တော်မနီလာသို့ ရောက်ရှိနေသူ အိုဘားမားက ပြောကြားသည်။

အိုင်အက်စ်အဖွဲ့အား စစ်ရေးအရ တိုက်ခိုက်မှုတိုးမြှင့်ပြုလုပ်သွားမည့် ပြင်သစ်၏အစီအစဉ်ကို မိမိကြိုဆိုကြောင်း အိုဘားမားကပြောကြားသည်။

ထိုစဉ်အတွင်း အိုဘားမားသည် မြို့တော်မနီလာသို့ရောက်ရှိလာပြီး မနီလာပင်လယ်ဆိပ်ကမ်း၌ ရပ်တန့်ထားသော ဖိလစ်ပိုင်ရေတပ် စစ်သင်္ဘောတစ်စင်းကို သွားရောက်လေ့လာကြည့်ရှုခဲ့သည်။ ဂရီအိုရီဒဲလ်ပီလာ အမည်ရှိ အဆိုပါစစ်သင်္ဘောမှာ အမေရိကန်က လှူဒါန်းခဲ့သည့် စစ်သင်္ဘောတစ်စင်းဖြစ်သည်။

ပိုင်နက်နယ်မြေ အငြင်းပွားနေသော တောင်တရုတ်ပင်လယ်၌ တရုတ်နိုင်ငံက ကျွန်းတုတည်ဆောက်မှုကို ရပ်ဆိုင်းပေးရမည်ဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်းပိုင်နက်အငြင်းပွားမှုတွင် ပါဝင်ပတ်သက်နေသော ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးနှင့် လုံခြုံရေးတို့အတွက် အမေရိကန်အစိုးရက အကူအညီပေးရန် ထပ်လောင်းကတိကဝတ်ပြုကြောင်း အိုဘားမားကပြောကြားသည်။

မနီလာ၌ကျင်းပသည့် အေပက်စီးပွားရေးခေါင်းဆောင်များ၏ ထိပ်သီးအစည်းဝေးသို့ အာရှနှင့်ပစိဖိတ်ဒေသတို့မှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲ ၂၀ခန့် တက်ရောက်ကြသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် အေပက်အစည်းအဝေးတက်ရောက်ရန် မြို့တော်မနီလာသို့ နိုဝင်ဘာ ၁၇ရက်တွင် ရောက်ရှိလာခဲ့သည်။

**ရိုက်တာ။**

# စပရက်တလီကျွန်းစုအရေး အိုဘားမား၏ တောင်းဆိုချက် တရုတ်ပယ်ချ

**ပေကျင်း နိုဝင်ဘာ ၁၈**

တောင်တရုတ်ပင်လယ်ရှိ စပရက်တလီကျွန်းစုတွင် ကျွန်းတုများတည်ဆောက်ခြင်းနှင့် စစ်ဘက်ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်နေခြင်းများကို ရပ်တန့်ရန် အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ တောင်းဆိုမှုကို တရုတ်နိုင်ငံက ပယ်ချခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် စပရက်တလီကျွန်းစုတွင် ၎င်းတို့လုပ်ပိုင်ခွင့်အရ တည်ဆောက်နေခြင်းဖြစ်ပြီး အခြားနိုင်ငံများအနေဖြင့် ဝေဖန်ခွင့်၊ မှတ်ချက်ပေးခွင့်မရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက နိုဝင်ဘာ ၁၈ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လုပ်ငန်းများရပ်ဆိုင်းသင့်ကြောင်း ပြောဆိုနေခြင်းမှာ အမေရိကန်အနေဖြင့် တောင်တရုတ်ပင်လယ်အရေးကိစ္စကို မလိုအပ်ဘဲ ပုံကြီးချဲ့နေခြင်းသာဖြစ်ပြီး တင်းမာမှုများပိုမိုမြင့်တက်စေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အိုဘားမားက ဖိလစ်ပိုင်ရေတပ် စွမ်းရည်မြင့်တက်ရေးအတွက် အကူအညီပေးရန် ကတိကဝတ်ပြုခဲ့မှုကို ကိုးကားပြီး အမေရိကန်အနေဖြင့် ၎င်း၏စစ်အင်အားများဖြန့်ကြက်ပြီး အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုမပြုသင့်ကြောင်း ဟောင်လီက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ပိုလီယိုရောဂါကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးစည်းဝေး



**နေပြည်တော် နိုဝင်ဘာ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဖြင့် ကူးစက်ရောဂါကိုးမျိုးမှ ကင်းဝေးစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပိုလီယိုရောဂါကာကွယ်နှိမ်နင်းရေး ပိုမိုအရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကလေးငယ်များတွင် ဖြစ်ပွားသေဆုံးမှုများသည့်ရောဂါများ ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကုန်အထိ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအသစ်လေးမျိုးကို နိုင်ငံတော်အစိုးရ၏ ထည့်ဝင်ငွေဖြင့် ထည့်သွင်းနိုင်ခဲ့ကြောင်း၊ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမြင့်မားစေရေးအတွက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများအပြင် အစုလိုက်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ၊ ခက်ခဲဒေသများအတွက် အထူးစီမံချက်များ ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် "ပိုလီယိုအကြောသေရောဂါလုံးဝပပျောက်ရေး" အတွက် နည်းဗျူဟာ (၄) ရပ်ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပိုလီယိုရောဂါကင်းစင်ပပျောက်အောင် ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၄ ခုနှစ် မတ် ၂၇ ရက်တွင် ပိုလီယိုရောဂါလုံးဝပပျောက်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုခဲ့ကြောင်း။

ယခု ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ဖြစ်ပွားလျက်ရှိသော ကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုး (Type II VPDV) တွေ့ရှိမှုကို ဌာနပေါင်းစုံမှ ဝိုင်းဝန်းဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်များအတွက် လိုအပ်သည့်အုပ်ချုပ်ရေး၊ နည်းပညာ၊ ဘတ်ဂျက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာထွန်းတင်၊ ဒုတိယညွှန်ကြားရေးမှူး(တိုးချဲ့ကာကွယ်ဆေး) ဒေါက်တာထားထားလင်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းတို့က ဆွေးနွေးပြီး တက်ရောက်လာသူများက ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ပစက်ဘီးခရီးစဉ် တာချီလိတ်နယ်စပ်မှ ဝင်ရောက်လေ့လာလည်ပတ်



**တာချီလိတ် နိုဝင်ဘာ ၁၈**

ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်ပမော်တော်ယာဉ်တန်း၊ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးခရီးစဉ်များမှာ ပြည်တွင်းခရီးသွားကုမ္ပဏီများ၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဝင်ပေါက်အသီးသီးမှ အဆက်မပြတ်ဝင်ရောက်လည်ပတ်လျက်ရှိသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပြည်ပလေကြောင်းလိုင်း Nok Air ၏ ကမကထပြုမှု၊ ပြည်တွင်းခရီးသွားကုမ္ပဏီ Myanmar Vega Travels & Tours Co.,Ltd. နှင့် ထိုင်းနိုင်ငံမှ Vega Travel Agency တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ထိုင်းနိုင်ငံသားခရီးသွားဧည့်သည် ၆၀ တို့သည် ပြည်ပအပျော်စီးစက်ဘီး ၃၇ စီးတို့ဖြင့် နိုဝင်ဘာ ၁၀ ရက်က ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတစ်ဆင့် မြန်မာ-ထိုင်း အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်ပေါက်တစ်ခုဖြစ်သော တာချီလိတ်နယ်စပ်ဝင်ပေါက်မှ တာချီလိတ်မြို့သို့ ရောက်ရှိလာခဲ့သည်။

အဆိုပါ ပြည်ပအပျော်စီးစက်ဘီးအဖွဲ့သည် တာချီလိတ်မြို့ရှိ မဟာမြတ်မုနိဘုရား၊ တာချီလိတ်ရွှေတိဂုံဘုရား၊ တာလော့ဈေး အစရှိသည့်နေရာများသို့ စက်ဘီးများဖြင့် လေ့လာလည်ပတ်ခဲ့ကြပြီး ယင်းနေ့တွင်ပင် တာချီလိတ်မြို့မှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ တောတောင်ရေမြေ သဘာဝရှုခင်းများကို ပကတိလေ့လာခံစားနိုင်ရန်၊ နယ်မြေဒေသ အသီးသီးရှိ အထင်ကရခရီးစဉ်နေရာများ၊ ဒေသခံများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့စရိုက်များနှင့် လူနေမှုဘဝပုံစံများကို လေ့လာသိရှိခံစားနိုင်စေရန်အတွက် တစ်နှစ်ထက်တစ်နှစ် များပြားစွာ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❖ရိုးရာမပျက်

နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် မြို့မ (၂) ယိမ်းအဖွဲ့ ဦးဆောင်ကာ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ရည်စူး၍ မဒေါက်မြို့အနီး ပတ်ဝန်းကျင်ရှိကျေးရွာ ၁၁ ရွာမှ အမျိုးသား အမျိုးသမီးတက်ခုတ်တက်ပျံယိမ်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ၏ ကရင်ဒိုးယိမ်းအကအလှများဖြင့် ပါဝင်မည်ဖြစ်ပြီး ညနေ ၆ နာရီ၌ ရောင်စုံမီးကြာခွက် ၁၀၀၀၀ ဖြင့် မီးမျှောပူဇော်ကြမည်ဖြစ်သည်။

ယခုနှစ်တွင် အဆိုပါပွဲတော်ရက်များအတွင်း ယခင်နှစ်ထက်ပိုမိုစည်ကားစေရန် ချောတိုင်တက်ပြိုင်ပွဲ၊ စစ်တောင်းမြစ်အတွင်းကျင်းပမည့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ၊ ပထမတန်းလက်ရွေးစင်များပါဝင်သော ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ အားကစားနည်းများကို ပြိုင်ပွဲတစ်ရပ်အနေဖြင့် ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက် မွန်းတည့် ၁၂ နာရီမှစ၍ ရောက်ရှိလာသူအားလုံးကို စတုဒိသာ အကျွေးအမွေးများနှင့် လှူဒါန်းကုသိုလ်ပြုသွားမည်ဖြစ်၍ မည်သူမဆို လာရောက်စားသုံးနိုင်ရန် စီမံထားပြီး ပျော်ပွဲရွှင်ပွဲများအဖြစ် ဇော်စန်းပွင့်ဇာတ်သဘင်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲနှင့် အထူးအစီအစဉ်အဖြစ် ခြင်းရွဲဝိဇ္ဇာဦးအုန်းမြင့်၊ ခြင်းမင်းသား ရဲမာန်(ရန်ကုန်)၊ ဆွေဆွေမာ ဦးစီးသော ရွှေသဟာခြင်းအဖွဲ့က ခြင်းအလှပြခတ်ကစားခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် ရပ်နီးရပ်ဝေးမှ ဘုရားဖူးများအား ရိုးရာမပျက်ဆင်နွဲကျင်းပမည့် မဒေါက်မြို့၏ တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲသို့ ကြွရောက်ကြည်ညို ကောင်းမှုများပြုလုပ်အားထုတ်နိုင်ကြစေရန် သတင်းကောင်းပါး တိုက်တွန်းရေးသားအပ်ပါသည်။

# စည်းကမ်းမဲ့နှစ်ထပ်ရပ်ထားသောယာဉ်များကို မြို့တော်စည်ပင်မှ ကရိန်းယာဉ်ဖြင့် ဆွဲယူကာ အရေးယူဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း(မြို့တော်ခန်းမဘေး)ပေါ်တွင် စည်းကမ်းမဲ့ယာဉ်နှစ်ထပ်ရပ်နားထား၍ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်နေသည်မှာ ကြာမြင့်နေပြီ ဖြစ်သည်။ ယင်းသို့ ဖြစ်နေသည်ကို ယာဉ်ထိန်းရဲများ လာရောက်ဖမ်းဆီးမှုမပြုနိုင်သော်လည်း မြို့တော်စည်ပင်မှတာဝန်ရှိသူတစ်ဦးက စည်းကမ်းမဲ့ယာဉ်နှစ်ထပ်ရပ်ထားသောယာဉ်များကိုကရိန်းယာဉ်ဖြင့် ဆွဲယူနေသည်ကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီခန့်က **(အောက်ပုံ)** တွေ့ရသည်။ ရုံးဖွင့်သည့်နေ့ရက်တိုင်း စည်းကမ်းမဲ့ယာဉ်နှစ်ထပ်ရပ် လမ်းပိတ်ဆို့ထားသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိကြောင်း ခရီးသွားပြည်သူများက ပြောဆိုနေကြကို သိရသည်။

**(၆၉၀)**



# နိုင်ငံတော်ရသုံးမှန်းခြေ ၂ ဒသမ ၇၄ ထရီလီယံလိုငွေပြ ပြည်ပကုန်သွယ်မှုလိုငွေ ၁ ဒသမ ၈ ထရီလီယံရှိခဲ့သော်လည်း သင့်တင့်မျှတစွာ စီမံကိန်းများအကောင်အထည်ဖော်နိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်ဘဏ္ဍာရေးအရအသုံးမှန်းခြေတွင် စုစုပေါင်း ရငွေမှာ ကျပ် ၁၀ ဒသမ ၃၇ ထရီလီယံဖြစ်ပြီး စုစုပေါင်း အသုံးစရိတ်မှာ ကျပ် ၁၃ ဒသမ ၁၁ ထရီလီယံသုံးစွဲခဲ့သဖြင့် လိုငွေပြမှုမှာ ၂ ဒသမ ၇၄ ထရီလီယံဖြစ်ကြောင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဒုတိယခြောက်လပတ် အစီရင်ခံစာအရ သိရသည်။

အဆိုပါအစီရင်ခံစာကို ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ် အခွန်အကောက်ရငွေသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ်ထက် ကျပ် ဘီလီယံ ၈၇၀ ကျော် လျော့နည်းခဲ့ကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်သည်။

ပြည်ပကုန်သွယ်မှု လိုငွေမှာ ၁ ဒသမ ၈ ထရီလီယံဖြစ်ခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာပြီး ရင်းနှီးကုန်ပစ္စည်းနှင့် လုပ်ငန်းသုံးကုန်ကြမ်းသုံး ပစ္စည်းများတင်သွင်းမှုမှာ သွင်းကုန်စုစုပေါင်း တန်ဖိုး၏ ၇၆ ရာခိုင်နှုန်းခန့်ရှိခဲ့သည်။

ပြည်ပအကူအညီထောက်ပံ့ရရှိမှုတွင် နိုင်ငံတကာအဖွဲ့အစည်းများမှ လုပ်ငန်းပေါင်း ၉၉ ခုအတွက် အမေရိကန်ဒေါ်လာ ၃၁၇ ဒသမ ၇၀ သန်း ရရှိခဲ့ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေး၊ ပို့ဆောင်ရေး၊ စားနပ်ရိက္ခာပံ့ပိုးမှုနှင့် ပညာရေးတို့တွင် အများဆုံးရရှိခဲ့ရာ စုစုပေါင်းတန်ဖိုး၏ ၁၇ ရာခိုင်နှုန်း အမေရိကန် ဒေါ်လာ ၅၄ ဒသမ ၀၁ သန်းခန့် ရရှိခဲ့သည်။

ခြုံငုံသုံးသပ်ပါက ဒုတိယခြောက်လပတ် စီမံကိန်းများ၏ အကောင်အထည်ဖော်မှုမှာ သင့်တင့်မျှတမှုရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ်ထက် အခွန်အကောက်ရငွေ တိုးတက်ရန်မှာ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအပါအဝင် ပြည်သူများကလည်း တိုးမြှင့်ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုပြောကြားခဲ့သည်။ **(ဖိုးသန့်)**

# ကမ္ဘာ့ ဒဿနဗေဒနေ့ (World Philosophy Day)

စိန်မောင်တင်

ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီးက ကမ္ဘာ့ ဒဿနဗေဒနေ့ကို ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်မှ စတင်၍ ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၃)နှစ် ပြည့်တော့ပေမည်။ ဤနေ့ကို ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီးက နှစ်စဉ် နိုဝင်ဘာလ တတိယပတ်၏ ကြာသပတေးနေ့တိုင်း ကျင်းပရန် သတ်မှတ်ထားခဲ့ပါသည်။ ဒဿနဗေဒသည် ကမ္ဘာ့ငြိမ်းချမ်းရေး၏ အခြေခံသဘောတရားများနှင့် တန်ဖိုးများဖြစ်သည့် ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုတို့အား သိရှိနားလည်ကျင့်သုံးလိုက်နာစေရန် အထောက်အကူပြုသောကြောင့် ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီးက ဦးဆောင်ဦးရွက်ပြု၍ ကမ္ဘာ့ဒဿနဗေဒနေ့ကို ကျင်းပလာခဲ့ခြင်းဖြစ်ပါသည်။ ဒဿနဗေဒသည် အထက်ပါစစ်မှန်သော အခြေခံသဘောတရားများကို ခိုင်မာတည်မြဲစေ၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို ပံ့ပိုးကူညီလျက်ရှိပေသည်။

သို့ဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီး၏ ကမ္ဘာ့ဒဿနဗေဒနေ့သည် ဒဿနဗေဒဆိုင်ရာ တွေးခေါ်ဆင်ခြင်မှုများ၏ အရေးပါမှုကို သိမြင်စေပြီး ကမ္ဘာ့လူသားအားလုံး၏ ဒဿနဗေဒဆိုင်ရာ အမွေအနှစ်များကိုတစ်ဦးနှင့်တစ်ဦး မျှဝေဖလှယ်၍ နားလည်မှု တည်ဆောက်နိုင်ရန် အားပေးအားမြှောက်ပြုလုပ်ပေးနေသည်ကို တွေ့ရပေမည်။ ကမ္ဘာ့ဒဿနနေ့ကို ပထမဆုံး ကျင်းပခဲ့သည့် နှစ်ကြိမ်အတွင်း နိုင်ငံပေါင်း ၇၀ ပါဝင်ဆင်နွှဲခဲ့ရာတွင် အာဖရိကတိုက်မှ (၂၅)နိုင်ငံ ပါဝင်ခဲ့ပေသည်။ ထိုစဉ်က ပါဝင်ဆင်နွှဲသည့် ပုဂ္ဂိုလ်အားလုံးသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုများကိုသာ အမှုမထားတော့ဘဲ လူတစ်ဦးချင်းစီ၏ အခန်းကဏ္ဍနှင့် ကမ္ဘာ့လူ့အဖွဲ့အစည်း၏ အနေအထားတို့ကို ဦးစားပေး စဉ်းစားတွေးခေါ်ခဲ့ကာ လူ့အဖွဲ့အစည်းအတွင်း တရားမျှတမှုနှင့် တန်းတူညီမျှမှု (Justice and Equality) ကိုအထူးဂရုပြု၍ ဆွေးနွေးခဲ့ကြပေသည်။ လူ့အဖွဲ့အစည်းများတွင် လူတို့သည် ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တနှုန်းစံများနှင့်အညီ နေထိုင်ကျင့်ကြံမှုရှိ/မရှိကို ဆွေးနွေးသုံးသပ်ခဲ့ကြပေသည်။

ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် Mr.Koichiro Matsuura က ၂၀၀၄ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၌ကျင်းပခဲ့သော ကမ္ဘာ့ဒဿနဗေဒနေ့၌ "ဒဿနဗေဒအတွက် တမ်းတခြင်း" ဟူ၍ ဖော်ပြခဲ့ခြင်းဖြင့် ယနေ့လူသားတို့၏ စဉ်ဆက်မပြတ် ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် ပြဿနာများကိုရင်ဆိုင်ဖြေရှင်းရန် အထောက်အကူပြုနိုင်သည့် ဒဿနဗေဒဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဝင်စားမှု မြင့်မားတိုးတက်လာစေခဲ့ပေသည်။

ကမ္ဘာ့ဒေသအသီးသီးမှ ဒဿနပညာရှင်များနှင့် စိတ်ပါဝင်စားသူများသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အသိအမြင်ချင်းဖလှယ်၍ ပူးပေါင်းကူညီဆောင်ရွက်နိုင်ရန် လက်တွေ့ကျသည့် ပဓာနမဏ္ဍိုင်ကြီးသုံးရပ်ကို ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီးမှ ချမှတ်အကောင်အထည်ဖော်ခဲ့လေသည်။

ပထမမဏ္ဍိုင်သည် ယနေ့မျက်မှောက်ခေတ်တွင် ကြုံတွေ့နေရသော ပြဿနာမေးခွန်းများအား ဒဿနဗေဒဆိုင်ရာခွဲခြမ်းစိတ်ဖြာ စိစစ်ခြင်းနှင့် ဆွေးနွေးသုံးသပ်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ဒုတိယမဏ္ဍိုင်သည် ဒဿနပညာရပ်သင်ကြားမှုကို တွန်းအားပေးဆောင်ရွက်ခြင်းဖြစ်ပါသည်။

တတိယမဏ္ဍိုင်သည် ဒဿနဗေဒဆိုင်ရာ အသိပညာကို ပြန့်ပွားထွန်းကားစေခြင်းနှင့် မြင့်မားတိုးတက်စေခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရသော် ဒဿနပညာရပ်ကို လူသားအားလုံးထံသို့ရောက်ရှိစေ၍ သိရှိနားလည်ကျင့်သုံးနိုင်စေရန် ဖြစ်ပေသည်။ ဒဿနပညာရပ်၏တာဝန်သည် သူ၏လေ့လာမှုနယ်ပယ်ကို ကျော်လွန်တိုးချဲ့၍ အခြားပညာရပ်နယ်ပယ်များအား ကျယ်ပြန့်စွာသိနားလည်စေရန် ဆောင်ရွက်ရမည်ဖြစ်ပေသည်။ ထို့အပြင် လူ့အဖွဲ့အစည်းအားလုံးတွင် စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသော ပြောင်းလဲမှုများနှင့် ကမ္ဘာ့ပြဿနာများကို ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်း၊ အသစ်တစ်ဖန်လေ့လာခြင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်ခြင်းပင်ဖြစ်ပေသည်။



ကမ္ဘာ့ကုလသမဂ္ဂ၏ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီးသည် ယင်း၏ အဓိကလုပ်ငန်းဆောင်တာဖြစ်သော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် ဒဿနဆိုင်ရာ ခွဲခြမ်းစိတ်ဖြာ စိစစ်ခြင်းနှင့် စဉ်းစားတွေးခေါ်ခြင်းတို့၏ အရေးပါမှုကို အလေးထားပေသည်။ အဆိုပါအဖွဲ့ကြီး၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ "ငြိမ်းချမ်းရေးသည် လူသား၏အသိဉာဏ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ သဘောထားကိုက်ညီမှုအပေါ်၌ ပံ့ပိုးကူညီအားဖြည့်ပေးသည်။"

ဒဿနပညာရပ်သည် လူသားများ၏ ခိုင်မာသည့် စည်းလုံးညီညွတ်မှုအတွက် အရေးပါသည့် ကဏ္ဍတစ်ခုအဖြစ် သတ်မှတ်စဉ်းစားနိုင်ပေသည်။ ထို့အပြင် အပြန်အလှန်နားလည်မှု၊ယုံကြည်မှုနှင့် လေးစားချစ်ခင်မှုတို့အတွက် အခြေခံတစ်ရပ်အဖြစ် မှတ်ယူနိုင်သည်။ တစ်ဖန် လူ့ယဉ်ကျေးမှု အဖွဲ့အစည်းများအကြား အပြန်အလှန်ဆွေးနွေးအဖြေရှာရာတွင် တွန်းအားပေးသည့် ပဓာနကျသော ပညာရပ်တစ်ခုဖြစ်ပေသည်။ ယဉ်ကျေးမှုအသီးသီးအကြားရှိမည်သည့်ဆွေးနွေးညှိနှိုင်းမှုမဆို ပြုလုပ်ရာ၌လည်းကောင်း၊ လူ့အဖွဲ့အစည်းများအချင်းချင်း ညှိနှိုင်းပေါင်းစပ်အဖြေရှာရာတွင်လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့် အတူယှဉ်တွဲနေထိုင်ရေးတို့အပေါ်၌ အခြေပြုပေသည်။

ဆွေးနွေးညှိနှိုင်းခြင်း (Dialogue) သည် ဒဿနပညာရပ်အတွက် မရှိမဖြစ်လိုအပ်သည်။ ကမ္ဘာ့ရွာကြီးတွင် ဆွေးနွေးညှိနှိုင်းခြင်းသည် မတူကွဲပြားသော အချက်အလက်များကို လက်ခံစဉ်းစား၍ ပေါင်းစပ်ညှိနှိုင်းအဖြေရှာခြင်းပင်ဖြစ်လေသည်။ Dialogue သည် ပုံမှန်သင်ရိုးပြဋ္ဌာန်းစာအုပ်များ၌ အသေးစိတ်ဖော်ပြခြင်းမရှိပေ။ Dialogue သည် ကျောင်းသားလူငယ်များ၊ ဆရာ ဆရာမများနှင့် လူထုတို့အား လှုံ့ဆော်တွန်းအားပေးခြင်းဖြင့် ကမ္ဘာ့လူ့အဖွဲ့အစည်း အသိုက်အဝန်းအတွက် အငြင်းပွားမှုများ၊ပဋိပက္ခများ၊ ပြဿနာရပ်များ ရင်ဆိုင်ဖြေရှင်းမှုဆိုင်ရာ အခြေခံအုတ်မြစ်ကို ချမှတ်နိုင်ပေသည်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ဒဿနဗေဒနေ့ကျင်းပသည့် အခမ်းအနားသို့ ကမ္ဘာ့ကုလသမဂ္ဂ၏ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် Miss Irina Bokova ပေးပို့သည့် သဝဏ်လွှာ၌ "ကမ္ဘာ့ဒဿနဗေဒနေ့သည် မျက်မှောက်ခေတ်လူ့အဖွဲ့အစည်း၏ လျင်မြန်စွာ ဖြစ်ပေါ်ပြောင်းလဲမှုများကို ထိုးထွင်းသိရှိနားလည်စေနိုင်သည့် ဝေဖန်သုံးသပ်ဆန်းစစ်လေ့လာ စဉ်းစားတွေးခေါ်မှု၏ အရေးပါခြင်းကို အလေးအနက်ထားရန် အခွင့်အလမ်းတစ်ရပ်တို့ ရရှိစေနိုင်လေသည်" ဟူ၍ဖော်ပြခဲ့ပေသည်။

ယူနက်စကိုအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် နိုင်ငံတကာ၌ ကမ္ဘာ့ဒဿနဗေဒနေ့ကို ၂၀၀၂ ခုနှစ်မှစတင်၍ ကျင်းပခဲ့သော်လည်း မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမ၌ စတင်ကျင်းပခဲ့သည်။ နိုင်ငံတကာတွင် ကမ္ဘာ့ဒဿနဗေဒနေ့ အခမ်းအနားများကို တက္ကသိုလ်၊ကောလိပ်များ၌လည်းကောင်း၊ ပြည်သူလူထုများ အကြား၌လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့်ကျင်းပကြသည်။

ယူနက်စကိုအဖွဲ့ကြီး၏ ဖွဲ့စည်းပုံစည်းမျဉ်း၌ ဖော်ပြချက်အရ တစ်ဦးနှင့်တစ်ဦး၏ စဉ်းစားတွေးခေါ်မှုနှင့် ဘဝနေထိုင်မှုသဘာဝများကို မသိနားမလည်မှုသည် ကမ္ဘာ့ပြည်သူများအကြား သံသယပွားများခြင်း၊ ယုံကြည်မှုပျက်ပြားခြင်းတို့ကိုဖြစ်ပေါ်စေသော ယေဘုယျအကြောင်းတရားဖြစ်၍ အဆိုပါကွဲပြားခြားနားမှုများမှတစ်ဆင့် စစ်ပွဲကြီးများဆီသို့ ဦးတည်ရောက်ရှိသွားကြလေသည်။ ၂၁-ရာစုကာလ၌ အထက်ပါဖော်ပြချက်သည် ယူနက်စကိုအဖွဲ့ကြီးက ယဉ်ကျေးမှုများ၏ညီညွတ်မှုရခြင်းဆိုင်ရာ နိုင်ငံတကာဆယ်စုနှစ် (၂၀၁၃-၂၀၂၂) အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းညွှန်မှုအဖြစ် ခံယူပေသည်။ ထိုသို့ ဆောင်ရွက်မှုများ၌ အသုံးပြုသော နည်းလမ်းနှစ်ရပ်ဖြစ်သည့် ဒဿနဆိုင်ရာတွေးခေါ်သုံးသပ်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်းတို့သည် လူငယ်များ၊ ကျောင်းသား ကျောင်းသူများနှင့်ဆရာ ဆရာမများအဖို့ ကမ္ဘာကြီးအား မေးခွန်းထုတ်၍ စူးစမ်းအဖြေရှာစေလျက် တာဝန်သိတတ်သော၊ ပွင့်လင်းသော၊ တက်ကြွစွာပါဝင်ဆောင်ရွက်တတ်သော နိုင်ငံသားများအဖြစ် ကြီးပြင်းလာစေပေသည်။

၂၀၀၈-ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တော်၌ ကျင်းပခဲ့သော (၂၂)ကြိမ်မြောက် ကမ္ဘာ့ဒဿနဗေဒ ကွန်ဂရက်၏ ဥက္ကဋ္ဌ ဖြစ်သူ Professor Peter Kemp၊ ဂုဏ်ထူးဆောင် ဒဿနဗေဒပါမောက္ခက "အကယ်၍ စွမ်းအားဆိုသည်မှာ ယဉ်ကျေးမှုနှင့်နိုင်ငံရေးဆိုင်ရာ လွှမ်းမိုးမှုဟူ၍ဆိုခဲ့လျှင် ဒဿနပညာရပ်သည် ကမ္ဘာကြီးဆိုင်ရာစွမ်းအားပင်ဖြစ်လေသည်။ ကျွန်ုပ်တို့၏ ကမ္ဘာကြီး၌ စစ်ပွဲများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများသည် တိုးပွားများပြားလာနေပေသည်။ သို့ဖြစ်၍ ဒဿနပညာရပ်၏ စွမ်းအားဖြင့် လွတ်လပ်စွာတွေးခေါ်မြော်မြင်မှု၊ ကြီးမားသောတန်ဖိုးများကို လွတ်လပ်စွာဖော်ထုတ်မှု၊ မတရားမှုများကိုလွတ်လပ်စွာ ဝေဖန်သုံးသပ်မှု၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေးနယ်နိမိတ်များကို ကျော်ဖြတ်၍ လွတ်လပ်စွာ ဆွေးနွေးညှိနှိုင်းမှုများကို ဆောင်ရွက်နိုင်ပေသည်။ အတိုချုပ်ဆိုရသော် ဒဿနပညာရပ်သည် နေရာဒေသမရွေး၌ ငြိမ်းချမ်းရေးကိုဖော်ဆောင်လိုသော စိတ်ဆန္ဒအား ထိန်းသိမ်းတည့်မတ်ပေးသော စွမ်းအားအဖြစ် ရပ်တည်လျက်ရှိလေသည်။ အကယ်၍ ဒဿနပညာရပ်သာ မပေါ်ပေါက်ခဲ့လျှင် ကမ္ဘာကြီးရှိ လူသား၏ဘဝသည် အနိဋ္ဌာရုံများဖြင့် ပြည့်လျှမ်းနေသော နေရာဒေသဖြစ်နေပေမည်" ဟူ၍ ၎င်း၏အဖွင့်မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့လေသည်။

ယနေ့ကာလ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီနိုင်ငံတော်ကြီး ပြန်လည်တည်ထောင်နေသည်။ အဆိုပါ ကာလအတွင်း ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ထာဝရငြိမ်းချမ်းရေးကိုဦးတည် မျှော်မှန်းကြိုးပမ်းနေချိန်ဖြစ်ပေသည်။ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် အဖွဲ့အစည်း(၈)ဖွဲ့နှင့် အစိုးရတို့ လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပေသည်။ ကျန်ရှိနေသေးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးနှင့် နိုင်ငံတော်အစိုးရတို့သည် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုကို ဆက်လက်ဆောင်ရွက်၍ အပြီးသတ်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု အခိုင်အမာ ယုံကြည်မျှော်လင့်မိပေသည်။

မြန်မာနိုင်ငံရှိ ဒဿနပညာရှင်များနှင့် ဒဿနပညာရပ်ကို ချစ်မြတ်နိုးသူများသည် အဆိုပါ ပြည်တွင်း ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လိုသော စိတ်ဆန္ဒများပြင်းပြလျက်ရှိနေကြောင်း တင်ပြလိုက်ရပါသည်။ ။

**ဆွေးနွေးညှိနှိုင်းခြင်း (Dialogue) သည် ဒဿနပညာရပ်အတွက် မရှိမဖြစ်လိုအပ်သည်။ ကမ္ဘာ့ရွာကြီးတွင် ဆွေးနွေးညှိနှိုင်းခြင်းသည် မတူကွဲပြားသော အချက်အလက်များကို လက်ခံစဉ်းစား၍ ပေါင်းစပ်ညှိနှိုင်းအဖြေရှာခြင်းပင်ဖြစ်လေသည်။ Dialogue သည် ပုံမှန်သင်ရိုးပြဋ္ဌာန်းစာအုပ်များ၌ အသေးစိတ်ဖော်ပြခြင်းမရှိပေ။**

## နယ်စပ်ကျေးရွာများမီးလင်းရေး ထိုင်းအစိုးရ ကူညီမည်

**ဘန်ကောက် နိုဝင်ဘာ ၁၈**

မြန်မာ- ထိုင်း နယ်စပ်တစ်လျှောက်ရှိ မဲဆောက်-ဖုတ်ဘ မြို့နယ်တို့နှင့်ထိစပ်နေသည့် မြန်မာနိုင်ငံဘက်ကျေးရွာများ၌ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးနှင့် နှစ်နိုင်ငံ နယ်စပ်ကျေးလက်ဒေသများဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ထိုင်းအစိုးရက ဘတ်သန်းပေါင်း ၁၀၀ မတည်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် နှစ်နိုင်ငံနယ်စပ်မြို့နယ်ကျေးလက်ဒေသများတွင် ကျေးရွာများအားလုံး လျှပ်စစ်ဓာတ်အား ၂၄ နာရီ ရရှိနိုင်ရေးကူညီပေးခဲ့ခြင်းသည် နှစ်ပေါင်း ၃၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ ၁၉၆၀ ခုနှစ်ဝန်းကျင်ခန့်က ထိုင်းနိုင်ငံသားများ မြဝတီမြို့မှ ကုန်လှောင်ပွဲရုံများတွင် အလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်ခဲ့ကြရကြောင်း၊ နယ်စပ်ဒေသတစ်လျှောက် ပြည်သူများ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များတွင် နှစ်နိုင်ငံ အပြန်အလှန် ဆက်ဆံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် စက်မှုဇုန်များ တည်ဆောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့်ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း မြေယာတန်ဖိုးမှာ ထိုင်းနိုင်ငံထက် ဈေးသက်သာပြီး လုပ်အားခဈေးချိုခြင်းကြောင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ နှစ်ခြိုက် သဘောကျကြကြောင်း ထိုင်းနိုင်ငံထုတ် Nation News သတင်းများ၌ ဖော်ပြပါရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်**
**စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) လေအေးပေးစက် **(1.5 H.P Split Type)** **88 Nos.**

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁၁-၂၀၁၅ ရက်မှ ၁၁-၁၂-၂၀၁၅ရက်ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၂-၁၂-၂၀၁၅ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီ အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

## လွှတ်တော်ရေးရာ

### ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်းတို့ကို အတည်ပြုမှတ်တမ်းတင်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ ဥပဒေကြမ်းနှစ်ခုနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါသီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်တစ်ခုတို့ကို မှတ်တမ်းတင်ခြင်း၊ ပူးပေါင်းကော်မတီသက်တမ်းတိုးမြှင့်ခြင်းကို အသိပေးခြင်းနှင့် အစီရင်ခံစာနှစ်ခုဖတ်ကြားခြင်းတို့ ဆောင်ရွက်သည်။

အစည်းအဝေးတွင် **သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေ**ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် **ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်း**တို့ကို လွှတ်တော်ကအတည်ပြုမှတ်တမ်းတင်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါသီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်များကို လွှတ်တော်ကမှတ်တမ်းတင်သည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကောင်မတီတို့ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့အသိပေးကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းကဖတ်ကြားပြီး ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်အတွက် အမျိုးသားစီမံကိန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု၊ မေခရိုစီးပွားရေးအခြေအနေ၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရသုံးမှန်းခြေငွေစာရင်းအခြေအနေ၊ ဒေသန္တရစီမံကိန်းများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ အထူးစီးပွားရေးဇုန်များ၊ ပြည်ပအကူအညီ အထောက်အပံ့ရရှိမှုနှင့် ပြည်ပစီးပွားရေးဆက်ဆံမှုများစသည့် ခေါင်းစဉ်များဖြင့် အခန်း(၁၀)ခန်းခွဲ၍ ရှင်းလင်းတင်ပြကြသည်။

အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က ဖတ်ကြားတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းကို တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

### ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဆားငန်ဒဏ်ခံနိုင်ရည်ရှိသော အထွက်ကောင်းစပါးမျိုးများထုတ်လုပ်ခြင်းကို သုတေသနပြုစမ်းသပ်ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **မြန်မာနိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို မထိခိုက်စေရန် မည်ကဲ့သို့အစီအမံများချမှတ်လုပ်ဆောင်နေမှုနှင့် အမျိုးသား ရေသိုလှောင်ရေးလှုပ်ရှားမှု (National Water Harvesting Campaign–NWHC)ကို မည်သို့အကောင်အထည်ဖော်မည်ကို** မေးမြန်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက စိုက်ပျိုးရေးကဏ္ဍအပေါ်သက်ရောက်သည့် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများထိခိုက်ပျက်စီးမှုကို လျော့နည်းသက်သာစေရန်အတွက် လွန်ခဲ့သည့်သုံးနှစ်ခန့်မှ စတင်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး ရေလိုအပ်ချက်နည်းပါးသည့် သက်လျင်စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးစေခြင်း အပါအဝင် အခြားနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဦးအုန်းသန်း



ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်

ရာသီဥတု ဖောက်ပြန်မှုများဖြစ်ပေါ်လာပါက စိုက်ပျိုးရေအခက်အခဲမရှိစေရန်အတွက်လည်း တည်ဆောက်ထားပြီးသော ရေလှောင်တမံနှင့် ရေထိန်းအဆောက်အအုံများ လုံခြုံစိတ်ချရစေရေးအတွက် လိုအပ်ချက်များ ပြင်ဆင်ဆောင်ရွက်ခြင်းအပြင် လိုအပ်သောဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးတွင် အမျိုးသားရေသိုလှောင်ရေးလှုပ်ရှားမှုကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် စီမံချက်များရေးဆွဲ၍ ဆက်လက် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်က **ပင်လယ်ရေငန်ဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးစေ့တစ်မျိုးကို အောင်မြင်စွာ စမ်းသပ်တီထွင်နိုင်ခဲ့ခြင်းဆိုသည်မှာ မှန်ပါသလား။ ၎င်းစပါးမျိုးစေ့၏ အရည်အသွေးအချက်အလက်များကို စုံလင်စွာ သိရှိလိုခြင်းနှင့် ရေငန်ဝင်ရောက်၍ စပါးပျက်စီးရသော မြို့နယ်၊ ဒေသအားလုံးတို့အား အဆိုပါစပါးမျိုးစေ့ကို ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ မေးမြန်းရာ** လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအုန်းသန်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် ဆားငန်ဒဏ်ခံနိုင်ရည်ရှိသော အထွက်ကောင်းစပါးမျိုးများ ထုတ်လုပ်ခြင်းကို အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) နှင့် ထိုင်းနိုင်ငံ ဇီဝနည်းပညာဌာနတို့နှင့် ပူးပေါင်း၍ သုတေသနပြု စမ်းသပ်ထုတ်လုပ်လျက်ရှိပါကြောင်း၊ သုတေသနလုပ်ငန်းများကို ဒေသအလိုက်၊ မျိုးအလိုက် စမ်းသပ်လေ့လာမှု အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဆားငန်ဆင်းသွယ်လတ်စပါးမျိုးနှင့် ၂၀၁၄ ခုနှစ်တွင် ပြည်မြန်မာစိန်ဆိုသည့် ဆားငန်စပါးမျိုးနှစ်မျိုးကို စတင်ဖြန့်ဖြူးခဲ့ပါကြောင်း၊ ၎င်းစပါးမျိုးများအတွက် အခြေခံမိဘမျိုးစေ့ထုတ်လုပ်ခြင်းကို စိုက်ပျိုးရေး သုတေသနဦးစီးဌာန စပါးသီးနှံဌာနခွဲမှ နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ဆင့်ပွားမျိုးစေ့နှင့် မျိုးသန့်မျိုးပွားမျိုးစေ့ထုတ်လုပ်ခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ မြောင်းမြသုတေသနခြံနှင့် သရောင်းချောင်းမျိုးစေ့ခြံ၊ အောက်ကွင်းကြီး မျိုးသန့်ခြံများတွင် မျိုးစေ့အဆင့်ပွားများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းပြီး အဆိုပါဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် နိုဝင်ဘာလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမှုအောက်ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် သုံးရက်မှ လေးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တစ်ရက်မှနှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

ညအပူချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်လျော့နည်းနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

မြူအခြေအနေခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲ၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## ရွှေတိဂုံစေတီတော်ရင်ပြင်၌ ညအိပ်ကုသိုလ်ပြုမည့်သူများ နိုင်ငံသားစိစစ်ရေးကတ်ယူဆောင်လာရန် နှိုးဆော်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလဆန်း ၁၄ ရက်(နိုဝင်ဘာ ၂၅ရက်)နှင့် တန်ဆောင်မုန်းလပြည့်နေ့(နိုဝင်ဘာ ၂၆ ရက်)နံနက် စောစောပိုင်းတို့တွင် ကျင်းပမည့် (၃၁)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ် ကပ်လှူပူဇော်ပွဲ အခမ်းအနားများတွင် ညအိပ်ကုသိုလ်ပြုကြမည့် ဘုရားဖူးပြည်သူများသည် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ကို တစ်ပါတည်း ယူဆောင်လာရန်လိုကြောင်း စေတီတော်ဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားသည်။

**(ကိုချစ်)**

ပြည်တွင်းရေးရာ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် ဥရောပသမဂ္ဂသံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့နံနက် ၉ နာရီတွင် လည်းကောင်း၊ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာရိုလန်ကိုဘီအား**(ယာပုံ)** ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

---

အမျိုးသားလွှတ်တော်အစည်းအဝေး

# နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်း၊ အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ဥပဒေကြမ်း သုံးခု ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် **၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ**ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင်က ယခုကျင့်သုံးနေသည့် အက်ဥပဒေသည် ခေတ်စနစ်နှင့် လျော်ညီခြင်းမရှိသည့်အတွက် ပြည့်တန်ဆာလုပ်ငန်းကို ခေတ်စနစ်နှင့် ကိုက်ညီသည့် ဥပဒေသစ်ရေးဆွဲဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။

ဆက်လက်၍ **နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက နည်းပညာနှင့် သက်မွေးပညာကို ပညာရပ်ပိုင်းဆိုင်ရာကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များတွင် အဓိကထားသင်ကြားခဲ့သော်လည်း ပြည်သူအများစုသည် စိုက်ပျိုးမွေးမြူရေးတွင် မိရိုးဖလာနည်းမှ မထွက်နိုင်သေးသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်း၌ နိုင်ငံသားတိုင်း နည်းပညာ



**ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၈) မှ ဦးရှုမောင်။**



**မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး။**

နှင့် သက်မွေးပညာသင်ယူခွင့်ရရှိရန်၊ အခြေခံပညာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် စာပိုဒ်ကို ဖြည့်စွက်သင့်ပါကြောင်းဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် **အခြေခံပညာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှုမောင်က မူလဥပဒေ၏ အပိုဒ်(၂)တွင် ပါရှိသည့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးသည့်အခြေအနေများ ဖွံ့ဖြိုးတိုးတက်အောင်ဆိုသည့် စကားရပ်ကို စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးသည့်အခြေအနေများဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ပါကြောင်း၊ ယခုဥပဒေကြမ်းတွင် ပြင်ဆင်ဖော်ပြထားသည့် ပံ့ပိုးဆိုသောစကားလုံးကို သင့်လျော်ရာစကားလုံးနှင့် ပြောင်းလဲသုံးစွဲသင့်ပါကြောင်း ဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ဖတ်ကြားတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

---

# မိတ်ဖက်အဖွဲ့အစည်းများအကူအညီဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာ

**ရန်ကုန် နိုဝင်ဘာ ၁၈**

Hanns Seidal Foundation နှင့် ကမ္ဘာ့ဘဏ်တို့၏ ပူးပေါင်းပံ့ပိုးမှုဖြင့် (၅)ကြိမ်မြောက် ခရီးသွားလုပ်ငန်းကဏ္ဍ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးတက်လာခဲ့ပါကြောင်း၊ ဤသို့ ဖွံ့ဖြိုးလာမှုသည် အာရှ ဖွံ့ဖြိုးရေးဘဏ်၊ နော်ဝေအစိုးရ၊ Hanns Seidal Foundation၊ Luxembourg Development၊ JICA၊ IFC၊ CBI၊ Swiss Contact၊ GIZ၊ PFC နှင့် အီတလီနိုင်ငံမှ Florance University စသည့် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီများကြောင့် ဖြစ်ပါကြောင်း၊ ၎င်းအဖွဲ့အစည်းများကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း၊ လူထုအခြေပြု ခရီးသွားလုပ်ငန်း၊ တာဝန်သိသော ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာမူဝါဒများနှင့် သဘာဝအခြေခံခရီးသွား လုပ်ငန်းဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာနယ်ပယ်များတွင် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းများအနက် အချို့မှာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး အချို့မှာ ဆောင်ရွက်ဆဲစီမံကိန်းများ ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် မိမိတို့ဝန်ကြီးဌာနဘက်မှသာမက ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်းများဘက်ကပါ ဆွေးနွေးတင်ပြမှုများ ပြုလုပ်သွားကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းစသည်တို့မှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ခရီးသွားလုပ်ငန်း ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

---

ဓာတ်ပုံ သတင်းမြင်ကွင်း



**ရန်ကုန်ဘူတာကြီးသို့ မရောက်မီအရှိန်ဖြင့်သွားနေသည့် မြို့ပတ်ရထားပေါ်မှ စည်းကမ်းမဲ့စွာ ခုန်ဆင်းနေသူတစ်ဦးကို နိုဝင်ဘာ ၁၈ ရက်က တွေ့မြင်ရစဉ်။**

(ဓာတ်ပုံ-ဇေယျာဝင်း)

---

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဘိန်းခင်းများဖျက်ဆီး

**ဟိုပုံး နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်း ဘိန်းစိုက်ပျိုးသည့် ကျေးရွာများရှိ ဘိန်းခင်းများကို ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းဘိန်းခင်းဖျက်ဆီးရေးအဖွဲ့သည် နိုဝင်ဘာ ၁၁ ရက်မှစတင်ကာ ဖျက်ဆီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်း ဦးစီးသည့် ပူးပေါင်းဘိန်းခင်းများ ဖျက်ဆီးရေးအဖွဲ့သည် နောင်စုံကျေးရွာရှိ အမြင့်နှစ်ပေခန့်နှင့် ရှစ်လက်မခန့်ရှိ ဖူးပွင့်ဆဲဘိန်းခင်းနှင့် ဖွံ့ဖြိုးဆဲဘိန်းခင်းများကို ဖျက်ဆီးခဲ့ကြသည်။ ၂၀၁၅-၂၀၁၆ ခုနှစ် ဘိန်းဖျက်ရာသီတွင် စုစုပေါင်းဘိန်းခင်း ၁၂ ဧကခန့် ဖျက်ဆီးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ဘိန်းခင်းများကိုလည်း ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်သည်။

ယခုနှစ် ၂၀၁၅-၂၀၁၆ ကာလတွင် ဘိန်းစိုက်ပျိုးမှုမှာ ယခင်နှစ် ၂၀၁၄-၂၀၁၅ ခုနှစ်ထက် သိသိသာသာ လျော့နည်းသွားကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဘိန်းစိုက်ပျိုးမှုအခြေအနေမှာ မဖြစ်ထွန်းခြင်း၊ ဘိန်းဖျက်ရာသီတွင်လည်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ဦးဆောင်ပြီး ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ တာဝန်သိပြည်သူများက အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ထိထိရောက်ရောက်ဖျက်ဆီးခဲ့သောကြောင့် ဘိန်းစိုက်ပျိုးမှုပိုမိုလျော့နည်းသွားကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

ပြည်တွင်းရေးရာ

# ဒလမြစ်ကူးတံတားနှင့် မလွတ်ကင်းသည့် အိမ်လေးလုံး လျော်ကြေးငွေရယူဖို့ လက်မှတ်မထိုးသေး

**ရန်ကုန် နိုဝင်ဘာ ၁၈**

ကိုရီးယားမြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရန်ကုန်-ဒလမြစ်ကူးတံတား တည်ဆောက်ရာတွင် တံတားစီမံကိန်းနှင့် မလွတ်ကင်းသည့် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမပေါ်ရှိ နေအိမ် ၆၈ လုံးအနက် လေးလုံးမှာ ပေ (၄၀× ၆၀) ကို ကျပ်သိန်း ၁၃၀၀ ဖြင့် နစ်နာကြေးပေးသည်ကို ယနေ့ သတင်းရေးချိန်ထိ သဘောတူကြောင်း လက်မှတ်ထိုးပေးခြင်းမရှိသေးဟု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်ကပြောသည်။

ဆက်လက်၍၎င်းက "တံတားဦးစီးဌာနကပေ(၄၀×၆၀)ကိုကျပ်သိန်း၁၅၀ ပေးပါတယ်။ ဒီမြေက မြို့မြေဖြစ်တဲ့အတွက် သုံးဆ ကျပ်သိန်း ၄၅၀ ပေးတယ်။ ကရုဏာကြေးအဖြစ် ကျပ်သိန်း ၈၅၀ ဆိုတော့ အားလုံးပေါင်းရင် ကျပ်သိန်း ၁၃၀၀ ဖြစ်ပါတယ်။ ဒါကလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရကိုတင်ပြရာမှ ပြန်ကျလာတာကြောင့် သဘောတူကြောင်း လက်မှတ်ရေးထိုးခိုင်းတာပါ။ လေးအိမ်က ခုထိလက်မှတ်မထိုးပေးသေးပါဘူး။အခုခင်းထားတဲ့လမ်းအလယ်ကနေ တစ်ဖက်တစ်ချက်ကို၁၅ပေခွဲစီလမ်းနယ်အဖြစ် သတ်မှတ်တာပါ။ အဲဒီမှာ တချို့အိမ်တွေက ခုနစ်ပေ မလွတ်ပေမယ့် လုပ်ငန်းခွင်အန္တရာယ်မဖြစ်စေဖို့အတွက် ၁၅ ပေ ယူလိုက်တယ်။ အဲဒီမှာ ရှစ်ပေအတွက် အဆောက်အအုံပါရင် PAE နှုန်းထားအရ တစ်စတုရန်းပေကို တစ်ပေကျပ် ၂၅၀ နှုန်းနဲ့ လေးနှစ်စာငှားရမ်းခ ပေးဦးမှာပါ။ နောက်ဖျက်သိမ်းခ၊ ပြန်လည်တည်ဆောက် စရိတ်တွေကိုလည်း ထပ်ဆောင်းပေးဦးမှာပါ"ဟု ပြောကြားသည်။

အဆိုပါတံတားတည်ဆောက်မည့် ဧရိယာနှင့် မလွတ်ကင်းသည့် နယ်မြေပေါ်ရှိ ဈေးဆိုင်များ၊ ကျူးကျော်ဈေးဆိုင်များကိုလည်း ကျပ်ငါးသောင်းမှ ကျပ် ၁၀ သိန်းအထိ လျော်ကြေးငွေပေးမည်ဟုမြို့နယ်စည်ပင်သာယာရေးကော်မတီဝင်တစ်ဦးက ပြောသည်။

ယင်းလျော်ကြေးငွေပေးရာတွင် အဆောက်အအုံအမျိုးအစားအလိုက် ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကတော့ ရှစ်ပေက အသိမ်းခံရတယ်။ ခုနစ်ပေကတော့ လေးနှစ်အငှားစာချုပ်နဲ့ သူ့တန်ဖိုးအတိုင်းပေါ့။ ရေတွင်းပါတဲ့အတွက် သုံးသိန်းရတယ်။ တစ်ခုကတော့ ကောင်းတယ်။ တံတားကြီးပေါ်က ဆိုတော့ ကျနေကိုကာပြီးသားရတာပေါ့။ တကယ်တော့ အများကောင်းကျိုးအတွက်လုပ်တာပါ။ ကိုယ့်အတ္တကို ရှေ့တန်းမတင်ဘဲ ဆန္ဒတွေလျှော့ကြရင် ကောင်းမယ်ထင်ပါတယ်။ ဒီမိုကရေစီခေတ်ကာလမှာ ၆၈ ဦးမှာ လေးဦးကျန်တာဆိုတော့ အများနဲ့အနည်းလေ"ဟု တံတားမလွတ်ကင်းသည့် အတွက် လျော်ကြေးငွေလက်ခံရန် သဘောတူထားသည့်ဦးတင်မောင်ဝင်းက ပြောသည်။

စီမံကိန်းမလွတ်ကင်းသည့် အထက (၂)၊ အမက(၁၉)နှင့် ကမာကဆစ် အနောက်ကျောင်းတိုက်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ရုပ်ပွားတော်တစ်ဆူကိုလည်း မူလပုံစံမပျက် တံတားဦးစီးဌာနက ပြန်လည်တည်ဆောက်ပေးမည်ဟု ဆရာတော်ဦးဩကထံမှ သိရသည်။

ဗိုလ်မင်းရောင်လမ်း စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော ဌာနဆိုင်ရာများသည်လည်း ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်မည်ဟု သိရသည်။

အဆိုပါတံတားတည်ဆောက်မည့် ရန်ကုန်မြစ်အကျယ်မှာ လေးဖာလုံခန့် ကျယ်ဝန်းပြီး ပင်မတံတားအရှည် ၁၉၃၆ပေ၊ ချဉ်းကပ်တံတား (ရန်ကုန်ဘက်ကမ်း) ၂၀၁၆ပေ၊ ချဉ်းကပ်တံတား (ဒလဘက်ကမ်း) ၂၁၈၂ပေ၊ ဆင်ခြေလျှောတံတားအရှည်(၁၇၂၂ ပေ+၁၆၀၈ ပေ = ပေ၃၃၀၀)၊ ပင်မတံတားအကျယ် (လေးလမ်းသွား) ၈၇ပေ၊ ချဉ်းကပ်တံတားအကျယ် (ဒလဘက်ကမ်း) ၆၈ပေ၊ ရေလမ်းကင်းလွတ်အမြင့် ပေ၁၆၀၊ ရေလမ်းအကျယ် ၅၂၅ ပေ ရှိသည်။

ယင်းစီမံကိန်းအား နိုဝင်ဘာ ၁၆ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ချေးငွေဖြင့် မြန်မာကိုရီးယားချစ်ကြည်ရေး ဒလတံတားတည်ဆောက်ရေးကို စီမံကိန်းကာလ ငါးနှစ်အတွင်း တည်ဆောက်မည်ဖြစ်ပြီး ချေးငွေ အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ ၈၃၃သန်းဖြင့် ကိုရီးယားသမ္မတနိုင်ငံ၏ ကိုယ်စားပြုအဖွဲ့နှင့် ကိုရီးယားဆောက်လုပ်ရေးကုမ္ပဏီမှ ကန်ထရိုက်ယူတည်ဆောက်မည်ဖြစ်သည်။ ယင်းတံတား စီမံကိန်းပြီးစီးပါက ရန်ကုန်မြို့တွင်းလမ်းမှ အဝေးပြေးလမ်းမကြီးအမှတ် (၁)နှင့် ချိတ်ဆက်အသုံးပြုမည်ဟု တံတားဦးစီးဌာနမှ သိရသည်။ ဧရာဝတီတိုင်းဒေသကြီး၏ ဒုတိယထွက်ပေါက်ဖြစ်လာမည်ဟု ဒေသခံတစ်ဦးက ပြောသည်။

**အောင်မင်း (ဒလ)**

○ ကျောဖုံးမှ

ထို့ပြင် များပြားလှစွာသော အင်္ဂလန်ပရိသတ်များကလည်း ပြင်သစ်လက်ရွေးစင်အသင်းကို အားတက်စေမည့် ပြယုဂ်တစ်ခုအဖြစ် ပြင်သစ်အလံများနှင့် ပြင်သစ်အသင်း၏ အထိမ်းအမှတ် တီရှပ်များကိုဝတ်ဆင်ကာ အားပေးခဲ့ကြသည်။

ထို့ပြင် အင်္ဂလန်တိုက်စစ်မှူး ရွန်းနီကလည်း ပါရီမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လေးရက်အကြာတွင် အင်္ဂလန်နိုင်ငံ၏ ဝင်ဘလေကွင်းကြီးထဲတွင် ကျင်းပခဲ့သည့် အင်္ဂလန်နှင့် ပြင်သစ်တို့၏ ချစ်ကြည်ရေးခြေစမ်းပွဲတွင် စည်းလုံးညီညွတ်မှုကိုလည်း ပြသနိုင်ခဲ့သည်ဟု ဆိုသည်။ အဆိုပါပြိုင်ပွဲတွင် ပရိသတ် ၇၁၂၂၃ ဦး လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲများအနက် အင်္ဂလန်အသင်းနှင့် ပြင်သစ်အသင်းတို့၏ ပွဲစဉ် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ဂျာမနီအသင်းနှင့် နယ်သာလန်အသင်းတို့၏ ပွဲစဉ်၊ ဘယ်လ်ဂျီယံအသင်းနှင့် စပိန်အသင်းတို့၏ ပွဲစဉ်နှင့် အီတလီအသင်းနှင့် ပိုလန်အသင်းတို့၏ ပွဲစဉ်များမှာ လုံခြုံရေးအခြေအနေအရ ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဂျာမနီမြေတွင် ယှဉ်ပြိုင်ကစားမည့် ဂျာမနီအသင်းနှင့် နယ်သာလန်အသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲ ဖျက်သိမ်းခဲ့ခြင်းကြောင့် ဝင်ဘလေကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့် ပြင်သစ်အသင်းတို့၏ ပွဲစဉ်တွင် လုံခြုံရေးများတိုးမြှင့်ချထားမှုများ ပြုလုပ်ခဲ့သည်။

တိုက်စစ်မှူး ရွန်းနီက"ဘောလုံးဆိုတာ ကမ္ဘာတစ်ဝန်းက စိတ်ဝင်စားတဲ့ အားကစားတစ်ခုပါ။ အဲဒါကြောင့် အခုလိုမျိုး ပြင်သစ်အသင်းအနေနဲ့ အခက်အခဲတစ်ခုနဲ့ ကြုံတွေ့နေချိန်မှာ အင်္ဂလန်နဲ့ ပြင်သစ် အတူတကွ တက်ညီလက်ညီနဲ့ ရပ်တည်ဖို့လိုပါတယ်"ဟုလည်း ပြောကြားခဲ့သည်။

"အင်္ဂလန်မြေမှာ ကစားခဲ့တဲ့ ခြေစမ်းပွဲမှာ ပြင်သစ်ပြည်သူတွေအတွက် အနိုင်ရလဒ်တစ်ခုကို ဖန်တီးပေးဖို့ ပြင်သစ်လက်ရွေးစင်ကစားသမားတွေ ဆန္ဒရှိခဲ့ကြပါတယ်။ ဒါပေမယ့် ပြိုင်ပွဲဟာ မျှော်လင့်ထားသလိုမဖြစ်ခဲ့ဘဲ ရှုံးနိမ့်ခဲ့ရပါတယ်။ အရာတိုင်းကို ပေးဆပ်ဖို့အသင့်ရှိသလို အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် ကစားဖို့လည်း အသင့်အနေအထားမှာ ရှိခဲ့ကြပါတယ်"ဟု ဆက်ဂ်နာက ပြင်သစ်လက်ရွေးစင်ကစားသမားများကိုယ်စား ပြောကြားခဲ့သည်။

ပြင်သစ်အသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည်ဖြစ်ပြီး လက်ရှိတွင် ယူရို ၂၀၁၆ ပြိုင်ပွဲ ဝင်ခွင့်ရအသင်းများအားလုံး စာရင်းထွက်ပေါ်လာပြီဖြစ်သည်။ ပြင်သစ်အသင်းမှာမူ အိမ်ရှင်အသင်းဖြစ်သည့်အတွက် ယူရို ၂၀၁၆ ပြိုင်ပွဲ ဝင်ခွင့်အလိုအလျောက်ရရှိထားသည့် အသင်းလည်းဖြစ်ပြီး ယင်းပြိုင်ပွဲအား ၂၀၁၆ ခုနှစ် ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

## ကျောက်ထုတ်လုပ်ရေးလုပ်ငန်းခွင်မှ လေယာဉ်တင်ဗုံးသီးဟောင်း တွေ့ရှိ

**တောင်ငူ နိုဝင်ဘာ ၁၈**

တောင်ငူမြို့နယ် ဒိုးသောင်ကျေးရွာအုပ်စု ရေချိုးချောင်းကျေးရွာရှိ ဦးကံချွန်(ခ) ဦးမြင့်စိန်၏ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းတွင် နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီက မြေတူးစက်ဖြင့် ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာမှ အလျား ၃ပေ ၇လက်မ၊ လုံးပတ် ၂ပေ ၁၀လက်မခန့်ရှိ လေယာဉ်တင်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိကြောင်း သတင်းအရ ထုံးဘိုကြီးနယ်မြေ ရဲစခန်းမှူး ရဲအုပ်အောင်ကိုကို ဦးစီးအဖွဲ့သည် စစ်အင်ဂျင်နီယာတပ်မှ ဗိုလ်ဝင်းလွင်အောင် ဦးစီးအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ပြီး ရှင်းလင်းဖျက်ဆီးနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## ပဲခူးဆောင်းဦးမီးလောင်

**ပဲခူး နိုဝင်ဘာ ၁၈**

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် နယ်မြေ(၁၉) မြေတိုင်း(၇/၄) ပေ နှစ်ဆယ်အိမ်တန်းရှိ လူနေထိုင်ခြင်းမရှိသော ၁၂ ပေပတ်လည် ဝါးပိုးတိုင်၊ ထရံကာ၊ တောင်ထန်းမိုး၊ ဝါးကြမ်းခင်း အဆောက်အအုံတစ်လုံး နိုဝင်ဘာ ၁၇ ရက် ညက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ရပ်ကွက်နေတာဝန်သိပြည်သူတစ်ဦး၏ ဖုန်းဆက်သွယ်သတင်းပေးပို့ချက်အရ ပဲခူးမြို့နယ် မီးသတ်တပ်ဖွဲ့မှ မြို့နယ်မီးသတဦးစီးမှူး ဦးဆန်းဦးနှင့် တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့တပ်ကြပ်ကြီးဦးစိုးနိုင်ပါ ၁၀ ဦးတို့သည် မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုမှာ ည ၁၂ နာရီ ၅ မိနစ်တွင် စတင်လောင်ကျွမ်းခဲ့ပြီး ၁၂ နာရီ ၁၅ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ လူမနေသော်လည်း မီးကြွင်းမီးကျန်မှတစ်ဆင့် လောင်ကျွမ်းမှုဖြစ်ကြောင်း ဦးစီးမှူးဦးဆန်းဦးက ပြောသည်။

**မင်းစစ်သူ (ပဲခူး)**

## မြန်မာအသင်း ယှဉ်ပြိုင်မည့် ဗီယက်နမ်ဖိတ်ခေါ် ပြိုင်ပွဲ အုပ်စုပွဲစဉ်အချို့ ရက်ပြောင်းလဲ



သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ဇော်လတ် (MFF)

မြန်မာယူ-၂၁ အသင်းဝင်ရောက်ယှဉ်ပြိုင်မည့် ဗီယက်နမ်ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်အချို့ ကျင်းပမည့်ရက် ပြောင်းလဲခဲ့သည်။ မြန်မာယူ-၂၁ အသင်းသည်ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ပြိုင်ပွဲဝင်မည့်မြန်မာယူ-၂၁ အသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ် အဲရစ်ဝီလျံ၊ လက်ထောက်နည်းပြ ဦးညီညီလတ်၊ ဂိုးနည်းပြ ဦးယဉ်မင်းအောင်၊ အားကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင် (MFF Youth)၊ နောက်တန်း- သိန်းဇော်(ဇွဲကပင်)၊ ထိုက်ထိုက်အောင် (ဧရာဝတီ)၊ နိုင်လင်းထွန်း(မကွေး)၊ နန်းဝေမင်း (ရန်ကုန်)၊ ရဲရင့်အောင်(ရတနာပုံ)၊ စိုးမိုးထွန်း(MFF Youth)၊ အလယ်တန်း -မောင်မောင်စိုး(မကွေး)၊ မျိုးကိုထွန်း (ရတနာပုံ)၊ ရန်နိုင်ဦး (ဇေယျာရွှေမြေ)၊ စွမ်းထက်အောင်(ရန်ကုန်လူငယ်)၊ မောင်မောင်လွင်၊ ကျော်ဇေယျ (ဟံသာဝတီ)၊ လှိုင်မျိုးအောင် (ကမ္ဘောဇ)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ အောင်မိုးသူ(MFF Youth)၊ ရှေ့တန်း- သန်းပိုင်(ရန်ကုန်)၊ ရှိုင်းသူရ (ရတနာပုံ)နှင့် သန်းဇော်ဟိန်း(မကွေး) တို့ပါဝင်ကြသည်။

မြန်မာယူ-၂၁ အသင်းကို နည်းပြချုပ် အဲရစ်ဝီလျံက ကိုင်တွယ်နေပြီး အောက်တိုဘာ ၂၆ ရက်ကတည်းက လေ့ကျင့်မှုများပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာယူ-၂၁အသင်းသည် ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် ရက် ၂၀ ကျော် ရရှိခဲ့ပြီး ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၂၀အသင်း၊ ၂၀၁၆ အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၁၉ အသင်းတို့မှ ကစားသမားအများစု ပါဝင်လာသည်။

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရ မြန်မာယူ-၂၀အသင်းတွင် ပါဝင်ခဲ့သည့် သန်းပိုင်၊ မောင်မောင်စိုး၊ မောင်မောင်လွင်၊ ထိုက်ထိုက်အောင်၊ မျိုးကိုထွန်း၊ ရန်နိုင်ဦးစသည့် ကစားသမားများပါဝင်လာခဲ့သည်။ မြန်မာယူ-၂၁အသင်းသည် ပြိုင်ပွဲအကြိုခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာယူ-၂၁ အသင်းသည် ပထမပွဲတွင် ရန်ကုန်အသင်းကို နှစ်ဂိုး -တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းကိုတစ်ဂိုး-ဂိုးမရှိ ဟံသာဝတီအသင်းကို နှစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ဗီယက်နမ် ယူ-၂၁ အသင်း၊ ထိုင်း ယူ-၂၁အသင်း၊ စင်ကာပူ ယူ-၂၁အသင်း၊ အုပ်စု(ခ)တွင် မြန်မာယူ-၂၁အသင်း၊ ဗီယက်နမ်ကလပ် ဟောင်အန်းဂယ်လိုင် ယူ-၂၁ အသင်း၊ တောင်ကိုရီးယား ယူ -၁၉အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၂၀ရက်မှ ၂၄ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် တောင်ကိုရီးယားယူ-၁၉ အသင်း၊ နိုဝင်ဘာ ၂၄ရက်တွင် ဟောင်အန်းဂယ်လိုင် ယူ-၂၁အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

အုပ်စုတတိယနေရာရအသင်းများ ကစားရမည့် အဆင့် (၅)နေရာလုပွဲနှင့် ဆီမီးပွဲစဉ်(၁)ကို နိုဝင်ဘာ ၂၆ရက်၊ ဆီမီးပွဲစဉ် (၂) ကို နိုဝင်ဘာ ၂၇ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို နိုဝင်ဘာ ၂၉ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် မူလရေးဆွဲထားသည့် ပွဲစဉ်အနေအထားအရ အုပ်စုပွဲစဉ်များကို ပြိုင်ပွဲပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၂၀ရက်တွင် ကစားရမည်ဖြစ်သော်လည်း ပြိုင်ပွဲကျင်းပရေးကော်မတီက ပြောင်းလဲခဲ့၍ နိုဝင်ဘာ ၂၂၊ ၂၄ရက်တို့တွင် ကစားရခြင်းဖြစ်သည်။

# ရှာဖွေတူးဖော် ပျူလူမျိုးတို့ ယဉ်ကျေးမှုထွန်းကားရာ ရှေးဟောင်းဗိသနိုးမြို့တော်

မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနဌာန စတင်ဖွဲ့စည်းပေါ်ပေါက်ချိန်မှစ၍ ပျူလူမျိုးတို့၏ ယဉ်ကျေးမှုထွန်းကားရာ ရှေးဟောင်းပျူမြို့တော်များ ဖြစ်သော ဗိသနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော စသည်တို့ကို ရှာဖွေတူးဖော်၍ ပျူယဉ်ကျေးမှုအဆောင် အယောင်များအား သုတေသနပြုခဲ့ကြရာ ဗိသနိုးမြို့ ဟောင်းအတွင်း ကုန်းအမှတ်(၁၃) မြေလွှာအမှတ်(၂)နှင့် (၃)အကြား မြေအနက် နှစ်ပေနှစ်လက်မတွင် အုတ် အကျိုးအပဲ့များနှင့်အတူ ကြေးဗုဒ္ဓဆင်းတုတော်တစ်ဆူအား ၂၀၀၃ ခုနှစ် ဇွန်လ ၁၁ ရက်တွင် ပထမဦးဆုံး တူးဖော် တွေ့ရှိ၍ သုတေသနပြုနိုင်ခဲ့သည်။

အဆိုပါ ကြေးဗုဒ္ဓဆင်းတုတော်နှင့်အတူ ကြေးခေါင်း လောင်းတစ်လုံး၊ ကြေးဆီမီးခွက်အရွယ်စုံလေးခု၊ ဗုဒ္ဓ ဘာသာဆိုင်ရာသာသနိက ပစ္စည်းများကိုလည်း တူးဖော်တွေ့ ရှိခဲ့ပါသည်။ ယခုတွေ့ရှိရသည့် ကြေးဗုဒ္ဓဆင်းတုတော် မှာခြေနှစ်ဖက်ကိုချ၍ သက်သောင့်သက်သာနေထိုင်တော် မူဟန် (ပရလမ္ဗနသန)ပုံစံဖြစ်သည်။ ဘယ်ဘက်လက် တော်မှာ ညာဘက်ဒူးပေါ်တွင်အုပ်၍ အသာအယာတင် ထားဟန်ရှိပြီး ညာဘက်လက်တော်မှာ ညာဘက်ပေါင်တော် ပေါ်မှ အနည်းငယ်မြင့်တက်လျက် လက်ဖဝါးကို အရှေ့ ဘက်သို့ ဖြန့်၍ လက်ညှိုးနှင့်လက်မကို ကွေးဝိုက်လျက် ထိထားသော (ဝိတက္ကမုဒြာ)ဖြင့်ရှိသည်။ ဝိတက္ကမုဒြာမှာ ပျူခေတ်ဆင်းတုတော်တို့တွင် ထင်ရှားသောမုဒြာဖြစ်၍ တစ်ခါတစ်ရံ လက်တော်နှစ်ဖက်လုံးတွင်လည်း ဝိတက္ကမုဒြာ ဖြင့် သရုပ်ဖော်သွန်းလုပ်လေ့ရှိသည်။

မျက်နှာတော်မှာပြည့်ဖြိုး၍ ပါးတော်များမှာ အနည်း ငယ်ဖောင်းနေသဖြင့် လေးထောင့်ဆန်ဆန်ရှိနေသည်။ နှာခေါင်းတော်မှာ အနည်းငယ်ပွယောင်းယောင်းရှိ၍ နှာတံဖြောင့်စင်းကျနေသည်။ မျက်လွှာတော်ချထားသည်။ နားရွက်တော်မှာရှည်လျားသည်။ အပေါ်ပိုင်းတွင် အနည်းငယ်ကား၍ အောက်ပိုင်းသို့တွဲကာပခုံးတော်နှင့် ထိလုနီးပါးရှိသည်။ လည်ပင်းတော်မှာ တိုတုတ်ခိုင်ခံ့သော သဘောရှိသည်။ ဦးခေါင်းတော်တွင် ဆံတော်များက ခရုပတ်ခွေအလုံးကလေးများ အဖြစ်ရှိသည်။ ရင်အုပ် တော်ကား၍ လက်မောင်းများ၊ လက်ချောင်းများ၊ ခြေတော်များကလည်း တုတ်တုတ်ခိုင်ခိုင်ဖြင့်ရှိနေသည်။

သင်္ကန်းတော်မှာ ညာဘက်ရင်အုပ်အပေါ်ပိုင်းကို ဖော်ထား၍ ညာဘက်ဒူးပေါ်မှ ကျဆင်းလာသောသင်္ကန်း အရေးအနားမှာ အလယ်ပိုင်းသို့ ဝိုက်ဆင်းလာပြီး ဘယ်ဘက်လက်ပေါ်မှတစ်ဆင့် ဘယ်လက်ကောက် ဝတ်ပေါ်အထိ တက်သွားကြောင်း တွေ့ရှိရသည်။ သင်္ကန်းအောက်ခြေအနားတွင် သင်္ကန်းနှစ်ထပ် (သို့မ




ဟုတ်) သုံးထပ်ကို ထပ်နေဟန်အရေးအကြောင်းများဖြင့် သရုပ်ဖော်ထားကြောင်း တွေ့ရှိရသည်။ ဆင်းတုအောက် ခြေပလ္လင်ခုံကိုမူ မတွေ့ရှိရပါ။ ဆင်းတုတော်မှာ ညာဖက်တော် အမြင့် ငါးလက်မခွဲ၊ ကိုယ်အတိုင်းအတာအကျယ် နှစ် လက်မခွဲရှိသည်။ တူးဖော်တွေ့ရှိစဉ်ကြေးညှိများ အလွန် ထူထပ်စွာကပ်ငြိနေကြောင်း တွေ့ရှိရသည်။ ထိုကြေး ဗုဒ္ဓဆင်းတုတော်မှာ အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဆင်းတုတော်တို့၏ ပုံစံ လွှမ်းမိုးမှုရှိသော်လည်း ပျူတို့၏ ပြည်တွင်းဖြစ် အနု ပညာလက်ရာအစစ်ဖြစ်ကြောင်း ထင်ရှားသည်။

ထိုကြေးဗုဒ္ဓဆင်းတုတော်၏ အရှေ့ဘက် ငါးပေခန့် အကွာတွင် ပုစွန်တုပ်ကွေးပါဝင်သော အမြင့်သုံးလက်မရှိ ကြေးခေါင်းလောင်းငယ်တစ်ခုကိုလည်း တူးဖော်ရရှိခဲ့ သည်။ ထိုကြေးခေါင်းလောင်းငယ်မှာ အနည်းငယ် အက်ကွဲကျိုးပဲ့လျက်ကြေးညှိများ ထူထပ်စွာတက်လျက်ရှိ သည်။ ခေါင်းလောင်းပုံသဏ္ဌာန်မှာ အလွန်ရိုးစင်းသော ပုံစံဖြစ်သည်။

ထိုခေါင်းလောင်း၏ အောက်ခြေမှ အရွယ်အစား မတူသော ကြေးဆီမီးခွက်ငယ်လေးခုကိုလည်း တူးဖော် တွေ့ရှိခဲ့သည်။ ထို့ပြင် ကုန်းအမှတ်(၁၃)အတွင်း ပလ္လင်ခုံ ၏ အရှေ့တောင်ဘက်နှင့် အနောက်ဘက်ထောင့်များမှ မြေမီးဖုတ် ကနုတ်ပန်းခက်များကို တွေ့ရှိရပါသည်။ မြေမီး ဖုတ် ကနုတ်ပန်းခက်များမှာ သေးငယ်သော်လည်း ပန်းပွင့်ပန်းခက်များကို အချိုးအစားကျနစွာ သရုပ်ဖော်ပြု လုပ်ထားနိုင်ကြောင်း တွေ့ရှိရသည်။

ထိုကနုတ်ပန်းများနှင့်အတူ မြေမီးဖုတ်ရုပ်တုသဏ္ဌာန် အပိုင်းအစများကိုလည်း ပျက်စီးကြေမွသောအပိုင်းအစ များအဖြစ်တွေ့ရှိရာ ထိုကနုတ်ပန်းခက်များမှာ ရုပ်တုမှ ပြုတ်ထွက်လွင့်စဉ်လာသော အပိုင်းအစများ ဖြစ်ဟန်တူ သည်။ ထို့အပြင် မြေဆွဲသီးနှင့် မြေရုပ်ဒိုးပြားအချို့ကို လည်း တူးဖော်ရရှိခဲ့သည်။ ကုန်းအမှတ်-၂၀မှ ခွေလိပ် ၍ပြုလုပ်ထားသောမြေကရွတ်ခွေငယ်နှစ်ခုကိုရရှိခဲ့သည်။

ဗိသနိုးမြို့ဟောင်းသည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အနောက်ဘက် ၁၂ မိုင်အကွာ မကွေး-တောင်တွင်းကြီး ကားလမ်းမပေါ်တွင် တည်ရှိ သည်။ မြောက်လတ္တီတွဒ် ၁၀ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၂၃ ဒီဂရီ အကြားတွင်တည်ရှိပြီး မြို့အကျယ် အဝန်းမှာ ၃ ဒသမ ၃ စတုရန်းမိုင်ရှိသည်။ ပင်လယ် ရေမျက်နှာပြင်အထက် ပေ ၄၅၀ အမြင့်တွင် တည်ရှိသည်။ မြို့ရိုးမှာ လေးထောင့်မကျတကျပုံစံရှိ၍ အနောက်ဘက် မြို့ရိုးမှာ ရေတိုက်စား၍ပြိုပျက်သွားသဖြင့် မြို့ရိုးအကြွင်း အကျန်အနည်းငယ်ကိုသာ တွေ့ရှိနိုင်တော့သည်။ ရှေးဟောင်းတရုတ်မှတ်တမ်းမှ လင်ယန်(Lin-Yang) နိုင်ငံမှာ ဗိသနိုး မြို့ဟောင်းကို ညွှန်းဆိုပါသည်။ ဗိသနိုးမြို့ဟောင်းသည် ခရစ်မပေါ်မီ ၂ ရာစု (2nd century B.C) ကပင် တည်ထောင်ပြီးဖြစ်ကြောင်း ခန့်မှန်းရသည်။

ဗိသနိုးမြို့ဟောင်းကို ၁၉၀၅ ခုနှစ်ကပင် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနက မြို့ဟောင်းတောင်ဘက်ရှိ ကုန်းငယ်နှစ်ခုကို ရှေးဦးစွာ သုတေသနတူးဖော်မှုပြုလုပ် ခဲ့သည်။ ထို့နောက် ၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ရှေးဟောင်းကုန်းပေါင်း ၂၅ ကုန်းကို တူးဖော်၍ ရှေးဟောင်းသုတေသနညွှန်ကြားရေးမှူး ဦးအောင်သော်က ဗိသနိုးမြို့ဟောင်းတူးဖော်မှုအစီရင်ခံစာ (Report on Excavation at Beikthano)ကို အင်္ဂလိပ်၊ မြန်မာနှစ် ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ ထို့ပြင် ၁၉၉၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း ရှေးဟောင်း သုတေသနဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ကုန်းပေါင်း ၁၁ ကုန်းကို ကြိုးကြားကြိုးကြား သုတေသန ပြုတူးဖော်ခဲ့ကြသည်။

၂၀၀၃ ခုနှစ်တွင် ပုဂံမြို့ ရှေးဟောင်းသုတေသနဦးစီး ဌာနခွဲ၊ သုတေသနနှင့် လေ့ကျင့်ရေးဌာနစိတ်မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းလွင်ဦးဆောင်သော ရန်ကုန်၊ မန္တလေးနှင့် ပုဂံဒေသများမှအရာရှိနှင့် အမှုထမ်းများပါဝင် သော ရှေးဟောင်းသုတေသနတူးဖော်မှုအဖွဲ့ငယ်များက ဗိသနိုးမြို့ဟောင်းအတွင်း ဇွန် ၁ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ရှေးဟောင်းကုန်းပေါင်း ၁၀ ကုန်းကို သုတေသနပြုတူးဖော်ခဲ့ကြသည်။ ထို့ကြောင့် ဗိသနိုး မြို့ဟောင်းအတွင်း ရှေးဟောင်းကုန်း ၄၈ ကုန်းကို သုတေသနတူးဖော်မှုများ ပြုလုပ်ပြီးစီးခဲ့ကြောင်း သိရ သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မော်ကွန်းဝင် ဒုတိယဆင့်ရ ပန်းချီဆရာကြီး ဦးစန်းလှိုင် တစ်ကိုယ်တော်ပန်းချီပြပွဲ ပြုလုပ်

**ကိုယ့်လူမျိုးကိုချစ်လို့ ချမ်းသာစေချင်လို့ လွတ်လပ်ရေးအတွက် အသက်တွေစတေးခဲ့ကြတာ။ တိုင်းပြည်ကိုချစ်တဲ့ သူတွေဆိုတာ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်တန်ဖိုးထားကြတယ်။ အခုပြောင်းလဲလာတဲ့ခေတ်မှာ အမျိုးသားယဉ်ကျေးမှု စိတ်ဓာတ်တွေကျနေတယ်။ ဗမာစာပေတွေ ပျောက်လာပြီ။ ကျွန်တော်က ကျွန်နှစ်ခုကြားထဲမှာ မွေးခဲ့ရတော့ ဝံသာနု စိတ်ဓာတ်က တော်ရုံတန်ရုံနဲ့ ဖျောက်လို့မရဘူး။ ပန်းချီရေးရင်လည်း ဘယ်လောက်ရေးရေး မြန်မာမှု၊ မြန်မာဟန် ရှိရမယ်။ မရှိရင် ဒီပန်းချီက ဘာပန်းချီလဲ။ ကျွန်တော့်ပန်းချီ တစ်ခုချင်းဆီကို သေချာကြည့်ပါ။ မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော်ပေးထားတာတွေ့ရမယ်။**

**(မြန်မာ့လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်ရ ပန်းချီဆရာကြီး ဦးစန်းလှိုင်)**



မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး ဂုဏ်ထူးဝင်ပန်းချီဆရာကြီး ဦးစန်းလှိုင် တစ်ကိုယ်တော်ပန်းချီပြပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Strand Hotel ၌ ပြုလုပ်ခဲ့သည်။ အဆိုပါပြပွဲကို 1st Milcky Way နှင့် Myan Tour Travel ကုမ္ပဏီ လီမိတက်မှ ဦးဆောင်ကျင်းပခြင်း ဖြစ်ပြီး ပြပွဲတွင် ဆီဆေးပန်းချီကား ပေါင်း ၁၁၀ ကျော်ကို ပြသထားသည်။

ပြပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ 1st Milcky Way နှင့် Myan Tour Travel ကုမ္ပဏီလီမိတက်မှ ကိုမျိုးသော်က "ဒီပြပွဲမှာရှိတဲ့ ပန်းချီ ကားအားလုံးကို မရောင်းပါဘူး။ ပန်းချီကားတွေကို ပြတိုက်ဖွင့်ပြီး ထိန်းသိမ်းထားမှာပါ။ မြေးတစ်ယောက် ဖြစ်နေလို့ အဘိုးရဲ့ ပန်းချီလက်ရာ တွေကို ထိန်းသိမ်းတာဟာ ကျွန်တော် တို့အတွက်မှ မဟုတ်ပါဘူး။ နောင်လာ နောက်သား မျိုးဆက်သစ်တွေအတွက် မြန်မာမှု၊ မြန်မာဟန် အစစ်အမှန် ဆိုတာကို ထားခဲ့ပြချင်တာရယ်၊ နိုင်ငံခြားသားဧည့်သည်တွေ အမြင်မှာ မြန်မာ့ပန်းချီလက်ရာတွေက အဆင့် မနိမ့်ဘူးဆိုတာကို ပြသချင်တာရယ် ကြောင့်ပါ"ဟု ပြောသည်။

ယခုအချိန်တွင် အသက်(၉၄)နှစ် ရှိပြီဖြစ်သည့် ဆရာကြီးဦးစန်းလှိုင် သည် နိုင်ငံနှင့်လူမျိုးကို လေးစား ချစ်ခင်သူဖြစ်သလို မြန်မာ့ယဉ်ကျေးမှု အနုပညာကိုလည်း မြတ်နိုးတန်ဖိုးထား သူဖြစ်သဖြင့် သူဖန်တီးရေးဆွဲထား သည့် ပန်းချီကားများတွင် မြန်မာ့ အငွေ့အသက်များ လွှမ်းခြုံလျက်ရှိ သည်။ ယင်းပန်းချီကားများတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ များ၊ မြန်မာ့ရိုးရာဓလေ့ထုံးစံများ၊ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံ များ၊ ယဉ်ကျေးမှုအနုပညာများ အားလုံးပါဝင်နေသည့်အပြင် ဗုဒ္ဓဝင် နိပါတ်တော်များ၊ ကျေးလက်ရှုခင်းများ စသည်တို့ပါ အကြောင်းအရာ စုံလင် အောင် စုတ်ချက်သထားသည်ကို တွေ့ရသည်။

ယင်းပန်းချီကား များစွာထဲကမှ 'လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရား ပေါင်း'ဟူသည့် စာဆိုကို သတိရမိစေ သည့် ပန်းချီကားကတော့ အာနန္ဒာ ဘုရားကြီးကို နောက်ခံတွင် ဝိုးတဝါး ရေးထား၍ ဘုရားပွဲသို့ စီတန်းပြီးဝင် လာနေကြသည့် ပေါင်းမိုးနှင့်နွားလှည်း များကို အဓိကသရုပ်ပြ ဖန်တီးရေးဆွဲ ထားခြင်းဖြစ်သည်။

ထို့အပြင် ဆရာကြီးသည် တော်လှန်ရေးကာလတွင် ကိုယ်တိုင် လက်နက်ကိုင် တိုက်ခိုက်ခဲ့သူဖြစ်၍ ဖက်ဆစ်ဂျပန်ကို တော်လှန်သည့် ပန်းချီကားများ၊ အင်္ဂလိပ်ကို တိုက်ခိုက်သည့် ပန်းချီကားများ စသည့် တိုက်ပွဲဝင်ကားများကို ဖန်တီးရေးဆွဲရာတွင်လည်း လူ တစ်ယောက်ချင်းစီ၏ သရုပ်ကို ပေါ်လွင်အောင် အသေးစိတ်ရေးဆွဲ နိုင်သူဖြစ်သည်။ကျောင်းသားသပိတ် အရေးတော်ပုံများ၊ တောင်သူ လယ်သမား အရေးတော်ပုံများ စသည့် ပန်းချီကားများကိုလည်း သူ့ စရိုက်နှင့်သူ ပေါ်လွင်အောင် ဖန်တီး နိုင်ခဲ့သည်။

ယင်းအပြင် တိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာဓလေ့ ထုံးစံကို အသေးစိတ်စုတ်ချက်များဖြင့် အဓိကထားရေးဆွဲပြီး လူမျိုးစုတို့၏ သဘာဝပတ်ဝန်းကျင်နှင့် ဒေသန္တရ အလှအပကို ပေါ်လွင်အောင် ဖန်တီး ပြသထားသည့် ပန်းချီကားကိုလည်း တွေ့နိုင်သည်။

ယင်းပြပွဲတွင် မြန်မာ့လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့်ရပန်းချီ ဆရာကြီး ဦးစန်းလှိုင်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် ဦးမင်းကိုနိုင်တို့က အမှာ စကားပြောကြားပြီး ပန်းချီပညာရှင် များ၊ ဖိတ်ကြားထားသော ဧည့်သည် များ၊ မီဒီယာအသီးသီးမှ တာဝန်ရှိသူ များ တက်ရောက်ခဲ့သည်။ ပန်းချီပြပွဲ ကို နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက် တို့တွင် Strand Hotel ပန်းချီပြခန်း၌ ပြခဲ့သည်။

ဦးစန်းလှိုင်သည် ဆေးဆိုးပန်းရိုက် သရက်ထည်များ၊ အလှကုန်တံဆိပ် များ၊ ကြော်ငြာဒီဇိုင်းပိုစတာကြီးများ ရေးဆွဲခဲ့သလို ပန်းချီပြပွဲများတွင် လည်း ဝင်ရောက်ပြသခဲ့သည်။ နိုင်ငံ ကိုယ်စားပြုတံဆိပ်များ၊ လွတ်လပ်ရေး နှင့်ဆိုင်သော တံဆိပ်များ၊ အလုပ် သမားတံဆိပ်များ၊ လယ်သမားတံဆိပ် များ၊ လူငယ်ဆိုင်ရာ တံဆိပ်များကို ရေးဆွဲပေးခဲ့သည်။ အထူးခြားဆုံးမှာ နိုင်ငံတော်အလံကို ဒီဇိုင်းဖော်ရေးဆွဲခဲ့ ခြင်းပင်ဖြစ်သည်။ လွတ်လပ်ရေး သမိုင်းဝင် ပန်းချီကားများစွာကိုလည်း ရေးဆွဲခဲ့ရာ တပ်မတော်စစ်သမိုင်း ပြတိုက်၌ ချိတ်ဆွဲပြသထားခြင်းခံရ သည်။

**သတင်း- ခင်ဇာလီ**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

## ဘော်ကြိုကျေးရွာတွင် ဂန္ဓကုဋိတိုက်တည်ဆောက်ရန် မြေတူးရာမှ ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်များတွေ့ရှိ

**သီပေါ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါ မြို့နယ် ဘော်ကြိုကျေးရွာတွင် လွန်ခဲ့ သည့်နှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီးတည်ထား ကိုးကွယ်ခဲ့သော ရှေးဟောင်း သမိုင်းဝင် ဘော်ကြိုဘုရား ပုရိဝုဏ် အတွင်း ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းရှိ ဂန္ဓကုဋိတိုက်တည်ဆောက် ရန် မြေတူးဖော်ရာမှ ဇူလိုင် ၂၃ ရက် တွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ၃၅၀ ကိုလည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ဗုဒ္ဓရုပ်ပွားတော် ၅၆ ဆူကို လည်းကောင်း တူးဖော်ရရှိ သဖြင့် ကျောင်းတိုက်ယာယီ စံကျောင်းတော်၌ အပူဇော်ခံထားရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ ဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

ယဉ်ကျေးမှုအမွေ ထိန်းသိမ်းစို့လေ

# ငမိုးရိပ်ချောင်းကူး သုနန္ဒာတံတား တည်ဆောက်ရေးလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် ပုံကျဈေးသည်များအား နေရာပြောင်းရွှေ့ပေး



**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်သို့ ဖြတ်သန်းစီးဆင်းနေသော ငမိုးရိပ်ချောင်းတစ်ဖက်ကူး သုနန္ဒာတံတားတစ်စင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တည်ဆောက်လျက်ရှိရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် တံတားခြေရင်းရှိ ကြိုးတံတားဈေးမှ လမ်းနယ်ကျူးပုံကျဈေးသည်များအား စနစ်တကျပြောင်းရွှေ့ပေးကြောင်း နိုဝင်ဘာ ၁၇ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်က ပြောကြားသည်။

"သုနန္ဒာတံတားကြီးကို တည်ဆောက်နေတော့ စက်ယန္တရားကြီးတွေက အဝင်/အထွက်ရှိနေတယ်။ ဒါကြောင့် လုပ်ငန်းခွင်မှာ မတော်တဆထိခိုက်မှုတွေ မဖြစ်ပေါ်အောင် ပုံကျဈေးသည်တွေကို စနစ်တကျကြိုတင်ဖယ်ရှားထားတာပါ"ဟု ၎င်းက ပြောသည်။

ယခုအခါ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ဘက်ခြမ်းတွင် တံတားချဉ်းကပ်လမ်း တံတားခုံဆောက်ရွက်နေရာ လမ်းနယ်ကျူးပုံကျဈေးသည်များ တစ်ခါတစ်ရံ ထိခိုက်မှုများမဖြစ်ပေါ်စေရန် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဈေးသည်များအား အမှတ် (၅၀) ရပ်ကွက်ရှိ ယခင်အမှတ် (၈) ဈေးမြေနေရာတွင် စနစ်တကျအကွက်ရိုက်၍ ပြောင်းရွှေ့ပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

"စည်ပင်သာယာက စနစ်တကျ ပြောင်းရွှေ့ပေးထားတာပါ။ စပြီးပြောင်းတဲ့နေ့က အတော်ကသီလင်တဖြစ်သွားတယ်။ အခုတော့ အထိုင်ကျသွားပြီလေ။ ဝယ်နေကျဖောက်သည်တွေကလည်း ရောင်းတဲ့နေရာကို သိသွားပြီဆိုတော့ အဆင်ပြေပါတယ်"ဟု ဈေးသည်တစ်ဦးက ဆိုသည်။

အဆိုပါ ကြိုးတံတားဈေးသည် ညနေပိုင်းဈေးဖြစ်ပြီး မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ ဒေသခံများမှီခိုအားထားသော ဈေးဖြစ်သည်။ အထူးသဖြင့် ဒေသထွက်ကုန်နှင့် တောဈေးသည်များ လာရောက်ရောင်းဝယ်ကြသဖြင့် ဈေးနှုန်းချိုသာမှုကြောင့် အိမ်ရှင်မများ သဘောကျပြီး နေ့စဉ်စည်ကားသော ဈေးဖြစ်ကြောင်း သိရသည်။ **(မောင်သုည)**



# မင်္ဂလာတောင်ညွန့်မြို့နယ်၌ လမ်းသားတိုးချဲ့ခြင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၈**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ဗညားဒလလမ်း(သိမ်ဖြူလမ်းမှစက်ရုံလမ်းထိ)ဝဲယာတို့တွင် လမ်းသားတိုးချဲ့ခြင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၈ ရက်က အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

"ဗညားဒလလမ်းကို သိမ်ဖြူလမ်းဆုံကနေပြီး စက်ရုံလမ်းဆုံထိ ပေ ၂၇၅၀ ရှိပါတယ်။ လမ်းရဲ့ဝဲ၊ ယာမှာရှိတဲ့မြေပိုတွေကို စနစ်တကျတူးပြီး ကွန်ကရစ်အစားထိုးခင်းပေးတာပါ။ အကျယ်ကတော့ တချို့နေရာမှာ ၁၅ ပေနဲ့ တချို့နေရာမှာ ဓာတ်မီးတိုင်တွေနဲ့ မလွတ်တော့ ၁၄ ပေ ချဲ့ပေးရပါတယ်။ ဒုကခုနစ်လက်မဖြစ်ပြီး စက်တင်ဘာလကနေ ယနေ့အထိ ၈၀ ရာခိုင်နှုန်းထိ ပြီးစီးပါပြီ။ ဒီလိုလမ်းချဲ့ပေးတဲ့အတွက် ယာဉ်ကြောကျပ်တည်းမှုနဲ့ လမ်းပန်းဆက်သွယ်ရေးတွေ ပိုမိုကောင်းမွန်လာစေမှာပါ"ဟု မြို့နယ် လမ်းတံတားတာဝန်ခံ အင်ဂျင်နီယာဌာနစုမှူး ဦးသန်းဟုတ်က ပြောသည်။

အဆိုပါ ဗညားဒလလမ်းသည် မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်သဖြင့်ယာဉ်မောင်းများနှင့် ခရီးသွားများ နေ့စဉ်အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း၊ လမ်းဘေးဝဲ၊ ယာတွင်စည်းကမ်းမဲ့ ယာဉ်ရပ်နားမှုများကြောင့် ယာဉ်သွားလမ်းကျဉ်းမြောင်းကာ ပိတ်ဆို့မှုများဖြစ်ပေါ်ရပြီး ယခုလို လမ်းသားချဲ့ပေးသည့်အတွက် သွားလမ်းသာလို့ လာလမ်းဖြောင့်ဖြူးပြီဖြစ်သဖြင့် ကျေးဇူးတင်ကြောင်း (၃၉) အထူးယာဉ်မောင်းတစ်ဦးက ပြောသည်။ **(၁၉၇)**

# ဒေသတွင်း သွားလာရေးအဆင်ပြေစေရန် ကြိုးတံတားဖြတ်သန်းမှု ကန့်သတ်ချိန် ပြင်ဆင်ပြောင်းလဲ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ကို ဖြတ်သန်းစီးဆင်းနေသော ငမိုးရိပ်ချောင်းဖြတ်ကူးကြိုးတံတားကို အကြီးစားပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေသဖြင့် ညနေ ၄ နာရီမှ နံနက် ၉ နာရီအတွင်း တံတားဖြတ်သန်းခွင့်ပိတ်ထားမည်ဟု ယခင်ရက်ပိုင်းက ကြေညာထားသော်လည်း ဒေသတွင်းနေထိုင်သူများ သွားလာရေးအခက်အခဲမဖြစ်စေရေးအတွက် တံတားဖြတ်သန်းခွင့်ကန့်သတ်ချိန်ကို ပြင်ဆင်ပြောင်းလဲသတ်မှတ်ထားကြောင်း ကြိုးတံတားအနီးနေထိုင်သူတစ်ဦးက ပြောဆိုသည်။

"တံတားဖြတ်သန်းခွင့်အချိန်ကို ပြင်ဆင်ပြောင်းလဲလိုက်တာ ကောင်းပါတယ်။ နို့မို့ဆိုရင် ကျောင်းသားကျောင်းသူတွေ ကျောင်းသွားကျောင်းပြန် အခက်အခဲရှိတယ်။ စက်ရုံအလုပ်ရုံက အလုပ်သမားတွေ၊ ရုံးဝန်ထမ်းတွေလည်း အလုပ်သွားအလုပ်ပြန်အခက်အခဲရှိတယ်"ဟု မြောက်ဥက္ကလာပ စက်မှုဇုန်တွင် အလုပ်ဆင်းနေသော အလုပ်သမားတစ်ဦးက ပြောသည်။

ယခုအခါ သက်ဆိုင်ရာက ဒေသတွင်းနေထိုင်သူများ သွားလာရေး အဆင်ပြေစေရေးအတွက် တံတားဖြတ်သန်းခွင့် ကန့်သတ်ချိန်ကို ပြောင်းလဲပြင်ဆင်၍ ညနေ ၄ နာရီမှ နံနက် ၉ နာရီအထိဟူသောစာသားအစား ည ၁၀ နာရီမှ နံနက် ၄ နာရီအထိဟု ပြင်ဆင်ရေးသား၍ ကြိုးတံတားထိပ်တွင် အောက်ခံအနီရောင်ပေါ်၌ အဖြူရောင်စာသားဖြင့် ထင်ထင်ရှားရှား အသိပေးထားသည်ကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရသည်။ **(မောင်သုည)**

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်းဝင်မည့် ယာဉ်တန်းများကြောင့် ဘုရင့်နောင်လမ်းမကြီးပေါ် ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း အဝင်/အထွက်ပြုသည့် ယာဉ်များအား ထိရောက်သော လမ်းညွှန်အရေးယူမှုနည်း၍ ဘုရင့်နောင်လမ်းမကြီးပေါ် ဖြတ်သန်းမောင်းနှင်နေသောယာဉ်များ အခက်အခဲဖြစ်ပေါ်ခဲ့ရသည်။

အထူးသဖြင့် ပွဲရုံနှင့်ဘုရင့်နောင်ကားပစ္စည်းဈေးတို့မှ အလုပ်ပြန်သည့် မြို့တွင်းနှင့် သမိုင်းလမ်းဆုံဘက်သွားရန် လိုင်းကားစီးမည့်သူများ၊ သက်ကြီးရွယ်အိုနှင့် အမျိုးသမီးများပါ ကားမှတ်တိုင်သုံးတိုင်ကြားခရီးကို လမ်းလျှောက်သွားလာနေသည်ကို ညနေပိုင်းနှင့် ညဦးပိုင်းတွင် မြင်တွေ့ရသည်ဟု ယင်းမှတ်တိုင်အနီး ဈေးရောင်းသူများက ဆိုသည်။

ပွဲရုံဝင်းအတွင်းသို့ အဝင်/အထွက်ပြုလုပ်သည့် ဝင်ပေါက်နှင့်ဘုရင့်နောင်လမ်းမဆုံရာတွင် ပွဲရုံဝင်းအတွင်း ဝင်/ထွက်ယာဉ်တန်းများ ပိတ်ဆို့နေရာယူမှုများရှိသော်လည်း ယာဉ်ဝင်ခွင့်ကောက်ခံသူများကသာ ရှင်းနေသည်ကို မြင်တွေ့ရသည်။ ဝင်ခွင့်ကောက်ခံသည့်သူများဖြစ်သဖြင့် ပိတ်ဆို့မှုကို ထိရောက်စွာဖြေရှင်းမှုအားနည်း၍ လမ်းမကြီးပေါ် ဖြတ်သန်းသွားလာသောယာဉ်များ ရပ်ထားရသည်ကို နေ့ဘက်၊ ညဘက်တွင်ပါ မြင်တွေ့ရမှုရှိလာသည်။ လမ်းကူးသူများသည် ယာဉ်တန်းများအကြား ဖြတ်သန်းသွားလာနေရသည်မှာ စိုးရိမ်ရဖွယ်ရှိသည်ဟု ယာဉ်ပိုင်ရှင်အချို့က ဆိုသည်။

ပွဲရုံဝင်းအတွင်း ယာဉ်ပိတ်ဆို့မှုဖြစ်တိုင်း အနေးယာဉ်ဆိုက်ကား၊ စက်ဘီး၊ လက်တွန်းလှည်းများ ဝင်ငွေပိုမိုရရှိသည်ဟု ခတ္တာလမ်းထိပ်ရှိ အနေးယာဉ်နင်းသူ ဦးကရင်က ဆိုသည်။

နိုဝင်ဘာ ၁၆ ရက်က ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားရာတွင် ယခင်ကကဲ့သို့ လမ်းသွယ်တိုင်းတွင် ပိတ်ဆို့ခြင်းမဖြစ်ပေါ်ခဲ့ပေ။ လမ်းသွယ်နှင့် လမ်းမကြီးဆုံရာလမ်းထိပ်အချို့တွင် လမ်းသွယ်အတွင်း ဝင်/ ထွက်ကုန်တင်ယာဉ်အချို့ ဝင်/ထွက်မရသော်လည်း ပိတ်ဆို့နေရာယူထားခြင်း၊ ဖြေရှင်းပေးမည့် ပုဂ္ဂလိကယာဉ်ရှင်းလင်းရေးပုဂ္ဂိုလ်များအချို့အရေးကြီးသောလမ်းဆုံများတွင် မမြင်တွေ့ရပေ။ ယင်းကြောင့် လမ်းဆုံတစ်နေရာတွင် ယာဉ်ပိတ်ဆို့မှုဖြစ်ပွားခြင်းကြောင့် အခြားနေရာများတွင်ပါ ပိတ်ဆို့သွားတတ်သည်။

ထင်ရှားသည့် တစ်လမ်းမောင်း အမှတ်အသားလမ်းညွှန်များ လမ်းထိပ်နှစ်ဖက်တွင် စိုက်ထူထားသော်လည်း ပုဂ္ဂလိက လှည့်ကင်းယာဉ်အပါအဝင် ယာဉ်မျိုးစုံပြောင်းပြန်မောင်းနှင်နေသည်ကို ခတ္တာလမ်းသွယ်တွင် မြင်တွေ့ရသည်ဟု ယင်းလမ်းသွယ်အတွင်း အလုပ်လုပ်နေသူတစ်ဦးက ဆိုသည်။

ပြောင်းလဲလာသောယနေ့ကာလတွင် အစဉ်အလာအားဖြင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်တတ်သော ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ထိရောက်သောပြုပြင်ပြောင်းလဲမှုပြုလုပ်ရန်လိုအပ်လာသည်။ သို့မှသာ ပွဲရုံဝင်းအတွင်း အလုပ်လုပ်ကိုင်နေသူများသာမက ဘုရင့်နောင်လမ်းမကြီးပေါ် နေ့စဉ်ဖြတ်သန်းသွားလာနေသူများအတွက် အကျိုးရှိစေမည်ဟု ဘုရင့်နောင်ပွဲရုံတွင် ယာဉ်ကြောပိတ်ဆို့မှုကြောင့် နေ့တိုင်း အလုပ်ချိန်နောက်ကျမှု၊ အိမ်ပြန်လိုင်းကားရရန်ခက်ခဲမှုတို့နှင့် ကြုံတွေ့နေရသည့် အလုံမြို့နယ်နေ အမျိုးသမီးတစ်ဦးက ဆိုသည်။ **(မောင်စေအောင်)**

# Communi Cast Myanmar 2015 နှင့် Myanmar International ICT Exhibition ပြပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

Communi Cast Myanmar 2015 နှင့် Myanmar International ICT Exhibition 2015 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ Myanmar Event Park ၌ ကျင်းပသည်။

ပြပွဲတွင် ဂြိုဟ်တုနှင့် Broadband နည်းပညာများ၊ မိုဘိုင်း အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ မိုဘိုင်းနှင့် Enterprise များနှင့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာများ၊ ဆက်သွယ်ရေးအော်ပရေတာ MPT၊ စင်ကာပူ၊ အိန္ဒိယ၊ ကနေဒါ၊ ထိုင်းနိုင်ငံတို့ အပါအဝင် ကုမ္ပဏီပေါင်း ၁၂၀ ကျော်တို့က ပါဝင်ပြသထားပြီး နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။

**(ကျော်စိုးမိုး)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၉ - ၁၁ -၂၀၁၅ (ကြာသပတေးနေ့)]

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၄၀ "ဒါနအခြေခံ မြတ်နိဗ္ဗာန် အကြောင်း"တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာ ဘိဝံသ)
၈း၀၀ Cartoon Series (English Playground)
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၄၀ အနုပညာမိုးကောင်းကင်
၁၀း၀၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ Food & D'ecor
၁၁း၃၀ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၉၇)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies"
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၅)
၅း၄၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး ဂန္ထဝင် ပန်းချီဆရာကြီး ဦးစန်းလွင်၏ တစ်ကိုယ်တော်ပန်းချီပြပွဲ)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၆)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၄၀)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၉၈)
၁၀း၃၀ Word of Knowledge(Japan Tsunami:How It Happened)
၄း၄၅ တန်ခိုးကြီးမားဘုရား စေတီပုထိုးများ (တရားမြတ်၏ရောင်ခြည်တော် မဟာမေ့မှရံသီအိမ်တော်ရာ စေတီတော်)

### မြဝတီ

၆း၀၃ တရားတော်
၆း၂၀ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှား အားကစား
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၂၀ အမျိုးသားရေးတေးကဗျာ
၈း၁၀ ရွှေဟောင်းသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၈း၅၅ လျှပ်တစ်ပြက်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ဗွီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၀၀ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ မော်ဆရာနဲ့အပျော်ဆရာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်းခြင်း (အပိုင်း-၉၂)
၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆း၃၅ ကိုယ်ပျောက်လူသား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂျောင်းဒိုဂျွန်း(အပိုင်း-၄၉)
- ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မောင်မောင့်ချစ်သူ လေဒီဒီဇိုင်နာ အပိုင်း(၅)

### mitv

07:03 News
07:26 "Myanmar's Traditions and Culture" Novicehood in Myanmar
07:50 Distinguished Myanmar Ladies "Tin Moe Lwin"
08:03 News
08:26 Safari World
08:36 Lucrative Myanma Rattan Industry
08:54 Black Gold (Part- II)
09:03 News
09:26 Products Of Myanmar - Craft Blacksmithing
09:50 Next Weekend
10:03 News
10:26 Myanmar Scout
10:56 Myanmar Street Foods
07:03 News
07:25 A Journey To Southern Shan State (Ep-3)
07:41 One Heritage……One Festival
08:03 News
08:26 Innovative Handiworks Based On The Art Of Line Drawing
08:45 Entrepreneur "Nan Ei Ei Zar"
09:03 News
09:24 Let's Cook (EP-10) Succulent Grilled Pork Ribs, Spicy Grilled Shrimp Skewers
09:50 Next Weekend

# ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်အပေါ် ဝေဖန်လိုက်တဲ့ ပီယပ်ဘရိုစ်နန်




နောက်ဆုံးထွက်ရှိထားတဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ် "Spectre" နဲ့ ပတ်သက်ပြီး တစ်ချိန်က "007" ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဂျိမ်းစ်ဘွန်းမင်းသားဟောင်းတစ်ဦးဖြစ်တဲ့ ပီယပ်ဘရိုစ်နန်က "Spectre"ရုပ်ရှင်ဟာ သူ့အမြင်မှာတော့ စိတ်ပျက်စရာ ကောင်းတဲ့ရုပ်ရှင်တစ်ခုသာ ဖြစ်တယ်လို့ ဟစ်ထ်ဖစ်ဇ် ဒေ့ါကွန်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ပြောကြား ခဲ့ပါတယ်။

ယင်းရုပ်ရှင်ရဲ့ ဇာတ်လမ်းဟာ ရှည်လွန်း အားကြီးပြီး အားနည်းချက်များလည်း များစွာ ရှိနေကြောင်း အသက်(၆၂)နှစ်အရွယ် ဂျိမ်းစ်ဘွန်း မင်းသားဟောင်းက ထပ်လောင်းဝေဖန်ခဲ့ပါတယ်။ ထို့ပြင် သူက မကြာသေးမီက ထုတ်လုပ်ခဲ့တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေမှာ တူညီတဲ့အချက်တွေလည်း များနေကြောင်း ဆိုခဲ့ပါတယ်။

ရုပ်ရှင်ရဲ့ဇာတ်လမ်းပိုင်းဆိုင်ရာနဲ့ပတ်သက်လို့ ဝေဖန်ခဲ့ပေမယ့် ယခု ရုံတင်ပြသလျက်ရှိတဲ့ "Spectre" ရုပ်ရှင်မှာ စုံထောက်ကြီး ဂျိမ်းစ်ဘွန်း အဖြစ်ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသား ဒန်နီရယ်လ်ကလာ့ဂ်ကိုတော့ ချီးကျူးစကားဆိုခဲ့ပါတယ်။ ဘရိုစ်နန်က "ဒန်နီရယ်ဟာ သူ့ရဲ့စတုတ္ထမြောက် ဂျိမ်းစ်ဘွန်းရုပ်ရှင်မှာလည်း ဇာတ်ကောင်စရိုက်နဲ့ အနီးစပ်ဆုံးသရုပ်ဆောင် နိုင်ခဲ့ပါတယ်။ သူဟာတကယ့်ကို ဂျိမ်းစ်ဘွန်းဇာတ်ကောင်ရဲ့ ပိုင်ရှင်ပါပဲ"လို့ ပြောကြားခဲ့ပါတယ်။

ယခုနောက်ဆုံးထွက်ရှိခဲ့တဲ့ ရုပ်ရှင် "Spectre" ကို အမေရိကန်၌ နိုဝင်ဘာ ၆ ရက်က စတင်ရုံတင် ခဲ့ပြီး စတင်ရုံတင်သည်မှ ရက်သတ္တ နှစ်ပတ် ကျော်သည်အထိ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်စာရင်းတွင် ထိပ်ဆုံးမှ ဆက်လက်ရပ်တည် လျက်ရှိပါတယ်။

ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေကို ၁၉၆၂ခုနှစ်မှာ "Dr. No"ရုပ်ရှင်နဲ့ စတင်ထုတ်လုပ်ခဲ့ပြီး ယနေ့အထိ ရုပ်ရှင်ပေါင်း ၂၆ ကား ရိုက်ကူးထုတ်လုပ်ခဲ့ပြီး ဖြစ်ပါ တယ်။ ဂျိမ်းစ်ဘွန်းဇာတ်ကောင်အတွက် မင်းသားတွေကိုလည်း ပြောင်းလဲရိုက်ကူးခဲ့ရာ ယနေ့အထိ ဂျိမ်းစ်ဘွန်းမင်းသား ခြောက်ဦးပေါ်ထွက်ခဲ့ပြီး ဖြစ်ပါတယ်။ ထင်ရှားတဲ့ ဂျိမ်းစ်ဘွန်းမင်းသားကြီးတွေကတော့ ရှောင်ကွန်နရီ၊ ရော်ဂျာမိုး၊ တင်မိုသီဒယ်လ်တန်နဲ့ ဒန်နီရယ်လ်ကလာ့ဂ်တို့ပဲ ဖြစ်ကြပါတယ်။

# အမေရိကန်ရုပ်သံအစီအစဉ်အတွက် ရိုးရာဝတ်စုံဝတ်ဆင်ကာ ဓာတ်ပုံရိုက်ကူးခဲ့တဲ့ ဆူဇီ

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်အဆိုတော်တစ်ဦး အဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ ကျော်ကြားတဲ့ ဆူဇီဟာ နိုဝင်ဘာ ၁၇ ရက်က အမေရိကန်ရုပ်သံအစီအစဉ် "1st Look"အတွက် ဓာတ်ပုံရိုက်ကူးခဲ့ရာမှာ ကိုရီးယားရိုးရာ ဝတ်စုံကို ဝတ်ဆင်ရိုက်ကူးခဲ့ပါတယ်။

အဆိုပါရုပ်သံအစီအစဉ်မှာ ဆူဇီရဲ့တစ်ကိုယ်တော်ဓာတ်ပုံ အယ်လ်ဘမ်ကို ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး ယင်းအစီအစဉ် အတွက် အဖြူရောင်ကိုရီးယားဝတ်စုံလေးကို ဝတ်ဆင် ရိုက်ကူးခဲ့တဲ့ ဆူဇီကို ဒေသခံမီဒီယာတွေက ကိုရီးယားရဲ့ အလှစစ်ရယ်လို့ တင်စားခဲ့ကြပါတယ်။

ယင်းရုပ်သံအစီအစဉ်ဟာ များသောအားဖြင့် လတ် တလောမှာ ခေတ်စားနေတဲ့ ဖက်ရှင်ဒီဇိုင်းနဲ့ အမှတ် တံဆိပ်တွေကို ရိုက်ကူးတင်ဆက်လေ့ရှိပေမယ့် ဆူဇီကတော့ လတ်တလောမှာ ရိုက်ကူးလျက်ရှိတဲ့ သူ့ရဲ့ ရာဇဝင်ရုပ်ရှင် "Dorihwaga"အတွက် ကြော်ငြာတဲ့အနေနဲ့ ရိုးရာဝတ်စုံကို ဝတ်ဆင်ရိုက်ကူးခဲ့တာပါ။ အဆိုပါ ရာဇဝင်ရုပ်ရှင်ကိုတော့ နိုဝင်ဘာ ၂၅ ရက်မှာ တောင်ကိုရီးယား၌ စတင်မိတ်ဆက်ပြသ သွားမှာ ဖြစ်ပါ တယ်။

ဆူဇီဟာ သူ့ရဲ့အနုပညာအရည်အသွေးတွေကြောင့် ကိုရီးယားရဲ့ ထိပ်တန်းအနုပညာရှင်တစ်ဦးအဖြစ် အောင်မြင် နေသကဲ့သို့ တောင်ကိုရီးယားရဲ့ စူပါမင်းသားချော လီမင်ဟိုရဲ့ ချစ်သူဖြစ်နေခြင်းကြောင့်လည်း သူ့ရဲ့ ကျော်ကြားမှုဟာ နှစ်ဆတိုးခဲ့ရပါတယ်။




အေး ပြည့် စု စည်း သည်

# အဒဲလ်၏ တေးသီချင်းသစ်တစ်ပုဒ်ထုတ်လွှင့်



ဗြိတိန်ပေါ့ပ်အဆိုတော် အဒဲလ်က သူ့ရဲ့တေးအယ်လ်ဘမ်သစ် "25" မှာ ပါဝင်တဲ့ တေးသီချင်းသစ် တစ်ပုဒ်ဖြစ်တဲ့ "When We Were Young"ကို နိုဝင်ဘာ ၁၈ရက်က ယူကျူဒေ့ါကွန်းကနေတစ်ဆင့် ထုတ်လွှင့် ပြသခဲ့ပါတယ်။

အဆိုပါသီချင်းကို အဒဲလ်ဟာ လန်ဒန်က ခရစ်ယာန်ဘုရားကျောင်းတစ်ခုမှာရှိတဲ့ အသံသွင်းခန်းမထဲမှာ သီဆိုခဲ့ပြီး ယင်းကို ဗီဒီယိုရိုက်ကူးကာ ယူကျူရဲ့ ဗွီဗိုဝက်ဘ်ဆိုက်ဒ်ကနေ ထုတ်လွှင့်ပြသခဲ့တာဖြစ်ပါတယ်။

ယင်းတေးအယ်လ်ဘမ်သစ် "25"မှာ ပါဝင်တဲ့ ပထမဦးဆုံးထုတ်လွှင့်ခဲ့တဲ့တေးသီချင်း "Hello" ဟာ လတ်တလောမှာ ကမ္ဘာ့အကျော်ကြားဆုံးသောတေးသီချင်းတွေထဲမှာ ထိပ်ဆုံးက ရပ်တည်နေ ပါတယ်။ ယင်းတေးအယ်လ်ဘမ်တစ်ခုလုံးကိုတော့ အဒဲလ်က နိုဝင်ဘာ ၂၀ ရက် (သောကြာနေ့)မှာ အပြီးသတ်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

အဒဲလ်ရဲ့နောက်ဆုံးထွက်ရှိပြီးဖြစ်တဲ့ တေးအယ်လ်ဘမ်"21"ကတော့ ယနေ့အထိ ကမ္ဘာ တစ်ဝန်းမှာ တေးအယ်လ်ဘမ်ပေါင်း သုံးသန်းကျော်ရောင်းချခဲ့ပြီးဖြစ်ကာ ကမ္ဘာ့ရောင်းအား အကောင်းဆုံးတေးအယ်လ်ဘမ်အဖြစ် ရပ်တည်နေပါတယ်။

အားကစား

## ယူရို-၂၀၁၆ ဘောလုံးပြိုင်ပွဲဦးစားပေးအဆင့် သတ်မှတ်ချက်များ ထုတ်ပြန်

ယူရို ၂၀၁၆ ပြိုင်ပွဲဝင်အသင်း(၂၄)သင်းစလုံး ပေါ်ထွက်လာပြီဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများ၏ ဦးစားပေးအဆင့် သတ်မှတ်ချက်များကို ယူအီးအက်ဖ်အေ (ဥရောပဘောလုံးအဖွဲ့ချုပ်)က ထုတ်ပြန်ကြေညာပေးခဲ့သည်။ ဦးစားပေးအဆင့်(၁) သတ်မှတ်ခံရသော အသင်းများမှာ အိမ်ရှင် ပြင်သစ်၊ ကမ္ဘာ့အဆင့်(၁) ဘယ်လ်ဂျီယံ၊ ကမ္ဘာ့အဆင့်(၂)ဂျာမနီ၊ ကမ္ဘာ့အဆင့်(၄) ပေါ်တူဂီ၊ ကမ္ဘာ့အဆင့်(၆) စပိန်နှင့်ကမ္ဘာ့အဆင့်(၉) အင်္ဂလန်တို့ ဖြစ်ကြသည်။

အစဉ်အလာကြီးမားသော အီတလီမှာမူ လက်ရှိကမ္ဘာ့အဆင့်(၁၃)သို့ရောက်ရှိနေသဖြင့် ဆွစ်ဇာလန်၊ ခရိုအေးရှား၊ ဩစတြီးယား၊ ရုရှား၊ ယူကရိန်းတို့နှင့်အတူ အုပ်စုဒုတိယဦးစားပေးအဆင့်သာ သတ်မှတ်ခံခဲ့ရသည်။ တတိယဦးစားပေးအသင်းများအဖြစ် ချက်၊ ဆွီဒင်၊ ပိုလန်၊ ရိုမေးနီးယား၊ စလိုဗက်ကီးယားနှင့် ဟန်ဂေရီတို့သတ်မှတ်ခံခဲ့ရပြီး စတုတ္ထဦးစားပေး အသင်းများမှာ တူရကီ၊ အိုင်ယာလန်၊ အိုက်စလန်၊ ဝေလ၊ အယ်လ်ဘေးနီးယားနှင့် မြောက်အိုင်ယာလန်တို့ဖြစ်ကြသည်။

ချက်၊ အိုက်စလန်၊ ဝေလ၊ မြောက်အိုင်ယာလန်တို့မှာ အစောပိုင်းကာလကပင် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ထားကြသော်လည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရသာ ထုတ်ပြန်သော ဦးစားပေးအဆင့် သတ်မှတ်ချက်ကြောင့် Play-Offs ပြန်ကစားပြီးမှ ခြေစစ်ပွဲအောင်မြင်ခဲ့သော ယူကရိန်းထက် နောက်ကျနေခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အသင်းမှာမူ လက်ရှိကမ္ဘာ့အဆင့် သတ်မှတ်ချက်(၂၄)သို့ ရောက်ရှိနေသော်လည်း အိမ်ရှင်အသင်းများကို ဦးစားပေးအသင်းအဖြစ် သတ်မှတ်လေ့ရှိသောမူအရ ဦးစားပေးအဆင့်(၁)နေရာရရှိခဲ့ခြင်းဖြစ်သည်။ အုပ်စုလေးစုအတွက်မဲခွဲရွေးချယ်မှုကို လာမည့် ဒီဇင်ဘာ ၁၂ ရက်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၌ပင် ကျင်းပသွားမည်ဖြစ်သည်။

**မေလှဲ့သင်း**




## ဆွီဒင်အသင်းနှင့် ယူကရိန်းအသင်း ယူရို ၂၀၁၆ ဝင်ခွင့်ရရှိ




ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် Play Offs ပွဲစဉ် ဒုတိယအကျော့အဖြစ် ဒိန်းမတ်အသင်းနှင့် ဆွီဒင်အသင်း၊ ဆလိုဗေးနီးယားအသင်းနှင့် ယူကရိန်းအသင်းတို့ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက အသီးသီးယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲစလုံးသရေပွဲဖြစ်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ်များအရ ဆွီဒင်အသင်းနှင့် ယူကရိန်းအသင်းတို့ အနိုင်ရလဒ်ထွက်ပေါ်ကာ ယူရို ၂၀၁၆ ဝင်ခွင့်ရရှိသွားခဲ့ပြီဖြစ်သည်။

ဒိန်းမတ်အသင်းနှင့် ဆွီဒင်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပထမအကျော့တွင် ဆွီဒင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆလိုဗေးနီးယားအသင်းနှင့် ယူကရိန်းအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကာ ပထမအကျော့တွင် ယူကရိန်းအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိထားခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုယှဉ်ပြိုင်ကစားခဲ့သည့် ဒိန်းမတ်အသင်းနှင့် ဆွီဒင်အသင်းတို့၏ ပွဲစဉ်တွင် ပွဲကစားချိန် ၁၉ မိနစ်တွင် ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ သွင်းဂိုးဖြင့် အိမ်ရှင် ဒိန်းမတ်အသင်း၏ ပရိသတ်တွေကို နှုတ်ဆိတ်စေခဲ့ပြီး ပွဲကစားချိန် ၇၆ မိနစ်တွင် အီဘရာဟီမိုဗစ်ကပင် နောက်ထပ်တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့ရာ ဆွီဒင်အသင်းက အိမ်ရှင်အသင်းကို နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

သို့ရာတွင် ပွဲကစားချိန် ၈၁ မိနစ်တွင် ပေါလ်ဆန်နှင့် မိနစ် ၉၀ တွင် ဗက်စတာဂတ်တို့က ဒိန်းမတ်အသင်းအတွက် ချေပဂိုးများသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သော်လည်း ပထမအကျော့တွင် အနိုင်ရရှိထားသည့်ဆွီဒင်အသင်းက နှစ်ကျော့ပေါင်းရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဆလိုဗေးနီးယားအသင်းနှင့် ယူကရိန်းအသင်းတို့ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ပထမအကျော့တွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိထားသည့် ယူကရိန်းအသင်းက နှစ်ကျော့ပေါင်းရလဒ်ဖြင့် ယူရို ၂၀၁၆ ပြိုင်ပွဲသို့ အသီးသီးဝင်ခွင့်ရရှိခဲ့ကြခြင်းဖြစ်သည်။

ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ခြေစစ်ပွဲစဉ်များကို ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ ယှဉ်ပြိုင်ကစားခဲ့ပြီး တိုက်ရိုက်ဝင်ခွင့်မရဘဲ Play Offs ကစားခဲ့ရသည့် အသင်းများမှာ ဘော့စနီးယား၊ ယူကရိန်း၊ ဆွီဒင်၊ ဟန်ဂေရီ၊ ဒိန်းမတ်၊ အိုင်ယာလန်၊ နော်ဝေ၊ ဆလိုဗေးနီးယား အသင်းတို့ဖြစ်သည်။ ယင်းအသင်းများအနက် ယူကရိန်း၊ ဆွီဒင်၊ အိုင်ယာလန်နှင့် နော်ဝေ အသင်းများမှာ Play Offs ပွဲစဉ်များကစားပြီးနောက် နိုင်ပွဲများရရှိကာ ဝင်ခွင့်ရရှိခဲ့ကြသည်။

ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် အုပ်စုအဆင့်များတွင် အကောင်းဆုံးရလဒ်များထွက်ပေါ်ကာ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့သည့် အသင်းများမှာ ချက်၊ အိုက်စလန်၊ ဘယ်လ်ဂျီယံ၊ ဝေလ၊ စပိန်၊ ဆလိုဗက်ကီးယား၊ ဂျာမနီ၊ ပိုလန်၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ မြောက်အိုင်ယာလန်၊ ရိုမေးနီးယား၊ ဩစတြီးယား၊ ရုရှား၊ အီတလီ၊ ခရိုအေးရှား၊ ပေါ်တူဂီ၊ တူရကီနှင့် အယ်လ်ဘေးနီးယားအသင်းတို့ဖြစ်သည်။

ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အသင်းပေါင်း ၂၄ သင်းပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ရာ လက်ရှိတွင် ဝင်ခွင့်ရအသင်းပေါင်း ၂၃ သင်း စာရင်းထွက်ပေါ်ခဲ့ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည့် ပြင်သစ်အသင်းမှာ အလိုအလျောက်ဝင်ခွင့်ရရှိမည်ဖြစ်သည်။ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ငွေကြယ်**

## ဂျူဗင်တပ် – အေစီမီလန်၊ ဘိုလော့နာ – ရိုးမားပွဲစဉ်တွေကြောင့် အသက်ဝင်နေဦးမယ့် စီးရီးအေ ရင်ခုန်သံ – ၁၃

***အီတလီစီးရီးအေပြိုင်ပွဲကို နိုင်ငံတကာပြိုင်ပွဲတွေကြောင့် တစ်ပတ်ကြာရပ်နားထားခဲ့ပြီးတဲ့နောက် နိုဝင်ဘာ ၂၁၊ ၂၂၊ ၂၃ ရက်တွေမှာ ပြန်ပြီးကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါပြန်လည်ကျင်းပမယ့် ပွဲစဉ် (၁၃) မှာတော့ ဂျူဗင်တပ်နဲ့ အေစီမီလန်ဆုံတွေ့တဲ့ ပွဲစဉ်ပါဝင်နေလို့ ပိုစိတ်ဝင်စားဖို့ကောင်းနေပါတယ်။***

**ရှိုင်းမင်းမင်း**

**ဘိုလော့နာ - ရိုးမား ည - ၁၁း၃၀(၂၁-၁၁-၁၅)**

ဘိုလော့နာက အခုနောက်ပိုင်းမှာ ကစားပုံကောင်းမွန်လာတာတွေ့ရတယ်။ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲမှာ သုံးပွဲအထိ အနိုင်ရခဲ့ပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေထက်မြက်လာတာတွေ့ရပါတယ်။ ဒါကြောင့် ရိုးမားတို့ အနည်းငယ်အခက်တွေ့နိုင်ပါတယ်။ ဘိုလော့နာရဲ့ကွင်းလည်းဖြစ်လို့ ရိုးမားအနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့ မလွယ်ဘူး။

**ဂျူဗင်တပ် - အေစီမီလန် နံနက် - ၂း၁၅ (၂၂-၁၁-၁၅)**

အေစီမီလန်က အခုနောက်ပိုင်းမှာ ကစားပုံပြန်လည်ကောင်းမွန်လာပါတယ်။ ကာပို့စ်ဘာလာခြေစွမ်းပြလာနိုင်တာကြောင့် တိုက်စစ်ကစားပုံလည်း ထက်မြက်မှုရှိလာကာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက် အရှုံးမရှိခဲ့ပါဘူး။ ဒါကြောင့် ဂျူဗင်တပ်တို့ အခက်အခဲနဲ့ ရင်ဆိုင်ရနိုင်ပြီး ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

**အူဒီးနီးစ် - ဆမ့်ဒိုးရီးယား ည - ၆း၀၀ (၂၂-၁၁-၁၅)**

ဆမ့်ဒိုးရီးယားက ခြေစွမ်းပိုင်းတည်ငြိမ်မှုအားနည်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့တယ်။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် ဆမ့်ဒိုးရီးယားခြေက ပိုမိုကျဆင်းတတ်ပါတယ်။ ဒါကြောင့် ဒီရာသီမှာ အူဒီးနီးစ်ခြေပျက်ယွင်းနေပေမယ့် ဒီပွဲမှာတော့ အခွင့်အရေးရနိုင်သလို အနိမ့်ဆုံးသရေလောက်ရသွားမှာပါ။

**အတ္တလန္တာ - တိုရီနို ည - ၇း၃၀ (၂၂-၁၁-၁၅)**

အတ္တလန္တာက ခြေစွမ်းပိုင်းမဆိုးဘူးလို့ ပြောနိုင်တယ်။ အထူးသဖြင့် ဒီရာသီမှာ အတ္တလန္တာဟာ အိမ်ကွင်းကစားပုံကောင်းမွန်မှုအပြည့်ရှိပြီး လက်ရှိအချိန်အထိ အိမ်ကွင်းမှာ ရှုံးပွဲမကြုံသေးဘူး။ ခံစစ်ကလည်း အိမ်ကွင်းပွဲစဉ်တွေမှာ ပိုမိုကျစ်လျစ်တတ်လို့ တိုရီနိုကို ထိန်းချုပ်သွားနိုင်မှာပါ။ အတ္တလန္တာပဲနိုင်ပွဲရမယ်။

**ကာပီ - ချီယေဗို ည - ၇း၃၀(၂၂-၁၁-၁၅)**

တန်းတက်ကာပီရဲ့ခြေက အတော်လေးအားနည်းပါ



တယ်။ အထူးသဖြင့် တိုက်စစ်မှာ အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးမရှိတာကြောင့် ဂိုးရဖို့ကအစ ရုန်းကန်နေရပြီး အမှတ်ပေးဇယားအောက်ဆုံးကို ရောက်ရှိနေပါတယ်။ ဒါကြောင့် ချီယေဗိုကိုထိန်းချုပ်ဖို့ ခက်ပါလိမ့်မယ်။ ချီယေဗိုကသာနိုင်ပွဲရသွားမှာပါ။

**ဖီအိုရင်တီးနား-အမ်ပိုလီ ည - ၇း၃၀(၂၂-၁၁-၁၅)**

ဖီအိုရင်တီးနားရဲ့ခြေက ဒီရာသီမှာ ထက်မြက်မှုရှိပါတယ်။ ဒီပွဲစဉ်မှာလည်း အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ဖို့ အမှားခံမှာမဟုတ်ဘူး။ အထူးသဖြင့် ဖီအိုရင်တီးနားဟာ အိမ်ကွင်းမှာခြေစွမ်းပိုမိုထက်မြက်တတ်တာကြောင့် အမ်ပိုလီကို ဖိအားပေးသွားနိုင်မှာပါ။ ဖီအိုရင်တီးနားပဲနိုင်ပွဲရမယ်။

**ဂျီနိုအာ - ဆာစူအိုလို ည - ၇း၃၀ (၂၂-၁၁-၁၅)**

ဆာစူအိုလိုက ခြေစွမ်းပိုင်းကောင်းမွန်တဲ့အသင်းဖြစ်ပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာတော့ ကစားအားကျဆင်းတတ်ပါတယ်။ အထူးသဖြင့် ဆာစူအိုလိုရဲ့တိုက်စစ်ပိုင်းက အဝေးကွင်းပွဲစဉ်တွေမှာ ပိုမိုအားနည်းတတ်လို့ ဂျီနိုအာကို ထိန်းချုပ်တုံ့ပြန်နိုင်ဖို့ခက်မှာပါ။ အိမ်ကွင်းခြေကောင်းမွန်မှုရှိတဲ့ ဂျီနိုအာပဲနိုင်ပွဲရမယ်။

**ဗီရိုနာ - နာပိုလီ ည - ၇း၃၀ (၂၂-၁၁-၁၅)**

ဗီရိုနာက ဒီရာသီစီးရီးအေပြိုင်ပွဲအတွင်း နိုင်ပွဲမရသေးတဲ့ တစ်သင်းတည်းသော အသင်းဖြစ်ပါတယ်။ တိုက်စစ်ပိုင်းက ကာပီထက်တောင် အားနည်းမှုတွေများလို့ နာပိုလီကိုတုံ့ပြန်ကစားနိုင်ဖို့ဆိုတာ အတော်လေးခက်ပါတယ်။ ဗီရိုနာကွင်းဖြစ်ပေမယ့် နာပိုလီကသာခြေစွမ်းအသာနဲ့ ဖိအားပေးအနိုင်ယူသွားမှာပါ။

**လာဇီယို - ပါလာမို ည - ၇း၃၀ (၂၂-၁၁-၁၅)**

လာဇီယိုက ဒီရာသီမှာ ခြေစွမ်းပိုင်းမတည်ငြိမ်ပါဘူး။ ဒါပေမယ့် လာဇီယိုဟာ အိမ်ကွင်းကစားပုံကောင်းတတ်ပြီး အိမ်ကွင်း ခြောက်ပွဲမှာ ငါးပွဲအထိအနိုင်ရပြီးခံစစ်ကလည်း ကျစ်လျစ်မှုရှိပါတယ်။ ပါလာမိုကတော့ခြေစွမ်းပိုင်းသာမန်သာရှိတဲ့အသင်းပါ။ ဒါကြောင့် ဒီပွဲစဉ်မှာလည်း လာဇီယိုကသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

**အင်တာမီလန် - ဖရိုစီနိုနီ နံနက် ၂း၁၅ (၂၃-၁၁-၁၅)**

အင်တာမီလန်က ဒီရာသီမှာတိုက်စစ်ပိုင်းအားနည်းပေမယ့် အသင်းလိုက်ကစားပုံ အတော်ကလေးကောင်းမွန်မှု ရှိပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ဖရိုစီနိုနီကို ဖိအားပေးနိုင်ဖို့အမှားခံမှာလည်းမဟုတ်ဘူး။ ဖရိုစီနိုနီကတော့ ကစားပုံအနည်းငယ်တက်လာပေမယ့် အဝေးကွင်းမှာ တိုက်စစ်ကအစ အားနည်းပါတယ်။

# မီးပလတ်ခေါင်းအား ဆွဲဖြုတ်စဉ် ဓာတ်လိုက်ခံရ၍သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဘိုကုန်းကျေးရွာတွင် လူတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သတင်းအရ တောင်တွင်းကြီးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ တောင်တွင်းကြီးမြို့နယ် ညောင်ပင်လှကျေးရွာနေ ကိုစန်းဝင်း(၃၈) နှစ်ဖြစ်ကြောင်း သိရှိရသည်။

စစ်ဆေးချက်အရ ကိုစန်းဝင်းသည် ဘိုကုန်းကျေးရွာရှိ ဦးစိန်ထွန်းမောင်၏နေအိမ်၌ ပြတင်းပေါက်တံခါးများတပ်ဆင်ရန်အတွက် ပြတင်းပေါက်တံခါးအား လျှပ်စစ်ရေပေါ် ထိုးပြီးနောက် မီးပလတ်ခေါင်းအား ဆွဲဖြုတ်ရာက ဓာတ်လိုက်ခံရပြီး မူးမေ့သွားသဖြင့် ဆေးရုံသို့ပို့ဆောင်စဉ်လမ်းတွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် တောင်တွင်းကြီးမြို့မရဲစခန်း သေမှုသေခင်းအမှတ်စဉ် (၁၄/၂၀၁၅)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# ယာဉ်ပေါ်မှ ကျောက်စိမ်းတုံးဖြတ်စမျိုးစုံ ကီလို ၅၁၀ ခန့် သိမ်းဆည်းရမိ

**နောင်ချို နိုဝင်ဘာ ၁၈**

နောင်ချိုမြို့အဝင် (Mobile Team)ဌာနစုံ စစ်ဆေးရေးဂိတ်တွင် နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းက စတုတ္ထအကြိမ်အဖြစ် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမြို့ဘက်မှ မူဆယ်၊ တစ်ဖက်နိုင်ငံသို့သွားမည့် 8A/---ယာဉ်(ဗင်)အား စစ်ဆေးရေးဂိတ်၌ ဦးစိုးလွင်(ညွှန်/မှူး)ဦးစီးသော ဌာနစုံပူးပေါင်းအဖွဲ့က ရပ်တန့်စစ်ဆေးစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ထို့နောက် ယာဉ်အားဆက်လက်စစ်ဆေးရာ ယာဉ်နောက် ခန်းအံ့ဝှက်အတွင်းမှလည်းကောင်း၊ ယာဉ်ရှေ့ခန်း ဒက်ရှ်ဘုတ်အတွင်းမှလည်းကောင်း တစ်ဖက်နိုင်ငံသို့ တင်ပို့ရန် စနစ်တကျထည့်သွင်းသယ်ဆောင်လာသော ကျောက်စိမ်းတုံး၊ အခြမ်းတုံးများ၊ ဖြတ်စများ အရွယ်အစားမျိုးစုံ အလေးချိန် ၅၁၀ ကီလိုခန့်အား ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ကျပ်သိန်း ၃၀ ကျော်တန်ဖိုးရှိ ပိုင်ရှင်မဲ့သစ်များ ထီးလင်းမြို့နယ်၌ သိမ်းဆည်းရမိ

**ထီးလင်း နိုဝင်ဘာ ၁၈**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ် ဦးစီး၍ ထီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးဝင်းနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ထီးလင်းမြို့နယ် အညာဘန်းကျေးရွာအနီးတွင် တရားမဝင်သစ်များခုတ်လှဲထားသည်ကို တွေ့ရှိရကြောင်း သတင်းအရ နိုဝင်ဘာ ၁၇ ရက်က ရှာဖွေစစ်ဆေးရာ ကာလတန်ဖိုး ကျပ်သိန်း ၃၀ ကျော်တန်ဖိုးရှိ ပိုင်ရှင်မဲ့သစ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယင်းသို့ရှာဖွေခဲ့ရာတွင် အညာဘန်းကျေးရွာအရှေ့မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ပင်ထောင်တိုးချဲ့(၁)ကြိုးဝိုင်းအတွင်း၌ သတင်းအရ ရှာဖွေခဲ့ရာ သစ်ကိုင်းသစ်ခက်များဖြင့် ဖုံးအုပ်ထားသော ကျွန်းခွဲသား စကွဲယားတုံး ဆိုဒ်စုံ ၉၆ တုံး (၈ ဒသမ ၁၁၇၉ တန်) ကာလတန်ဖိုး ၂၀၂၉၄၇၇ ကျပ်အားလည်းကောင်း၊ ယင်းကျေးရွာအရှေ့ဘက် လေးမိုင်ခန့်အကွာ ဘူးတောင်းသစ်တောကြိုးဝိုင်းအကွက်အမှတ်(၈၀)၌ ကျွန်းသစ်လုံး ၁၂ လုံး၊ အင်ကြင်းသစ်လုံး ၁၂ လုံး၊ အင်သစ်လုံး ၁၆ လုံး စုစုပေါင်းသစ်အလုံး ၄၀ (၇ ဒသမ ၁၀၆၈ တန်) ကာလတန်ဖိုး ၅၆၀၃၆၃ ကျပ်အား လည်းကောင်း၊ ယင်းကျေးရွာအရှေ့ဘက် သုံးမိုင်ခန့်အကွာ ဘူးတောင်းသစ်တောကြိုးဝိုင်း အကွက်အမှတ်(၇၉)၌ ကျွန်းသစ်ခွဲသားဆိုဒ်စုံ အချောင်း ၈၀၊ ကျွန်းသစ်စကွဲယားတုံး ဆိုဒ်စုံ ၁၁ တုံး စုစုပေါင်း ၁ ဒသမ ၇၇၆၃ တန် (ကာလတန်ဖိုး ၄၄၄၀၇၅ ကျပ်)တို့အား လည်းကောင်း ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပိုင်ရှင်မဲ့သိမ်းဆည်းရမိသော စုစုပေါင်းသစ်မျိုးစုံ ၁၇ ဒသမ ၀၀၁၀ တန် (ကာလတန်ဖိုး ၃၀၃၃၉၁၅ ကျပ်)အား သစ်တောဦးစီးဌာနမှ ပြောင်းရွှေ့သယ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း၊ သစ်တောကြိုးဝိုင်းများအတွင်း ဥပဒေမဲ့ကျူးလွန်မှုများကို တားဆီးအရေးယူမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# နှစ်လုံး/ချဲထီလောင်းကစားပြုလုပ်သူများအား အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် တမာတကေကျေးရွာနေ ဦးဇော်ဟိန်း (၃၉)နှစ်၏နေအိမ်တွင် ချဲထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မြစ်ကျိုးနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်တွင် ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ်၌ ဇော်ဟိန်းအား ချဲထီလောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၂၆၉၀၀၀ နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သောကြောင့် ဝေါမြို့နယ် မြစ်ကျိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ယင်းနေ့နံနက် ၁၁ နာရီခွဲခန့်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ မင်းတဲရပ်ကွက်နေ မနွေးနွေးဦး(၂၆) နှစ်၏နေအိမ်တွင် နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဒိုက်ဦးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ နွေးနွေးဦးအား နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၂၇၀၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သောကြောင့် ဒိုက်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး သရက်မြို့ မြို့မဈေးအတွင်း နှစ်လုံး/ချဲထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သရက်မြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်ခန့်တွင် သွားရောက်စစ်ဆေးခဲ့ရာ သရက်မြို့ ပြည်တော်အေးရပ်ကွက်နေ ဆန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဦးစန်းနိုင်(၄၄)နှစ်၏ ဈေးဆိုင်ခန်းအတွင်းရှိ ဆန်အိတ်များအကြားတွင် ဝှက်သိမ်းထားသည့် လက်ဆွဲခြင်းအတွင်းမှ နှစ်လုံး၊ ချဲထီလောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လောင်းကြေးငွေကျပ် ၂၀၇၅၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ဦးစန်းနိုင်အား သရက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

■■



သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာအုပ်စု အမှတ်(၉)စစ်အခြေခံလေ့ကျင့်ရေးတပ်ရှေ့ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးပေါ်၌ လိမ္မော်သီးများ တင်ဆောင်လာသော 3k/--- ၁၂ ဘီးကုန်တင်ယာဉ်သည် ရှေ့မှ မောင်းနှင်နေသောယာဉ်ကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိ တိမ်းမှောက်နေသည်ကို နိုဝင်ဘာ ၁၈ ရက် နံနက် ၄ နာရီခန့် တွေ့ရစဉ်။ ခွန်(ဝင်းပ)


နေပြည်တော်(၁) ဖုန်း- 251277 251288 | မင်္ဂလာ(၂) ဗဟိုစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၇၂၅၄၀၉၁ ၀၉၇၇၂၅၄၀၉၂ | မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၀၀၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၀၆၀၀၀

ရွှေဆောင်(၁) ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မြို့မ (မန္တလေး) ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇

နေပြည်တော်(၂) ဖုန်း- 251277 251288 | မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၀၀၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၀၆၀၀၀ | မင်္ဂလာနိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး



# ငါ့သရောက်တွင် ပင်ထောင်ခရမ်းချဉ်သီးများဈေးကောင်းရ

**ငါ့သရောက် နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုအားကောင်းခဲ့သောကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ တောင်သူများစိုက်ပျိုးထားသော ပင်ထောင်ခရမ်းချဉ်စိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် ပင်ထောင်ခရမ်းချဉ်သီးကိုလည်း ဈေးကောင်းပေးဝယ်နေ၍ ယခုနှစ်တွင် ပင်ထောင်ခရမ်းချဉ်စိုက်တောင်သူများ အဆင်ပြေနေကြကြောင်း ငါ့သရောက်မြို့နယ်မှ ပင်ထောင်ခရမ်းချဉ်စိုက်ပျိုးသည့် တောင်သူများက ပြောသည်။

ငါ့သရောက်မြို့နယ်တွင် ပင်ထောင်ခရမ်းချဉ်ကို မျက်ခါးတောကျေးရွာနှင့် ပြူကြီးကျေးရွာများမှ တောင်သူများက ဝင်ငွေတိုးလုပ်ငန်းအဖြစ်အများဆုံးစိုက်ပျိုးကြကြောင်းနှင့် ယခုနှစ်တွင် ငါ့သရောက်မြို့နယ်၌ မိုးရွာသွန်းမှုကောင်းမွန်ခဲ့ခြင်းကြောင့် ပင်ထောင်ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းခဲ့သည်။

ပင်ထောင်ခရမ်းချဉ်သီးများကို ကျောက်ပန်းတောင်းမြို့၊ ခရမ်းချဉ်သီးကုန်စည်ဒိုင်များမှ လုပ်ငန်းရှင်များက ဈေးကောင်းပေးဝယ်ယူနေခြင်းကြောင့် ယင်းကျေးရွာများမှ တောင်သူများ စီးပွားရေး အဆင်ပြေလျက်ရှိနေကြသည်။

"ကျွန်တော်တို့ကျေးရွာမှာ ပင်ထောင်ခရမ်းချဉ်ကို နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးတဲ့နေရာမှာလည်း ဝင်ငွေတိုးလုပ်ငန်းတစ်ခုနဲ့ စီးပွားဖြစ်စိုက်ပျိုးကြတာပါ။ ဒီနှစ်က ကျွန်တော်တို့နယ်မှာ မိုးရွာသွန်းမှုကလည်း နိုဝင်ဘာလဆန်းပိုင်းထိကို ရွာနေတာဆိုတော့ ပင်ထောင်ခရမ်းချဉ်စိုက်ခင်းမှန်သမျှ ကောင်းကြပါတယ်။

"အခုဆိုရင် ကျွန်တော်တို့တောင်သူတွေ ပင်ထောင်ခရမ်းချဉ်သီးတွေ ဆွတ်ခူးရောင်းချနေရပါပြီ။ ခရမ်းချဉ်သီးဈေးနှုန်းကလည်း ကျောက်ပန်းတောင်းမြို့က ခရမ်းချဉ်သီးကုန်စည်ဒိုင်တွေက ထိုင်ဝမ်ခရမ်းချဉ်သီးဆိုရင် တစ်ပိဿာကို ငွေကျပ် ၁၀၀၀၊ (ဗမာ) ခရမ်းချဉ်အဝိုင်းသီးဆိုရင် ငွေကျပ် ၁၂၀၀ ကနေ ကျပ် ၁၄၀၀ ထိ ရသလောက်ဝယ်နေတာဆိုတော့ ကျွန်တော်တို့ဒေသက ပင်ထောင်ခရမ်းချဉ်စိုက်ပျိုးတဲ့တောင်သူတွေ ဝင်ငွေရရှိနေကြလို့ စီးပွားရေးကောင်းနေတယ်လို့ ပြောလို့ရပါတယ် " ဟု ငါ့သရောက်မြို့နယ် မျက်ခါးတောကျေးရွာမှ ပင်ထောင်ခရမ်းချဉ်စိုက်ပျိုးသည့် တောင်သူများက ပြောပြသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# ဇန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

**ဗန်းမော် နိုဝင်ဘာ ၁၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာများအား ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းညွန့်၊ ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းတို့သည် ဝန်ထမ်းများနှင့်အတူ နိုဝင်ဘာ ၁၆ ရက်က အဆိုပါကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။ မြစိမ်းရောင်ကျေးရွာများဖြစ်သော တောပုန်း၊ မြောက်ရွာ၊ နောင်ကုတ်၊ သာစည်၊ နောင်လတ်ကြီး၊ နတ်ချို၊ သရက်ကုန်း၊ ကျွန်းတော်၊ ဆင်တပ်နှင့် ရေလဲကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ လူနေမှုဘဝမြင့်မားတိုးတက်စေရေးအတွက် မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စာရင်းဇယားများ ထိန်းသိမ်းထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများက လုပ်ငန်းများနှင့်ပတ်သက်၍ အခက်အခဲများတင်ပြလာမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ စီဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ဗန်းမော်ခရိုင်(ပြန်/ဆက်)**

# ကျေးရွာသုံးရွာရှိ နေအိမ်များအား ဆိုလာမီး အစုံ ၃၅၇ စုံ တပ်ဆင်




**ခင်ဦး နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၆၇ ဒသမ ၄၇၃ သန်းဖြင့် ကျေးလက်မီးလင်းရေးအတွက် ဆိုလာမီးအစုံ ၃၅၇ စုံကို ကျေးရွာသုံးရွာသို့ နိုဝင်ဘာ ၁၆ ရက်က အိမ်အရောက် တပ်ဆင်ပေးခဲ့ပြီးဖြစ်သည်။ ဆိုလာမီးအစုံများကို ရွာသစ်(ရ) ကျေးရွာတွင် ၁၁၇ စုံ၊ ခြေမြစ်ကျဉ်း(မ) ရွာတွင် ၁၂၀၊ အင်းပေါက်ကျေးရွာတွင် ၁၂၀ တို့ကို Three Princess ကုမ္ပဏီက ကျေးရွာရှိအိမ်များအရောက် တပ်ဆင်ပေးခဲ့ကြောင်း ဆိုလာမီးအစုံတစ်စုံလျှင် ငွေကျပ်တစ်သိန်းရှစ်သောင်းကိုးထောင် တန်ဖိုးရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်က ပြောသည်။

**ခင်ဦးစိုးဝေ**

# ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) ဖွင့်လှစ်

**ဒီးမော့ဆို နိုဝင်ဘာ ၁၈**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) ကို မြို့နယ်ခန်းမ၌ နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပြည်သူဝန်ဆောင်မှုရုံး ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်က ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဦးစီးဌာနအလိုက် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများက အကောင်းမွန်ဆုံးဝန်ဆောင်မှုလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ပြည်သူဝန်ဆောင်မှုရုံးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ အခွန်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် စည်ပင်သာယာရေးအဖွဲ့တို့က ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကထိန်အလှူတော်မင်္ဂလာ ကုသိုလ်ရယူ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန်
## ဖိတ်ကြားခြင်း

နိုင်ငံတော်တစ်ဝန်းရှိ စိတ္တသုခ ကမ္မဋ္ဌာန်းကျောင်း(၄၇)ကျောင်း၏ ပဓာနနာယက ဖြစ်တော်မူသော မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ၊ မင်္ဂလာသိဒ္ဓိ ရွှေကျောင်းတော်ကြီး၌ သီတင်းသုံး စံပယ်တော်မူသည့် သက်တော်(၉၃) နှစ် ရှိတော်မူသော သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ ဉာဏစက္က အမျှးပြုသော မင်္ဂလာဇေယျုံကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော် အရှင်သူမြတ်များနှင့် ပင့်သံဃာ(၁၀၈)ပါးတို့အား ကထိန်လျာသင်္ကန်းကပ်လှူခြင်း၊ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းအစရှိသည့် ကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို မြန်မာသက္ကရာဇ် (၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်) ၂၀-၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ရပ်ဝေး ရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေအပေါင်းအား ကြွရောက်ကြည်ညို ကုသိုလ်ရယူ၍ သာဓုအနုမောဒနာခေါ် ဆိုနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကထိန်အလှူရှင်မိသားစု
ဦးစံရွှေအောင် ဇနီး ဒေါ်အေးအေးသန်း မိသားစု
အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)နှင့်
ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး
ဒီဂရီကောလိပ်(စစ်ကိုင်း)ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းမိသားစုများ







# မြန်မာနိုင်ငံ၏ ပထမဆုံး 3D လမ်းလျှောက်ပွဲပါဝင်နိုင်ရန် စာရင်းပေးသွင်းနိုင်၊ Active Family Day Out Event အား စီစဉ်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ၏ ပထမဆုံး 3D လမ်းလျှောက်ပွဲကြီးကို ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါလမ်းလျှောက်ပွဲအား ပါဝင်ဆင်နွှဲနိုင်ရန် နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် CMHL (City Mart Holdings Co., Ltd) နှင့် အာဆီယံနိုင်ငံများတွင် စားသောက်ကုန်နှင့် ဖျော်ရည်ပစ္စည်းများရောင်းချသည့် ကုမ္ပဏီဖြစ်သည့် F&N ကုမ္ပဏီတို့ ပူးပေါင်း၍ ကျင်းပသွားမည်ဖြစ်သည်။

“ကျွန်မတို့က စိတ်လှုပ်ရှားဖွယ်နေ့ရက်တစ်ခုကို လူတိုင်းရရှိနိုင်ဖို့ မြန်မာနိုင်ငံရဲ့ ပထမဆုံးသော 3D လမ်းလျှောက်ပွဲကြီးကို F&N နဲ့အတူတကွ ဖန်တီးနေခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ စားသုံးသူတွေ တက်ကြွရွှင်လန်းပြီး ကျန်းမာတဲ့ မိသားစုလူနေမှုဘဝကို ပိုင်ဆိုင်နိုင်ဖို့ဟာ ကျွန်မတို့ရဲ့ ရည်မှန်းချက်ဖြစ်ပါတယ်” ဟု City Mart Holdings Co., Ltd ၏ Marketing Director ဒေါ်မေဇင်စိုးထက်က ပြောပြသည်။

အဆိုပါအခမ်းအနားကို ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြခန်းများကို တစ်နေကုန်ဖွင့်လှစ်ပေးထားမည်ဖြစ်ကာ ယင်းပွဲတွင် အသက်အပိုင်းအခြား ကန့်သတ်ထားခြင်းမရှိဘဲ မည်သူမဆို ဝင်ရောက်ပါဝင်နိုင်ပြီး ရွေးချယ်ဆင်နွှဲစရာ လှုပ်ရှားမှု Activity များလည်း မြောက်မြားစွာရှိသောကြောင့် မည်သည့် အသက်အရွယ်အပိုင်းအခြားမဆို ဝင်ရောက်ဆင်နွှဲပျော်ရွှင်နိုင်မည်ဖြစ်သည်။

ဝင်ရောက်ဆင်နွှဲရန်အတွက် စာရင်းပေးသွင်းချိန် Registration ကာလမှာ ပါဝင်ဆင်နွှဲလိုသူများအနေနှင့် နံနက် ၁၀ နာရီမှ ည ၈ နာရီထိ City Mart By Marketplace၊ City Mart (သမိုင်းမြို့နယ်)၊ City Mart (Junction မော်တင်)၊ Ocean Super Center (ရွှေဂုံတိုင်) တို့တွင် စာရင်းပေးသွင်းနိုင်သည်။

3D လမ်းလျှောက်ပွဲအပြင် ပါဝင်လမ်းလျှောက်သူများအနေဖြင့် လမ်းကြောင်းတစ်လျှောက်ရှိ ပြခန်းအသီးသီးတွင် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နိုင်သည့်အပြင် အားကစား၊ လမ်းစည်းကမ်း၊ ကျန်းမာသန့်စွမ်းရေးဆိုင်ရာ စိတ်ဝင်စားဖွယ်ဂိမ်းများကိုလည်း ပျော်ရွှင်စွာကစားနိုင်ပြီး စာအုပ်များ၊ လူသုံးကုန်များနှင့် အာဟာရပြည့်ဝသော စားသောက်ဖွယ်များကိုလည်း ဝယ်ယူနိုင်မည်ဖြစ်သည်။

ယင်းအပြင် ကျန်းမာရေးနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးနိုင်ရန် ထင်ရှားသည့်ဆရာဝန်ကြီးများရှိနေမည့်အပြင် အတွေ့အကြုံများကို မျှဝေပေးမည့် အားကစားသမားများနှင့် နာမည်ကျော်သရုပ်ဆောင်များလည်း လာရောက်မည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်ကကျင်းပခဲ့သော Active Family Day Out Event တွင် ဝင်ရောက်ဆင်နွှဲသူလူဦးရေ ၂၀၀၀ ကျော်ရှိခဲ့ပြီး ကလေးများအတွက်သာမက လူကြီးများကိုပါ ပျော်ရွှင်စေသောလှုပ်ရှားမှု activity ပေါင်းမြောက်မြားစွာလည်း ပါဝင်ခဲ့သည်။

စာရင်းသွင်းကြေး Registration Fees အနေဖြင့် ရရှိသည့် အခကြေးငွေများအားလုံးအား ရန်ကင်းကလေးဆေးရုံသို့ လှူဒါန်းမည်ဖြစ်သည်။

“မနှစ်တုန်းကဆိုရင် ပွဲကရရှိသမျှငွေအားလုံးကို လှူဒါန်းခဲ့ပြီး ဒီနှစ်လည်း ယမန်နှစ်ကလိုပဲ လှူဒါန်းသွားမှာဖြစ်ပါတယ်။ စာရင်းသွင်းခ Registration Fees အနေနဲ့ ဖောင်တစ်စောင်ကို ကျပ် ၂၅၀၀ ကျသင့်မှာဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုက အုပ်စုလိုက်လှုပ်ရှားမှုဖြစ်တဲ့အတွက် ဖောင်တစ်စောင်ကို လူနှစ်ယောက်မှ သုံးယောက်အထိ စာရင်းသွင်းနိုင်မှာပါ။ အဲဒါကြောင့်မို့ ဧည့်သည်တော်များအားလုံးကို စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ Day Out Event လေးကို ပျော်ဖို့၊ ကျန်းမာဖို့အတွက်သက်သက်သာမဟုတ်ဘဲ ဒီပွဲကတစ်ဆင့်ရရှိလာတဲ့ ရန်ပုံငွေများကိုလည်း လိုအပ်တဲ့နေရာများကို လှူဒါန်းသွားမှာဖြစ်တဲ့အတွက် ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်ချင်ပါတယ်” ဟု ဒေါ်မေဇင်စိုးထက်က ထပ်လောင်းပြောပြခဲ့သည်။

**(ကြေးမုံ)**

## မိတ္ထီလာတွင် မသိုးသင်္ကန်းရက်ပူဇော်ပွဲနှင့် ဆွမ်းသပိတ် ၁၀၀၀ ကျော် ဆက်ကပ်လောင်းလှူပွဲ ကျင်းပမည်

**မိတ္ထီလာ နိုဝင်ဘာ ၁၈**

မိတ္ထီလာမြို့ သဒ္ဓမ္မာဝံသာရုံပါဠိတက္ကသိုလ်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်နှင့် တိုက်အုပ်ဆရာတော်များ၏ ဩဝါဒခံယူပြီး နဂါးရုံမဟာဗောဓိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၄၅) ကြိမ်မြောက် မသိုးသင်္ကန်းရက်ပူဇော်ပွဲနှင့် သံဃာတော်အပါး ၁၀၀၀ ကျော်တို့အား ဆွမ်းသပိတ် ၁၀၀၀ ကျော် ဆက်ကပ်လောင်းလှူပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက်(တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့) အထိ နန်းတော်ကုန်းရပ်ကွက်ရှိ အဆိုပါစေတီတော် ပညာမိကတန်ဆောင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်တိုင်းကျင်းပမြဲဖြစ်သည့် မသိုးသင်္ကန်းပြိုင်ရက်ပူဇော်ပွဲတွင် ညောင်ပင်လျှို၊ ကျောက်ပုံ၊ ရွာသစ်၊ သရက်တန်း၊ ကက္ကူကန်ကျေးရွာများမှ ပြိုင်ပွဲဝင်ရက်ကန်းအမျိုးသမီးအသင်းများက ဂေါတမီ၊ မယ်ဟေမာ၊ ဝိသာခါ၊ မယ်ယသော်၊ သာမာဝတီ အမည်များရှိသည့် ရက်ကန်းစင်ငါးစင်ဖြင့် နိုဝင်ဘာ ၂၅ ရက် ညနေ ၅ နာရီမှစတင်ပြီး မသိုးသင်္ကန်းများ ယှဉ်ပြိုင်ရက်လုပ် ပူဇော်ကြမည်ဖြစ်သည်။

မသိုးသင်္ကန်းပြိုင်ရက်ပူဇော်ပွဲမှရရှိသည့် မသိုးသင်္ကန်းများကို ည ၁၀ နာရီခန့်တွင် မီးကင်ပူဇော်ပြီး ဝိသာခါအမျိုးသမီးစက်ချုပ်အဖွဲ့မှ ဝိနည်းတော်နှင့်အညီချုပ်လုပ်ကာ စေတီတော်ဂေါပကအဖွဲ့နှင့် အကျိုးတော်ဆောင်လူငယ်များအဖွဲ့မှ မသိုးသင်္ကန်းများအား ရွှေကြာပန်းများဖြင့်အလှဆင်မည်ဖြစ်သည်။

ယင်းနောက် နဂါးရုံမဟာဗောဓိစေတီတော် လိုဏ်ဂူတော်အတွင်း တည်ထားကိုးကွယ်သည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်လေးဆူအား မသိုးသင်္ကန်းများကို ဆွမ်းသပိတ်ကုသိုလ်ရှင်များနှင့် စေတီတော်ဂေါပကအဖွဲ့ အကျိုးဆောင်များစုပေါင်း၍ အကြည်ညိုခံ ပူဇော်ကြမည်ဖြစ်သည်။

ဆွမ်းသပိတ်အလှူရှင်များအနေဖြင့် ဆွမ်းသပိတ်တစ်လုံးအကျပ် ၃၅၀၀ နှုန်းဖြင့် နဂါးရုံမဟာဗောဓိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



ကျိုက်ထိုမြို့နယ် သိမ်ဇရပ်စံပြကျေးရွာတွင် ခြောက်သွေ့သောရာသီ၌ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် အရန်မီးသတ်တပ်ဖွဲ့မှ ကျေးရွာအုပ်စုအတွင်း လိုက်လံ၍ အသိပေးနှိုးဆော်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ရဲခေါင်ဦး


### မြိတ်မြို့နယ်အသင်း (ရန်ကုန်)
### ရဟန်းခံ/သီလရှင်ဝတ်/တရားစခန်းပွဲ ကျင်းပမည်

မြိတ်မြို့နယ်အသင်း (ရန်ကုန်) ၏ သတ္တမအကြိမ်မြောက် ရဟန်းခံ/သီလရှင်ဝတ်/ ၇-ရက်တရားစခန်းပွဲကို ၁၃.၁၂.၂၀၁၅ မှ ၁၉.၁၂.၂၀၁၅ အထိ **မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပေါင်းကူညာဏရပ်ကွက်၊ ဂန္ဓမာလမ်း “မြိတ်ဘိုးဘွားရိပ်သာ (ရန်ကုန်)”** တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

တရားအားထုတ်လိုသော မြိတ်အသင်းသူ အသင်းသားများ/မြိတ်သူ မြိတ်သား ရဟန်းလောင်းများ၊ သီလရှင်လောင်းလျာများနှင့် ယောဂီ (ကျား/မ) များသည် **၈.၁၂.၂၀၁၅ (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ** နောက်ဆုံးထားပြီး မြိတ်အသင်းရုံး၊ အမှတ် (၆၈)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ် (ဖုန်း -၀၁ ၂၂၄၃၄၀) သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

တရားအားထုတ်ရန် စာရင်းပေးသွင်းပြီးသည့် ပုဂ္ဂိုလ်များသည် အိပ်ရာလိပ်/မိမိလိုအပ်သော အသုံးအဆောင်ပစ္စည်းများနှင့်အတူ **၁၂.၁၂.၂၀၁၅ (စနေနေ့) မွန်းလွဲ ၂း၀၀ နာရီအရောက်** မြိတ်အသင်းရုံးသို့ လာရောက်စုစည်းရန် ဖြစ်ပါသည်။ မြိတ်အသင်းမှ မော်တော်ယာဉ်ဖြင့် စီစဉ်ပို့ဆောင်ပေးပါမည်။

**အမှုဆောင်အဖွဲ့**



### ၁၉၇၃ - ၇၉ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ဆရာပူဇော်ပွဲ

ရန် ကုန် စက် မှု တ က္က သိုလ် ၁၉၇၃ - ၇၉ ခုနှစ်၊ ဗိ သု ကာ နှင့် အင် ဂျင် နီ ယာ ဘာ သာ ရပ် ပေါင်း စုံ ကျောင်းသား / သူများ၏ ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းပြီးသည်ဖြစ်စေ ကျောင်းမပြီးသည်ဖြစ်စေ ၁၉၇၃ ခုနှစ်တွင် ကျောင်းအတူဝင်ခဲ့သူများ၊ ၇၃ - ၇၉ Batch နှင့် အတန်းတူ တက်ခဲ့သူများနှင့် မည် သည့် ခုနှစ်တွင် ကျောင်း ဝင် ခဲ့ သည်ဖြစ်စေ ၁၉၇၉ ခုနှစ်တွင် ကျောင်းအတူပြီးခဲ့သူ သူငယ်ချင်းများအားလုံး တက်ရောက်ပါရန် ခင်မင်စွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက်အချိန် | - | ၁၂ - ၁၂ - ၂၀၁၅ (စနေနေ့) ၁၇း၀၀ နာရီ |
| နေရာ | - | M – 3 Food Center ၊ ဗဟန်းအားကစားကွင်း ၊ ဗဟန်းမြို့နယ် |

ဆက်သွယ် / လှူဒါန်းရန် -

| | | | |
|---|---|---|---|
| ပြုံးပြုံးဦး Civil | ဖုန်း-၀၉-၇၃၀၁၈၈၁၁ | မောင်မောင်အုန်း Mn | ဖုန်း-၀၉-၅၀၆၂၆၅၄ |
| နိုင်နိုင် Civil | ဖုန်း-၀၉-၄၂၀၁၈၂၈၃၈ | ကြည်ကြည်ဝင်း EP | ဖုန်း-၀၉-၂၅၀၅၁၀၁၉၂ |
| ညွှန့်ညွှန့်ဆွေ Civil | ဖုန်း-၀၉-၃၁၀၆၈၃၈၄ | မောင်မောင်ဟန် Ec | ဖုန်း-၀၉-၇၉၅၀၀၄၄၇၃ |
| ခင်မောင်သန်း Civil | ဖုန်း-၀၉-၈၃၀၁၂၆၆၊ ၀၉-၅၀၃၀၇၀၅ | သက်နိုင် Mech | ဖုန်း-၀၉-၄၅၀၀၄၆၇၅၈ |
| အောင်မြင့် Civil | ဖုန်း-၀၉-၅၁၄၆၆၂၄ | ဝင်းနိုင် (မွန်လေး) Ec | ဖုန်း-၀၉-၂၀၀၅၃၃၄ |
| မင်းစိုး Mech | ဖုန်း-၀၉-၈၆၂၀၀၄၄ | ခင်သန်းဝင်း Civil | ဖုန်း-၀၉-၈၃၀၃၈၀၀ |




# ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (အခြေခံ) သင်တန်း မြိတ်တွင်ဖွင့်လှစ်

**မြိတ် နိုဝင်ဘာ ၁၈**

ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (အခြေခံ)သင်တန်းကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှကြီးကြပ်၍ နိုဝင်ဘာ ၁၆ ရက် နံနက် ၉နာရီခွဲက GRANDJADE ဟိုတယ်ခန်းမတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မြိတ်)ရုံးခွဲမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးတင့်ဝေတို့က အမှာစကားပြောကြားပြီး မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးက သင်တန်းသားများအား ဧည့်လမ်းညွှန်လုပ်ငန်းဆောင်ရွက်ရာတွင် ဆောင်ရန်ရှောင်ရန်များကို ပညာပေးပြောကြားခဲ့သည်။

သင်တန်းတွင် ဧည့်လမ်းညွှန်နှင့်ပတ်သက်သည့် သင်ခန်းစာများကို သင်တန်းနည်းပြ ဌာနဆိုင်ရာများနှင့် ဝါရင့်ဧည့်လမ်းညွှန် ၁၇ ဦးတို့က သင်တန်းသား ၇၀ အား နံနက် ၉ နာရီ မှ ညနေ ၄ နာရီအထိ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းတက်ရောက်သူများထဲမှ ခရီးသွားလုပ်ငန်းကိုစိတ်ဝင်စားပြီး ခရီးသွားလုပ်ငန်းလုပ်ကိုင်ရာတွင် ဧည့်လမ်းညွှန် လိုင်စင်ရရှိထားပါက အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်သည့်အတွက် သင်တန်းတက်ရောက်ခြင်းဖြစ်ကြောင်း မြိတ်ဒေသသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ဧည့်လမ်းညွှန်လုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် ကန်ခေါင်းရပ်နေ ဦးသူရိန်ထွန်းက သူ၏ သင်တန်းတက်ရောက်ခြင်းအကြောင်းကို ပြောပြသည်။

မြိတ်ဒေသသည် သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်း အင်းအိုင်များ၊ သဘာဝကြိုးဝိုင်းသစ်တောများ၊ ယဉ်ကျေးမှုအမွေအနှစ်များပေါများသည့်အပြင် ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး ကျွန်းအပန်းဖြေအလည်အပတ်ခရီးများဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ ယခင်ကထက် ပိုမိုလာရောက်လည်ပတ်လျက်ရှိကြကြောင်း သိရသည်။

နိုင်ငံခြားသားခရီးသွားများအနေဖြင့် ၂၀၁၇ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ မော်တောင်နယ်စပ်လမ်းမှ ၁၃၂၄၉ ဦး၊ အခြားလမ်းမှ ၂၉၀၉ ဦး လာရောက်လည်ပတ်ခဲ့ကြကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန(မြိတ်)ရုံးခွဲမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**ခိုင်ထူး (မြိတ်ခရိုင် ပြန်/ဆက်)**

# ၆၅မိုင်ဖြင့် ခရီးရောက်မည့် မြင်းခြံ–မန္တလေးလမ်း ထပ်မံပြင်ဆင်

**နွားထိုးကြီး နိုဝင်ဘာ ၁၈**

နွားထိုးကြီးမြို့နယ်တွင်းရှိ ခရိုင်ချင်းဆက်လမ်း အမှတ်-၁ လမ်းကို ကျေးလက်ဦးစီးဌာနမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနက လွှဲပြောင်းယူပြီးနောက် လမ်းတံတားများကို ဆောက်လုပ်ရေးမူအတိုင်း ပြင်ဆင်နေပြီဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလမ်းဦးဌာန မြို့နယ်အင်ဂျင်နီယာ ဒေါ်သိမ့်သိမ့်ထွန်းက ပြောသည်။



မြင်းခြံ-မန္တလေးခရီး ၉၅ မိုင်ကို ၆၅ မိုင်နှင့်ခရီးပေါက်သည့် ခရိုင်ချင်းဆက်လမ်းကို လက်ရှိကာလတွင် ကုန်တင်ကားကြီး ၁၂ ဘီး၊ ၂၂ ဘီးကားများနှင့် ဖြတ်သန်းပြေးဆွဲနေပြီးပေ ၄၀ ရှည် သံကူကွန်ကရစ်တံတား သုံးစင်း၊ ပေ ၄၀ရှည် ရေပြွန် ရှစ်စင်း၊ ထပ်ပိုးလွှာသုံးမိုင် ကတ္တရာခင်းခြင်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်၊

မြင်းခြံ-မန္တလေး ဆက်သွယ်ရေးလမ်း ၅ လမ်းတွင် ယခုခရိုင်ချင်းဆက်လမ်းက ၆၅ မိုင်ဖြင့် အမြန်လမ်းနှင့် အပြိုင်ပြေးဆွဲနိုင်ကြောင်းသိရသည်။

**ဌေးမြင့်မောင်**

# ဖြစ်ထွန်းအောင်မြင်နေသော ငွေချည် (၉) ချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်းသရုပ်ပြ

**ပေါက် နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)က ကြီးမှူး၍ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါ ငွေချည် (၉) တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၅ ရက်က သံပုရာအိုင့်ကျေးရွာအုပ်စု ယာကြီးပြင်ကျေးရွာ၌ ကျင်းပခဲ့သည်။

ငွေချည် (၉) ချည်မျှင်ရှည်ဝါ ကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာကြသော တောင်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ဒုတိယတိုင်းဦးစီးမှူး ဦးမြင့်လွင်က ဝါသီးနှံ နှင့် ပတ်သက်သော စိုက်ပျိုးရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မာစိုးမှ ငွေချည် (၉) ချည်မျှင်ရှည်ဝါ၏ ထူးခြားသည့် လက္ခဏာများအကြောင်းဆွေးနွေးခြင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဆွေက စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးခြင်း၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေက လယ်ယာမြေအကြောင်းသိကောင်းစရာများဆွေးနွေးပြီး စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) မြို့နယ်ဦးစီးမှူး ဒေါ်တင်မာဖြိုးက တစ်ဧကအထွက်တိုးရေးအတွက် အရေးကြီးသည့် သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၀ ချက်အကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် ယာကြီးပြင်ကျေးရွာနေ တောင်သူ ဒေါ်ကောင်း စိုက်ပျိုးထားသော ကွင်းအမှတ်-၁၅၇၆ စိုက်ဧက ငါးဧကစိုက်ပျိုးထားသော ငွေချည်(၉) ချည်မျှင်ရှည်ဝါ စိုက်ခင်းအတွင်း၌ တိုင်း၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော တောင်သူများအား လက်တွေ့ကွင်းဆင်းသရုပ်ပြသရှင်းလင်းခဲ့ကြောင်း သိရသည်။

**ညဏ်တိုး(ပြန်/ဆက်)**

# ကြက်တောင်ရိုက်ပြိုင်ပွဲ ဘားအံမြို့တွင်ကျင်းပ

**ဘားအံ နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် နှစ် (၆၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ ပဒုမ္မာလမ်းရှိ မိုးလုံလေလုံအားကစားရုံတွင် ယှဉ်ပြိုင်ခဲ့သည်။

ကြက်တောင်ရိုက် ပြိုင်ပွဲတွင် အလွတ်တန်း ကျားနှစ်ယောက်တွဲပြိုင်ပွဲ၊ အကြီးတန်း ကျားနှစ်ယောက်တွဲပြိုင်ပွဲ၊ လူသစ်တန်း ကျားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# မြန်မာ့သိုင်းပညာတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် ဒိုင်း(နည်း/စနစ်)နှင့် ဆရာအဆင့် သင်တန်းဖွင့်

**မိတ္ထီလာ နိုဝင်ဘာ ၁၈**

မိတ္ထီလာခရိုင်၌ အထက်မြန်မာပြည် သိုင်းလေ့ကျင့်ရေးသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးနှင့် မျိုးဆက်သစ်သိုင်းဆရာများ ပေါ်ထွန်းလာစေရေးတို့အတွက် မြန်မာ့ရိုးရာသိုင်းပညာပြန့်ပွားရေးအဖွဲ့ မြန်မာ့သိုင်းအဖွဲ့ချုပ် အသိအမှတ်ပြု ဒိုင်း (နည်း/စနစ်) နှင့် ဆရာအဆင့် သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ခရိုင်အားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် လက်အောက် မြန်မာ့သိုင်းလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ငွေက အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် သိုင်းပညာတိုးတက်ရေးနာယက ဦးတင်မောင်ဆွေက မြန်မာမှန်ရင် မြန်မာ့သိုင်းပညာတတ်ရမည် ဆောင်ပုဒ်အတိုင်း မြန်မာ့ရိုးရာသိုင်းပညာပြန့်ပွားရေးအတွက် မြို့ပေါ်ရပ်ကွက်များသာမက ကျေးလက်တောရွာများ၌ပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး မြန်မာ့ရိုးရာအမွေအနှစ်ထိန်းသိမ်းနိုင်ရန်၊ အသက်အန္တရာယ်ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ယခုအခါ မြန်မာ့ရိုးရာသိုင်းပညာကို အားကစားနည်းအသွင်ဖြင့် နိုင်ငံတော်မှ ပြိုင်ပွဲများကျင်းပပေးလျက်ရှိသောကြောင့် မြန်မာ့ရိုးရာသိုင်းပညာကို အစဉ်အမြဲလေ့ကျင့်ကြရန် ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးလှအောင်က မြန်မာ့ရိုးရာသိုင်းပညာပြန့်ပွားရေးအဖွဲ့ မြန်မာ့သိုင်းအဖွဲ့ချုပ်အသိအမှတ်ပြု ဒိုင်း (နည်း/စနစ်) နှင့် ဆရာအဆင့် သင်တန်းဖွင့်လှစ်ရခြင်းမှာ ရက်တိုသင်တန်းဖြစ်သော်လည်း မိတ္ထီလာခရိုင်၌ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်လက်အောက် အထက်မြန်မာပြည် မြန်မာ့သိုင်းလေ့ကျင့်ရေးကျောင်းဖွင့်လှစ်နိုင်ရန်နှင့် မျိုးဆက်သစ်သိုင်းဆရာများ ပေါ်ထွန်းလာစေရေးတို့အတွက် အသိအမှတ်မပြုရသေးသော သိုင်းသမားများအား သိုင်းအဖွဲ့ချုပ်မှ အသိအမှတ်ပြုနိုင်ရေး၊ အသိမှတ်ပြုပြီး သိုင်းသမားများအား အဆင့်မြှင့်တင်နိုင်ရေးတို့အတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းစည်းကမ်းဥပဒေနှင့် သမိုင်းကြောင်းများ၊ ပြိုင်ပွဲဝင်နည်းစနစ်များ၊ နည်းဥပဒေများ၊ သိုင်းသမားတစ်ဦးလိုက်နာရမည့် စည်းကမ်းများ၊ နည်းစနစ်များကို နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်ထိ စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ရာ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ သိုင်းသမားများတက်ရောက်ခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တပ်ကုန်းမြို့၌ (၄၉) ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်ကြီး စည်းကားသိုက်မြိုက်စွာကျင်းပမည်

**တပ်ကုန်း နိုဝင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် မြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကြီးကို ယခုနှစ် (၄၉)ကြိမ်မြောက် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဟာဘုံကထိန်ဦးစီးကော်မတီများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီက မြို့နယ်ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး၌ ပွဲတော်နှင့်ပတ်သက်သည့် လုပ်ငန်းကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

မဟာဘုံကထိန်ပွဲတော်ကြီးကို "ကျွန်တော်တို့မြို့နယ်သူ၊ မြို့နယ်သားတို့၏ စေတနာအလျှောက် ချွေးနဲ့စာအလှူငွေဖြင့် ကထိန်ဒါယကာ၊ ကထိန်ဒါယိကာမများ အဖြစ်ခံယူခြင်း၊ တစ်မြို့နယ်လုံးရှိ ဘုန်းတော်ကြီးကျောင်းများကို နှစ်စဉ်အလှည့်ကျပင့်ဆောင်ပြီး ကထိန်ခင်းလျက်ပစ္စည်းလေးပါးလှူဖွယ်ရာများ ဆက်ကပ်ခြင်း၊ နှစ်စဉ်ကထိန်အာနိသင်ရရှိနိုင်သည့် ဘုန်းတော်ကြီးကျောင်းအရေအတွက် သတ်မှတ်ပြီး ကထိန်လျာသက်န်းကပ်လှူခြင်း၊ နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်များ ပူဇော်ဆက်ကပ်ခြင်း ခံရသည့် ဆရာတော်ကြီးများအား နှစ်စဉ်ပင့်ဆောင်ပြီး လှူဖွယ်ဝတ္ထုဆက်ကပ်ခြင်း၊ ကုသိုလ်ရှင်စေတနာရှင်များဖြစ်ကြသော ရပ်ကွက်၊ကျေးရွာများ၊ တပ်နယ်တပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲစခန်းများ၊ ပညာရေးမှူးရုံးနှင့် အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာများ၊ သီးခြားအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များမှ လှူဖွယ်ပစ္စည်းများကို ပဒေသာပင်များသီး၍ မြို့နယ်ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီးတွင် ခင်းကျင်းအလှူပြသပြီး မဲဖောက်လှူဒါန်း၍ ရေစက်ချတရားတော်ဖြင့် အောင်မြင်စွာကျင်းပပါသည်"ဟု မဟာဘုံကထိန် ဦးစီးကော်မတီအဖွဲ့ဝင်အတွင်းရေးမှူး ဦးကျော်မြင့်၏ ပြောပြချက်အရသိရသည်။



ထိုကထိန်ပွဲတော်ကြီးသည် စေတနာရှင် မြို့နယ်သူ၊ မြို့နယ်သားများ၏ သဒ္ဓါကြည်ဖြူမွန်မြတ်သော စေတနာငွေကြေးများဖြင့် တန်ဆောင်မုန်းလဆန်း (၁၁)ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိကျင်းပသော မြို့နယ်အစဉ်အလာပွဲတော်ကြီးဖြစ်သည်။ ယင်းပွဲတော်တွင် စားသောက်ကုန်မျိုးစုံ၊ လူအသုံးအဆောင်မျိုးစုံ၊ တောင်သူသုံးပစ္စည်းမျိုးစုံပါဝင်သည့် ဆိုင်ခန်းပေါင်းများစုံလင်စွာနှင့်ချား၊ ရဟတ်၊ ဇာတ်ပွဲရုံ၊ နိုင်ငံကျော်အဆိုတော်တို့၏ ဖျော်ဖြေရေးယာဉ်များဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

# Mobile School (Computer) သင်တန်းဖွင့်

**ပုသိမ် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ Mobile School (Computer) သင်တန်းကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉နာရီက KMD ကွန်ပျူတာသင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပုသိမ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစတင်ဝေက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် လာစေရန်အတွက် သင်တန်းမှ ရရှိလာသော အသိပညာများကို ကျေးလက်များသို့ လက်ဆင့်ကမ်းမျှဝေပေးစေလိုကြောင်း ပြောကြားသည်။ သင်တန်းကာလမှာ ရက်သတ္တပတ် နှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## (၆၉)ကြိမ်မြောက်မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီဖွဲ့စည်းခြင်း ဖိတ်ကြားလွှာ

(၂၄. ၂. ၂၀၁၆) ဗုဒ္ဓဟူးနေ့တွင် ကျရောက်မည့် (၆၉)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အလုပ်အမှုဆောင်ဖွဲ့စည်းခြင်းကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မွန်အမျိုးသား အမျိုးသမီးများ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** – ၂၉. ၁၁. ၂၀၁၅(တနင်္ဂနွေနေ့)
**အချိန်** – မွန်းလွဲ(၁း၀၀)နာရီ
**နေရာ** – အမှတ် ၁၈၅၊ မွန်ပိဋကတ်တိုက် ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

*(အလုပ်အမှုဆောင်အဖွဲ့)*
*(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ(ရန်ကုန်)*

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph: 209200, 544383, 430480

ဟိန်း
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားများငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

## မြေကွက်များ ဝယ်လိုသည်

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက် များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊
၀၉-၂၆၀၆၆၄၄၉၀

## အမြန်ပြန်လာပါ

ဦးငွေအောင် [၈/မမန(နိုင်)၀၁၃၃၃၇]
အိမ်ကို အမြန်ဆုံးပြန်လာပါ။
ဇနီးနှင့်သမီးများအားလုံး စိတ်ပူနေသည်။
ဇနီး-ဒေါ်တင်နိုင်
[၈/မမန(နိုင်)၀၀၉၄၈၆]

## အမည်ပြောင်း

မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ ဓမ္မပိယလမ်း၊ အမှတ် ၁/၆၇ နေ ဦးဝင်းဇော်ခိုင်-ဒေါ်သန်းသန်းနိုင်တို့၏ သမီး အ. လ. က-၅၊ မင်္ဂလာဒုံ ပဋ္ဌမတန်း Aမှ မအိမွန်ကျော်အား မအိမွန်ကျော်(ခ) မသွန်းသက်ထားဟု ခေါ်ပါရန်။

## အမှားပြင်ဆင်ခြင်း

မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း၏ အသင်းသားစုံညီအစည်းအဝေး နေ့ရက်မှာ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက် ဖြစ်ပါကြောင်း၊ အမှားပြင်ဆင်၊ အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုးသူရဟိန်း (CDC-95147) ကိုင်ဆောင်သူ၏ BST/SSA/DSD/TF သင်္ဘောသားလက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၄၄၅၂၈၃

## ကြေညာချက်
## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ကျင်းပပြုလုပ်မည့် (၁၅၂)ကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် (ခန်းမအတွင်း) ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းရန် လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၁၁-၂၀၁၅ ရက် (အင်္ဂါနေ့)တွင် တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ဌာနမှူး၊ သင်တန်းရေးရာဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်ထံတွင် သက်တမ်းရှိသော ဓာတ်ပုံလုပ်ငန်းလိုင်စင်မူရင်းနှင့် မိတ္တူတင်ပြ၍ ဝယ်ယူတင်သွင်း နိုင်ပါသည်။

၃။ အိတ်ဖွင့်ဈေးနှုန်းလွှာများကို ၁-၁၂-၂၀၁၅ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီထက် နောက်မကျစေဘဲ ပါမောက္ခချုပ်ရုံးခန်းရှိ အိတ်ဖွင့်တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဖုန်း-၅၂၅၁၄၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ဓာတ်ပုံလုပ်ငန်းတင်ဒါအဖွဲ့
ရန်ကုန်အဝေးသင်တက္ကသိုလ်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဒေးကြွယ်(က)၊ စံပြရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်-၃၂၊ တစ်ခန်းတွဲ (၅) ထပ်တိုက်မှ ပထမထပ် အလျား×အနံ×အမြင့် ပေ(၂၅×၅၀×၁၀)၊ ရေမီး အပြည့်အစုံ၊ ပြင်ဆင်ပြီး လူနေထိုင်ခွင့်ရ တိုက်ခန်းတစ်ခန်းကို လက်ရှိ ဝယ်ယူပိုင်ဆိုင်နေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများ ကန့်ကွက်လိုလျှင် စာရွက်စာတမ်း အပြည့်အစုံဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အသိပေးလိုက်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်မေစပယ်မြင့် (စဉ်-၃၂၉၉၂)- အထက်တန်းရှေ့နေ**
**LL.B,D.B.L, D.I.L, D.L.P(101), WI.P.O (SWITZERLAND)**
**အမှတ်(၇)၊ မြေညီ၊ ၃၃လမ်း၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၃၄၃၆၉၊ ၀၉ ၅၀၃၁၈၁၀**

## ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း

ကိုစိုးမင်းထွေး [၁၂/လမန(နိုင်)၁၀၂၁၉၂] (ဘ) ဦးဝင်းကြိုင်သည် ကျွန်မ မကေသီစိုး [၁၂/လမန(နိုင်)၁၂၂၄၆၈] အပေါ်တွင် ခွင့်မလွှတ်နိုင်သော အကြောင်းကိစ္စများကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှစ၍ ပြုလုပ်ပြီး ယနေ့ထိတိုင် ခင်ပွန်းဝတ္တရားများကို ပျက်ကွက်ခဲ့ပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**မကေသီစိုး[၁၂/လမန(နိုင်)၁၂၂၄၆၈]**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လူနေရပ်ကွက်အမှတ်-အောင်မြေသာစည် အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (၇၄)၊ မြေကွက်အမှတ်-၃၆၊ သန္တာလမ်း၊ ဧရိယာ(၀. ၁၀၇)ဧက၊ (အလျား ၆၂'×အနံ ၇၅. ၆')၊ နှစ်(၆၀)ဂရန်မြေ အမျိုးအစား အမည်ပေါက် ဒေါ်ရင်မေ [၁၂/ကမတ(နိုင်)၀၀၅၄၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လွင်မာထွန်း(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၁၁၈၅)**
**ဖုန်း-၀၉-၄၄၈၀၀၁၃၁၄၊ ၀၉-၇၉၅၄၂၀၅၈၈**
**အမှတ်(၂၅၄)၊ သရဖီ(၃)လမ်း၊ (၁၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ညွန့်ညွန့်ဝေ [၁၂/အစန(နိုင်)၀၉၇၄၀၃]၊ အမှတ်(၅၅၉)၊ ယူအီးကုမ္ပဏီလမ်း၊ ၂/ရပ်ကွက်၊ မှော်ဘီမြို့နေထိုင်သူက အမှတ်(၉၂/က-ခ)၊ ပေ(၄၀×၆၀) မြေပေါ်တွင် ဆောက်လုပ်သော (၆)ထပ်တိုက်(၃)ခန်းတွဲမှ ပဋ္ဌမထပ်၊ (၆)လွှာ အလယ်ခန်း (၁၂ပေ×၅၄ပေ) တိုက်ခန်းကို ဝယ်ယူရန် စရန်ငွေ အချို့အဝက်အား ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ ဆိုင်ရေးဆိုင်ခွင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဖုန်းနံပါတ် ၀၉-၇၉၈၃၇၀၈၄၇သို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်လှိုင်**
**အထက်တန်းရှေ့နေ**
**(စဉ်-၂၂၅၁၄)**

# ပဲခူးမြို့တွင်းယာဉ်မောင်းများအား အရှိန်နှုန်းလျှော့ကြော်ငြာဘုတ်စိုက်ထူသတိပေးရန်လိုအပ်နေ

**ပဲခူး နိုဝင်ဘာ ၁၈**

ပဲခူးမြို့တွင်း EXPRESS မီနီဘက် ဟိုင်းလတ်ခရီးသည်တင်လိုင်းကား၊ မြို့တွင်းပြေးယာဉ်ငယ်၊ ဆိုင်ကယ်ကယ်ရီ၊ ကိုယ်ပိုင်ဆိုင်ကယ်များစသည့် ယာဉ်တို့ဖြင့် သွားလာနေကြရာတွင် အဝေးပြေးယာဉ်ဝင်း အဟောင်းမှ ကျောက်တွင်းကုန်းလမ်းဆုံအထိ ရန်ကုန်မန္တလေးကားလမ်းမတစ်လျှောက်နေ့စဉ် ရှုပ်ထွေးမှုများဖြင့် ကြုံနေကြရပြီး အဝေးပြေးလိုင်းကား၊ မြို့တွင်းယာဉ်ငယ်များတို့မှ သူ့ထက်ငါခရီးသည်ရရှိရေး အလုအယက် မောင်းနေကြခြင်း၊ ဆိုင်ကယ်မောင်းများကလည်း အရှိန်မလျှော့ဘဲအလွန်အကျွံမောင်းနေခြင်းတို့ကြောင့်မကြာခဏ ယာဉ်အန္တရာယ်ဖြစ်ပွားမှုများနှင့် ကြုံတွေ့နေကြရသည်။

ယင်းကဲ့သို့ အဝေးပြေးလိုင်းကား၊ မြို့တွင်းပြေးယာဉ်ငယ်၊ ဆိုင်ကယ်များ အရှိန်မလျှော့ဘဲ အလွန်အကျွံ မောင်းနှင်ပြီး ယာဉ်အန္တရာယ်မကြာခဏ ပဲခူးမြို့တွင်ကြုံနေကြရသဖြင့် အရှိန်လျှော့(နှုန်း)ကြော်ငြာဘုတ် ပဲခူးမြို့တွင်မြင်သာစွာ စိုက်ထူသတိပေးရန်လိုအပ်နေကြောင်း ရေးသားလိုက်ရပါသည်။

**(ဍာဂ)**

# မြစိမ်းရောင်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖြစ်ထွန်းလျက်ရှိသည့် လုပ်ငန်းများအားကြည့်ရှုစစ်ဆေး

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တင့်ကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့်အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် သီးနှံစိုက်ခင်းများနှင့် မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများအား နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်မြင့်ဝင်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ယင်းနေ့က မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာရင်းဇယားထိန်းသိမ်းထားရှိမှု အခြေအနေများအားစစ်ဆေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာ ခုနစ်ရွာဆောင်ရွက်ခွင့်ရရှိခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ ၁၅ ရွာ ထပ်မံဆောင်ရွက်ခွင့်ရရှိခဲ့ရာ စုစုပေါင်းကျေးရွာ ၂၂ ရွာအား ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသည့် လူနေမှုဘဝများတိုးတက်မြင့်မားအောင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ စီဖြင့် စီမံကိန်းဝင်ကျေးရွာအသီးသီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြရာ တင့်ကန်ကျေးရွာတွင် ဝက်နှင့် နွားမွေးမြူရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေသည့်အပြင် စိုက်ပျိုးထားရှိသည့် ပဲစင်းငုံစိုက်ခင်းများနှင့်မြေပဲသီးနှံ စိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြစိမ်းရောင်ကျေးရွာလည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြသည့်လုပ်ငန်းများမှာ ယခုအခါလုပ်ငန်းများအရှိန်အဟုန်ရရှိလာသည်နှင့်အမျှ အဆိုပါကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ရာ ကျေးလက်နှင့် မြို့ပြလူနေမှုများ ကွာဟချက်ကျဉ်းမြောင်းလာတော့မည်ဖြစ်သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# တောင်တွင်းကြီးမြို့တွင် ကြက်ခြံမီးလောင်မှုဖြစ်ပွား

**တောင်တွင်းကြီး နိုဝင်ဘာ ၁၈**

တောင်တွင်းကြီးမြို့ အုန်းတော်(၂)ရပ်ကွက်ရှိ ကြက်ခြံတစ်ခုတွင် နိုဝင်ဘာ ၁၆ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် နံနက် ၆ နာရီခွဲက အုန်းတော (၂)ရပ်ကွက်ရှိ စက်မှုလယ်ယာလမ်းတွင် မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ တောင်တွင်းကြီးမြို့မရဲစခန်းမှ ဒုရဲအုပ်ဝေဖြိုးသူ သွားရောက်စစ်ဆေးခဲ့သည်။ ဟိန်းကိုဦး အသက်(၂၂)နှစ်၊ ရွှေအိုး(၁)ရပ်ကွက်၊ တောင်တွင်းမြို့နေသူသည် ၎င်းပိုင် (၇)ပေပတ်လည်(၆)ခန်းတွဲ၊ ဝါးကြမ်းခင်း၊ သက်ကယ်မိုး၊ ဝါးခြမ်းကာ ကြက်မွေးမြူရေးအဆောက်အအုံတွင် ကြက်ပေါက်များအား လျှပ်စစ်မီးအပူပေးရာမှ အပူလွန်ကဲကာ ဝါယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့သဖြင့် (၇)ပေပတ်လည် (၂)ခန်း၊ ဝါးကြမ်းခင်း (၅)ပေပတ်လည်နှင့် (၃)ရက်သား ကြက်သားပေါက် (၇၀၀) ကောင်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမှုစစ်ရဲအရာရှိ၏ စစ်ဆေးချက်အရသိရသည်။

ဖြစ်စဉ်နှင့်ပက်သက်၍ ကြက်ခြံပိုင်ရှင် ဟိန်းကိုဦးအား တောင်တွင်းကြီးမြို့နယ်၊ မြို့မရဲစခန်းမှ (ပ) ၄၄၁/၂၀၁၅၊ပုဒ်မ ၂၈၅ ဖြင့်အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# သုံးခွမြို့၌ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)ဖွင့်လှစ်



**သုံးခွ နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝိတ်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားတွင် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက အဖွင့်စကားပြောကြားရာတွင် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့အောင် ဝန်ဆောင်မှုပေးရန်၊ လာဘ်ပေးလာဘ်ယူမှုကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးပွားရန်၊ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ ဦးစီးဌာနအလိုက် အပြန်အလှန် ထိန်းကျောင်းရန် စသည်ဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုတွင် မြို့နယ်အထွေထွေဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၊ ရန်ကုန်မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့မှ ဝန်ဆောင်မှုများ ပေးသွားမည်ဟုသိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

ဘီလပ်မြေအိတ်များလှူဒါန်းနိုင်
ချောက်ညွှန့်လာ ကမ္ဘာ့ဆောတော် PINNYA SHI - KBZ Bank
(Account No.0701210008223)

ရွှေအနွယ်တော် ... 09-43070240, 09-253522622
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်ဘုရား (၅)ရက် —— (50000)
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ ကလော (၅)ရက် —— (50000)
* ပုဂံ (စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၅)ရက် —— (45000)
* ကယားပြည်နယ်၊ လွိုင်ကော်၊ တောင်ကွဲစေတီ၊ ကလော (၃)ရက် —— (45000)
* ကျိုက်ထီးရိုး(နေ့စဉ်) (8000) * မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ(၃)ရက် (25000)
* ဇလွန် (12000) * ပြည်အကောက်တောင် (20000) * ချောင်းသာ (12500)

SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
ဆဲဗင်းလ်စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

Modern Myanmar TRAVELS
ကျိုက်ထီးရိုး (နေ့စဉ်) 10000
ချောင်းသာ -35000 -45000
ငွေဆောင် -52000
ကားမျိုးစုံစင်းလုံးငှား စီစဉ်ပေးပါသည်။
09-450047016, 09-253540004

ငွေစင်ညွှန့်း ခရီးသွားဝန်ဆောင်မှု
➢ တောင်ကြီးမီးပုံးပျံပွဲတော်၊ အင်းလေး Nov 25 130000Ks/65000Ks
➢ တောင်ငူ၊ သံတောင်ကြီး၊ဖိုးကျားဆင်စခန်း Nov 25,28 35000Ks
➢ ကရင်ပြည်နယ်၊ ဘားအံ၊ ကျုံထော်(ရေတံခွန်) Nov 25,28 35000Ks
Ph: 09-5144756, 09-5112892, 09-420110022

ဆောင်း နှင့် မိုး တန်ဆောင်တိုင်ပွဲတော်
၂၀/၂၄-၁၁-၂၀၁၅ နေ့ ထွက်မည်။
တောင်ကြီးမီးပုံးပျံလွှတ်ပွဲ၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ ထမ်စမ်းဂူ၊ မွေတော်ကျွန်း
(၅)ရက်ခရီးစဉ် - ၅၅၀၀၀ ကျပ် ဆက်၍ ကယားပြည်နယ်၊ လွိုင်ကော်၊ တောင်ကွဲစေတီ၊ မြို့နန်းဘုရား ထီးပွင့်ကန်၊ ငွေတောင်ဆည် (၆)ရက်ခရီးစဉ် - ၆၅၀၀၀ ကျပ်
Ph : 09 448004288, 09 448004289

သိုးရော်သီ ဝမ္မဒါန
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ
ထန်စမ်း(ထမင်းကျွေး-၅၀၀၀၀/-)
ကျိုက်ထီးရိုး၊ ကျိုက္ကမီ၊ စက်စဲ၊ နွားလပို့ (တစ်ဦး-၂၅၀၀၀/-)
Nov 20,24,25
420144148, 421153797

သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်
YOUR INDUSTRY, YOUR DIRECTORY
MYANMAR TEXTILE GARMENT DIRECTORY
www.myanmartextiledirectory.com
၂၀၁၆ အတွက် ကြော်ငြာထည့်သွင်းလိုပါက
YANGON
Sale: 09 44800 1662
Tel: 373254, 245358 Ext: 810-819
Email: ydg.adv@gmail.com
MANDALAY
Sale: 02 4000611
Tel: 02 4000612, 614, 615, 616
Email: mdg.adv@gmail.com

## NEW MOTION Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ရွှေလျှားသစ်လွင် ခရီးစဉ်

- ★ တောင်ကြီးမီးပုံးပျံပွဲ (တောင်ကြီး- ကက္ကူ- ထမ်စမ်း- အင်းလေး- ပင်းတယ- ကလော) - Nov 24, Nov 25
- ★ မန္တလေးမီးပုံးပျံပွဲ (မန္တလေး - ပြင်ဦးလွင် - ကျောက်စိမ်းဘုရား- စစ်ကိုင်း - မင်းကွန်း) - Nov 21
- ★ ပုဂံခရီးစဉ် (ပုဂံ - ပုပ္ပါး- စွယ်တော်လေးဆူ - ပခုက္ကူ) - Nov 25

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09 492 529 11, 09 492 529 22, 09 731 489 22

## HIGHWAY STAR
TRAVELS & TOURS CO., LTD

Nov (25) 160000 Discount 150000

Nov 21 25 28 35000

(Scania ကား ၊ 3 Stars Hotel၊ နံနက်စာ၊ နေ့လည်စာ၊ ညစာ၊ Game, Gift )

09-253 235 411-22, 09-253 241 300, 09-795 565 199, 09-36 220 162

## မိုးမြင့်ကြယ်

| | |
|---|---|
| ကျိုက်ထီးရိုး (ငြိမ်း) | 33000 |
| ချောင်းသာ Hotel(ငြိမ်း) | 35000 / 45000 |
| ငွေဆောင် (Hotel+ကား) | 45000 |

ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။

01-549380,09-5093704,09-450012971

## အလင်းရောင်
www.alinyaungtravels.com

+တောင်ကြီး/ပြင်ဦးလွင်(မီးပုံးပျံပွဲတော်)သို့.. Yutone,ဂျာမနီMan,Japan ကားများဖြင့်-နေ့စဉ်
+ကျိုက်ထီးရိုး (နံနက်/ညကား) နေ့စဉ် (နေ့ချင်းပြန်-အထူး)-28000 +ချောင်းသာ Package -30000
+တောင်ကြီး(မီးပုံးပျံပွဲတော်)၊အင်းလေး၊ထမ်စမ်းဂူ၊မွေတော်ကက္ကူ-55000 /G-75000
+ပြင်ဦးလွင်(မီးပုံးပျံပွဲတော်)၊ မန္တလေး၊ ကျောက်စိမ်းဘုရား၊ မင်းကွန်း၊ ရေပြာအိုင် -70000
+ကျောက်ဆည်ရွှေပောင်းဂူ၊ကျောက်စိမ်းဘုရား၊မန္တလေး (နေ့ချင်းပြန်)Nov-14/25-35000
+ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး* (Guest/Hotel) -65000 Nov 20/24/27
09421061860,421099405,421129597

## KMD Institute ဂုဏ်ယူဝမ်းမြောက်ခြင်း

NCC education | the UNIVERSITY of GREENWICH




NCC Education UK ၏ March 2015 စာမေးပွဲတွင်
တစ်ကမ္ဘာလုံး အမှတ်အများဆုံးဆုရှင်များ အဖြစ်
ဂုဏ်ထူးဆောင်နိုင်ခဲ့သော ပထမနစ်မှ မောင်သူရိန်ထွဋ် နှင့်
ဒုတိယနစ်မှ မောင်ကျော်ပြည့်စုံဝင်း တို့အား
KMD မှ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း




No.331, Pyay Road, Sanchaung Tsp, Yangon, Myanmar. Tel: 95-1-502233, 527436, 534170, 220555, 700895

## CONSTRUCTION, POWER & MINING Myanmar 2015

The 3rd International Construction, Power & Mining Exhibition

Visit

The 3rd international exhibition for the building & construction, electrical power & renewable energy and mining & minerals recovery for Myanmar.

Including:
- Over 160 leading companies from around the world
- 6 international groups from China, France, Germany, Korea, Singapore and Taiwan
- Industry Conferences & Seminars

26-28 November 2015 Myanmar Convention Centre (MCC) Yangon • 9.00-17.00 Hrs.



Visitors can pre-register online or onsite at the exhibition
www.cpmmyanmar.com

Supported by | Acknowledged by | Platinum Sponsor Z&A | Gold Sponsor SANY | Supporting Media | Organised by

## အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D GROUP



# W.S.D Pile

လူကြီးမင်းတို့၏ အဆောက်အအုံများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph:01-381964, 09-73131288, 09-73150482, 09-977909888, 09-250499988
Off: Ph- 09-250 288811, FAX: 01-381964, Email: wsdmyanmar@gmail.com

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

IM(1),Ygn,1965-72 Batch မှ ဒေါက်တာဦးကျော်နိုင် (ဒုဗိုလ်မှူးကြီး-ငြိမ်း)သည် ၁၂-၁၁-၂၀၁၅ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန္တလေးရောက်သူငယ်ချင်းများ**
**ခွန်စိုးမိုး၊ ခင်မောင်လွင်၊**
**ခင်အုန်းဟန်၊ ဉာဏ်ထွန်း၊**
**ထွန်းရွှေ၊ မြတ်ထွန်း၏**
**မျိုးညွန့်၊ ရဲမင်း**
**လှိုင်မိုး၊ သန်းဆွေ၊**
**သန်းငွေ၊ သန်းမြင့်**

## မြင်းမိုရ်တောင်ဦးမက ကျေးဇူးကြီးမားလှသော ချစ်ဖေဖေသို့ (၄)နှစ်ပြည့်အလွမ်း

### ဦးတင်မြင့် အသက်(၆၁)နှစ်

**အင်ဂျင်နီယာမှူး(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

ချစ်ဖေဖေ ဇနီး၊ သမီး၊ သားတို့မိသားစုထဲမှ နှုတ်မဆက်ဘဲ ရုတ်တရက်ထွက်ခွာသွားတာ (၁၉-၁၁-၂၀၁၅) လေးနှစ်တောင်ပြည့်သွားပြီနော်။ သမီးတို့အားလုံးအပေါ် မှာ နောက်ဆုံးထွက်သက်အထိ တာဝန်အရမ်းကျေပြီး မျက်နှာတစ်ချက်မညိုအောင် အလိုလိုက်ပြီး ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအပေါ် အမြဲကူညီတတ်တဲ့ ချစ်ဖေဖေရဲ့ ကြီးမားသောကျေးဇူးတရားကို ဘယ်လိုမှ ဆပ်လို့မကုန်ပါဘူး၊ အမြဲပြုံးနေတတ်ပြီး ဖြူစင်ရှင်းသန့်တဲ့ စိတ်သဘောထားအလွန်နူးညံ့ပြီး ချောမောလှပသော အဖေ့မျက်နှာကို သမီးတို့အားလုံး တစ်နေ့တစ်ရက်မှမမေ့ပါဘူး။ အိပ်မက်တွေသာဖြစ်ရင် အရမ်းကောင်းမှာပဲ ချစ်ဖေဖေ။ သမီးတို့အတွက် ဘယ်လိုမှ ပြန်မရနိုင်တော့တဲ့ အကြီးမားဆုံးသော ဆုံးရှုံးမှုကြီးတစ်ခုပါ ။ သမီးတို့မိသားစု ရွှေတောင်ကြီးပြိုလဲခဲ့ပါပြီ။ ချစ်ဖေဖေ နောင်သံသရာမှာ ဒီလိုအဖြစ်မျိုး ဘယ်သောအခါမှ မကြုံတွေ့ပါစေနဲ့။ ဖြစ်လေရာဘဝတိုင်းမှာ သူတော်ကောင်းနဲ့သာတွေ့ပါစေ။ ကျေးဇူးတရားကိုသိတတ်သောသူတွေနဲ့သာတွေ့ပါစေ။ အဖေ့အတွက် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် သမီးတို့မိသားစုအားလုံး ပြုလုပ်ပေးတဲ့ အလှူဒါနအစုစုကို မြင့်မြတ်တဲ့ဘုံဘဝမှ မြင်နိုင်၊ ကြားနိုင်၊ သိနိုင်ပြီး စိတ်ထား အရမ်းကောင်းတဲ့ အချစ်ဆုံးဖေဖေ သာဓုအနုမောဒနာခေါ် ဆိုနိုင်ပါစေ . . . .

| | | |
|---|---|---|
| **ချစ်ဇနီး** | - | **ဒေါ်တင်တင်သိန်း(လ/ထမန်နေဂျာ-ငြိမ်း၊ မြန်မာ့အာမခံလုပ်ငန်း)** |
| **ချစ်သမီးကြီး** | - | **ဦးရဲဝင်းကျော်-ဒေါ်ပြည့်ပြည့်တင်မြင့်** |
| **ချစ်သမီးလတ်** | - | **ဗိုလ်မှူးရဲထွန်းလတ်-ဒေါ်အိန္ဒြာတင်မြင့်** |
| **ချစ်သားငယ်** | - | **ဦးအာကာဘိုတင်မြင့်** |
| **ချစ်မြေးလေးများ** | - | **မောင်ဘုန်းပြည့်မင်းခန့်(Grade-4 , TTC ရန်ကင်း)၊ မဆုပြည့်အလင်္ကာ၊ မသွန်းပြည့်ရတီ** |

## ဂျိုးဖြူသာသနာပြုဆရာတော်

### ဘဒ္ဒန္တအဂ္ဂသာရ (အဖေကြီးဦးအေးဖေ)

**(M.A, BL) (DIP.Japanes)**

**နှင့်သားကိုထိန်လင်းအေး မိသားစုမှ**

### ကျေးဇူးတင်လွှာ

၁၆-၁၁-၂၀၁၅ ရက်နေ့တွင် အမေကြီး ဒေါ်ခင်မြသိန်း(ခ)ခင်တင်မြလေး၏ ဈာပနအခမ်းအနားအား အမှတ်(၂) တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်ရာတွင် လမ်းခရီးတစ်လျှောက် အစစအရာရာ အဆင်ပြေချောမွေ့စေရန် ကူညီဆောင်ရွက်ပေးကြပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ၊ ရန်ကုန်တိုင်းဒေသကြီး၊ မထသမှ ဉက္ကဋ္ဌ ဗိုလ်ချုပ်ထိန်ဝင်းနှင့် အဖွဲ့သားများ၊ အမှတ်(၁) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ခင်မောင်သန်းနှင့် ဇနီး၊ လိုက်ပါပို့ဆောင်ကြသော အဖေကြီး၏ သား/သမီး တပည့်များ၊ ခုနစ်ရက်သားသမီးများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**အဖေကြီး ဘုန်းဘုန်းနှင့်**
**သား ကိုထိန်လင်းအေး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကုမာရီ B.Sc(Zoology)

### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၃)လမ်း၊ အမှတ်(၅၉)နေ (ဦးစွပ္ပရား-ဒေါ်ပါးပါး) တို့၏သမီး ဒေါ်ကုမာရီ အသက်(၅၆)နှစ်သည် ၄-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ(၁၉၈၁-၈၂)**
**ဒေါ်နွယ်နီအေး၊ ဒေါ်သင်းသင်းလှိုင်၊ ဒေါ်ခင်သင်းရီ၊**
**ဒေါ်အေးအေးမြင့်၊ ဒေါ်စန်းသီတာ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်မလေး

### အသက်(၆၀)

ရဲမှူးချုပ်သူရဘိုနီ၏ဇနီး၊ ဗိုလ်ကြီးလှဲ့လှဲ့ဘိုနီ(တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ (လစရ-၄)-မနိုနိုဇော်တို့၏ မိခင်ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမင်းညွန့်-ဒေါ်ညိုညို၊ ဦးဇော်ဝင်း၊ ဒေါ်မီမီညွန့်)**
**ဗိုလ်ကြီးသန့်လွင်ဦး-ဒေါက်တာဖြိုးစန္ဒီ မိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ မြေကွက်အမှတ်(၆၄၅/က)၊ မြေကွက်တည်နေရာအမှတ်-၆၄၅/က၊ ခိုင်ရွှေဝါလမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအေးရွှေ (CI-၀၅၈၇၇၈)၊ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ ဒေါ်ခင်သန်းဦး၊ ဒေါ်စန်းစန်းမြင့်တို့မှ ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၇ဖြင့် ဦးအေးရွှေအား ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁၈ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား-ဒုဦးစီးမှူးဒေါ်အိအိဖြူ[၁၂/ဒဂတ(နိုင်)၀၆၇၉၄၉]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကျီးညို

### အသက် (၅၅)နှစ်

**B.Sc (Marine Biology) (1983)**

**စွမ်းအင် စက်သုံးဆီရောင်းဝယ်ရေး၊ မြင်းမူမြို့**

၁၉၈၄ခုနှစ် အဏ္ဏဝါဇီဝဗေဒကျောင်းသူဟောင်း ဒေါ်ခင်စန်းရီ၏ခင်ပွန်း ၁၉၈၃ ခုနှစ် အဏ္ဏဝါဇီဝဗေဒကျောင်းသားဟောင်း ဦးကျီးညိုသည် ၇-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာအဏ္ဏဝါသိပ္ပံအသင်း(MSAM)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

### အသက်(၆၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီ၏ ချစ်လှစွာ သောဇနီး၊ ဗိုလ်ကြီးလှဲ့လှဲ့ဘိုနီ (တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ (လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**St Philomena's**
**အထက(၂)၊ စမ်းချောင်း (၁၉၈၀)ခုနှစ်ထိ ဆရာမများနှင့် အာစရိယ(၈)**
**ပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ် (က/၈၀)၊ မြေကွက်တည်နေရာအမှတ် (က/၈၀)၊ ကံ့ကော်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (၂၅ နှစ်ဂရန်) အမည်ပေါက် ဒေါ်မြင့်မြင့်ဆွေမြေအား အမည်ပေါက် ဒေါ်မြင့်မြင့်ဆွေ [၁၂/လမတ(နိုင်) ၀၁၃၃၁၂] မှဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ အမှတ်(၁)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်း နှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မည့်သူမရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်၍ ၁၂-၁၀-၁၉၉၃ ရက်စွဲဖြင့် ထုတ်ပေးထားသည့် ဒေါ်မြင့်မြင့်ဆွေအမည်ပေါက် နှစ်(၂၅)မြေငှား စာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကျီးညို

### အသက် (၅၅)နှစ်

**B.Sc (Marine Biology) (1983)**

**စွမ်းအင် စက်သုံးဆီရောင်းဝယ်ရေး၊ မြင်းမူမြို့**

၁၉၈၄ခုနှစ် အဏ္ဏဝါဇီဝဗေဒကျောင်းသူဟောင်း ဒေါ်ခင်စန်းရီ၏ခင်ပွန်း ၁၉၈၃ ခုနှစ် အဏ္ဏဝါဇီဝဗေဒကျောင်းသားဟောင်း သူငယ်ချင်း ဦးကျီးညိုသည် ၇-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃ အဏ္ဏဝါဇီဝဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်မလေး(ခ)Cynthida Boni

### အသက်(၆၀)

အမြဲတမ်း တက်တက်ကြွကြွရှိပြီး ဖော်ရွေသော ချစ်သူငယ်ချင်း ဒေါ်ခင်မလေး(ခ) Cynthida Boni ကို ၁၆-၁၁-၂၀၁၅ရက်တွင် ဆုံးရှုံးလိုက်ရပါသဖြင့် အလွန်ပင် စိတ်ထိခိုက်ဝမ်းနည်းရပါသည်။

**ချစ်သူငယ်ချင်းများ**
**ကြည်အုန်း၊ ဝင်းကျော်၊**
**သီလေး၊ အိချို၊**
**မသက်၊ မြင့်မြင့်၊**
**အောင်လေး၊ မဘုတ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အေးမေ

### အသက် (၈၆) နှစ်

စိုင်းခွန်နောင် အိမ်၊ ခြံ၊ မြေ ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးစိုင်းခွန်နောင်၏ မိခင် ဒေါ်အေးမေသည် (၁၇.၁၁.၂၀၁၅) ရက်နေ့ နံနက် (၃း၀၅) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထွေထွေမန်နေဂျာနှင့် ရုံးချုပ်၊ ရုံးခွဲ မှ ဝန်ထမ်းများ
စိုင်းခွန်နောင် အိမ်၊ ခြံ၊ မြေ ကုမ္ပဏီ

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

### အသက်(၆၀)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီ၏ ချစ်လှစွာ သောဇနီး၊ ဗိုလ်ကြီးလှဲ့လှဲ့ဘိုနီ (တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ (လစရ-၄)-မနိုနိုဇော်တို့၏မိခင် ညီမရင်းသဖွယ်ချစ်ခင်ရပါသော ညီမ ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်အတူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)၊ ဌာနချုပ်မှူး၊ စစ်မှုထမ်းဟောင်းဗဟိုဌာနချုပ်**
**ဒေါ်ခင်မာချစ်[ခိုင်ယဉ်မွန်(ဝိဇ္ဇာ-သိပ္ပံ)] မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးထိပ်တင်လွင်(ခ) Henri Gywe

### အသက်(၇၄)နှစ်

အဏ္ဏဝါဒေဝီ၊ ပင်လယ်ငါးဖမ်းကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းကို ဖွဲ့စည်းတည်ထောင် အထူးအောင်မြင်အောင် ဦးဆောင်ဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ(၂)ဖြစ်သူ ဒေါက်တာတိုးနန္ဒာတင်၏ခင်ပွန်း ဦးထိပ်တင်လွင်သည် ၉-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အောင်ပင်လယ် ငါး၊ ပုဇွန်၊ ရေထွက်ပစ္စည်းနှင့်**
**အထွေထွေ စီးပွားရေးလုပ်ငန်း**
**သမဝါယမအသင်းလီမိတက်**
**၁၀-၈၅၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်။**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မာရှီးလျှင် (လားရှိုး)

### အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅)နေ (ဦးရန်နိမ်ကျမ်း)၏ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရောက်နော်၊ ဦးရန်ဟော်(Chairman, Mottama Holdings Ltd.) -ဒေါ်ခင်ခင်ထက်တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေး(၅၇)ယောက်၊ မြစ်(၈၀)ယောက်၊ တီ(၂၉)ယောက်တို့၏ချစ်လှစွာသောအဘွားသည် ၃၁-၁၀-၂၀၁၅(စနေနေ့) နံနက် ၁း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရသည်။

**အောင်ပင်လယ်အထွေထွေစီးပွားရေးလုပ်ငန်း**
**သမဝါယမအသင်းလီမိတက်**
**၁၀-၈၅၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်။**

# ရည်စူးကုသိုလ်

**ရဟန်း၊ သိမ်၊ကျောင်း၊ နတ်လမ်း**
**ရေကန်၊ တရားကျောင်း ဒါယကာကြီး**

## ဦးအောင်သန်း(ဘိုကလေး)

## အသက်(၈၂)နှစ်

ကုန်လွန်ခဲ့သည် နှစ်(၅၀)ဆီက
၁၉ ရက်သမီးအား အပြီးထားလို့
ဘဝတစ်ပါး ပြောင်းရွှေ့သွားသည့်
မာတာမိခင် ကျေးဇူးရှင်နှင့်
လွန်သည့်ခြောက်လ နွေကာလ၏
၁၉ မေမှာ ခွဲခဲ့ရှာသည့်
ပီတုဖခင် ကျေးဇူးရှင်အား
အစဉ်တမ်းတ သတိရလျက်----
ကထိန်အလှူ တရားပွဲကူကာ
သိမ်၊ နတ်လမ်းနှင့် အုတ်ခုံ၊ ကြမ်းခင်း
လှူဒါန်းခြင်းအတွက် ရေစက်သွန်းချ
အမျှဝေလို ဖေ ပြုလို၍
သမီးဖြည့်ဆည်း လှူအပြီးကို
မွေးဖေ သာဓုခေါ်ပါလေ။
ထိုမှတစ်ပါး ရွာမှလူများ
နာဖျားကင်းဝေး ကျန်းမာရေးအတွက်
ရှေးရှုလျက်ဖြင့် ခြောက်သိန်းခုနစ်သောင်း
ဖေ ပေါင်းစုထား မုန့်ဖိုးများကို
'ဆောင်းလရိပ်'ဆီ သမီးလှူသည်
မွေးဖေ သာဓုခေါ်ပါလေ။
ရှေ့ဆက်ပြီးလည်း လှူမစဲမှ
ဒိုင်နယ်တလွှား ပြိုင်ဘက်ရှားသည့်
ခြားနားတစ်မူ ရွာ'ပါတူ'တွက်
စွမ်းနိုင်သမျှ ဖေးကူမည်
ဖေ့ တွက်ရည်စူး သမီးစိတ်ကူးကို
မွေးဖေ ကျေနပ်နိုင်ပါစေ။
မွေးဖေ သာဓုခေါ်ပါလေ။

**သမီး-ဒေါ်တင်တင်အောင်(သချာ)**

**၁၉-၅-၂၀၁၅ရက်တွင် ကွယ်လွန်ခဲ့သော မွေးဖေနှင့် ပါတူချောင်ကျေးရွာလေးသို့ အမှတ်တရ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရီရီတင့် (B.A)**
**အသက်(၇၈)နှစ်**
**အလယ်တန်းပြ(ငြိမ်း)၊ အထက-၂၊ ပုဇွန်တောင်**

ဆရာမ ဒေါ်ရီရီတင့်သည် ၁၀-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် အထူး ဝမ်းနည်းကြေကွဲရပါသည်။

မကွယ်လွန်မီနှင့် ကွယ်လွန်ပြီးချိန်ထိ ဂရုစိုက်ပြုစုစောင့်ရှောက်ခဲ့သော သန်လျင် သဘာဝ တရားရိပ်သာ ဆရာတော်ဘုရား ဦးဥတ္တမသာရနှင့်တကွ အဆောင်မှူးများ၊ ဓမ္မမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ဆရာမ ဒေါ်ရီရီတင့် အတွက်ရည်စူး၍ ၁၆-၁၁-၂၀၁၅ ရက်တွင် ကျင်းပသော ရက်လည်ဆွမ်းကျွေးအလှူနှင့် သဘာဝတရားရိပ်သာတွင် ဆောက်လုပ်လျက်ရှိသော ဆေးရုံအတွက် ငွေကျပ် ၅၀၀၀၀၀ိ/ လှူဒါန်းမှုအစုစုကိုလည်း အမျှပေးဝေပါသည်။ သာဓုခေါ်ဆိုနိုင်ပါစေသတည်း။

**လုပ်ဖော်ကိုင်ဖက် ဆရာ/ဆရာမများနှင့်**
**တပည့်ဟောင်းများ**
**အထက-၂၊ ပုဇွန်တောင်**

---

**ဘုရား၊ရဟန်း၊ကျောင်း၊တံတား ဒါယိကာမကြီး**

### ဒေါ်ရီ(ခ)ဒေါ် ရီရီခင်(ပင်းဘော)

**အသက်(၇၇)နှစ်**
**ဒဂုံမြို့သစ်မြောက်ပိုင်း**

(ဦးဘဦး-ဒေါ်ဆင့်)တို့၏သမီး၊ (ဦးမောင်ချစ်-ဒေါ်စောရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ သခင်ဗစိန်လမ်းနေ ဦးအုန်းကြည် (ရထားကြီးကြပ် ရေးအုပ်-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ [ဦးကျော်စိုး (CDC-၁၄၃၃၀)]-ဒေါ်မြင့် မြင့်ကြည်(ကြီးမှူး၊ မြန်မာစီးပွားရေးဘဏ်၊ ဒဂုံမြောက်)၊ ဒေါ်မြင့်မြင့်အေး (လယ်ပြ၊ အမက-၂၊ ဒဂုံမြောက်)၊ ဒေါ်မြင့်မြင့်ခိုင် (ထက်ပြ၊ အထက-၃၊ ဒဂုံရှေ့)၊ ဦးခင်ဇော် (Proj ect Manager BTL Company Ltd. Hong Kong)-ဒေါ်ကြူကြူဝင်း၊ ဒုတိယဗိုလ်မှူးကြီးကြည်စိုး- Dr.စန္ဒာဆွေ (အကြောအဆစ်ပြန်လည်သန်စွမ်းရေး) ဒေါ်ဝါဝါစိုးတို့၏မွေးသမိခင်၊ မြေးသုံးယောက်တို့၏ အဘွား ဒေါ်ရီရီခင်သည် ၁၆-၁၁-၂၀၁၅(တနင်္လာနေ့) ညနေ ၅း၄၀နာရီတွင် အောင်ရတနာ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသဖြင့် ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ရောင်းမည်

Y . N ကွန်ဒိုတိုက်ခန်းကျယ်၊ (၁၅၀၀sqft)၊ (၂၉'×၅၂')၊ 1MBR, 1BR,၅လွှာ၊ (Lift)၊ စမ်းချောင်း၊ မင်းလမ်း၊ (စီးတီးမတ်အနီး) တိုက်သစ် (လူမနေရသေး)

**Ph:09-420157842**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ မြေကွက်အမှတ်-၁၂၉/ခ၊ မြေကွက်တည် နေရာအမှတ်-၁၂၉/ခ၊ ပြည်တော်သာပတ်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဦးသန်းထွန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူခဲ့သူ ဦးဝေသူထွန်း(SPTA-၀၇၇၁၄၄)မှ ပါမစ်မူရင်း နှင့် အရောင်းအဝယ်စာချုပ် အဆက်စပ်များ ပျောက်ဆုံးကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိ ဝန်ခံချက် တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှား စာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါ သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

# လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာ၊ ဒါယိကာမကြီး**

## ဦးရော်တျန်း-ဒေါ်ကင်အိမ်း

**အဆွေတော် ဖခင်ကြီး၊ မိခင်ကြီး**
**ကော့ကရိတ်မြို့**

ကျေးဇူးရှင် ဖခင်ကြီး၊ မိခင်ကြီးတို့ မိသားစုနှင့်ခွဲသွားသည်မှာ ဖခင်ကြီးအနေဖြင့် ၁၀နှစ်ကျော်ခဲ့ပြီး မိခင်ကြီးအနေဖြင့် ၁၉-၁၁-၂၀၁၅ရက်တွင် (၁)လပြည့်ခဲ့ပြီဖြစ်သော်လည်း မိသားစုများမှ နေ့စဉ်နှင့်အမျှ အောက်မေ့သတိရလျက်ရှိပါသည်။ ကျေးဇူးရှင်မိဘနှစ်ပါးအားရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်လှူဒါန်းမှု ပြုလုပ်ရသော ကောင်းမှုကုသိုလ်အစုစုတို့ကို မိဘ နှစ်ပါးတို့ရောက်ရှိရာ မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

ကျေးဇူးရှင်ဖခင်ကြီးနှင့် ကျေးဇူးရှင်မိခင်ကြီးတို့ရေ အမျှ-အမျှ-အမျှ

**ကျန်ရစ်သူသားသမီးမြေးများ**

---

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

**အသက်(၆၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ (တပ်မတော်ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ (လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဘထွေး-မမနှင်းနှင့် မောင်နှမများ**

---

**Be Love**
**အလှပြင်သင်တန်း**
**ဘာသာစုံ ၁၅ရက် အတတ်**
**အိမ်အရောက်သင်ပေးသည်။**
**ဖုန်း-09-260902511**

---

### ဂိုထောင်ငှားမည်

ပေ(၄၀×၆၀) ပါဝါမီတာ၊ ၄၂ ကောင်၊ မြောက်ဥက္ကလာပ

**ဖုန်း-၀၉-၃၁၂၇၅၆၄၇**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်ဦး**
**အသက်(၇၁)နှစ်**
**ပြည်နယ်တရားသူကြီး(ငြိမ်း)အောင်ဆန်း-၇**

အောင်ဆန်း(၇)တရားရေးအရာရှိ သင်တန်းဆင်းသူငယ်ချင်း ဦးမြင့် ဦးသည် ၁၄-၁၁-၂၀၁၅(စနေနေ့)တွင် စစ်ကိုင်းမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇) တရားရေးအရာရှိ**
**သင်တန်းဆင်းသူငယ်ချင်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မလေး**
**အသက်(၆၀)**

ရဲမှူးချုပ်သူရဘိုနီ၏ဇနီး ဒေါ်ခင်မလေး အသက်(၆၀)သည် ၁၆-၁၁-၂၀၁၅(တနင်္လာနေ့) နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ရန်ကုန်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေ(Shwe FM) နှင့် ဝန်ထမ်းများ**

---

# အထူးကျေးဇူးတင်ရှိခြင်း

၃၁-၁၀-၂၀၁၅ရက်(စနေနေ့)တွင် ကွယ်လွန်သွားခဲ့သော မိခင်ကြီး ဒေါ်မာရှိုးလျင်၏ ဈာပနကိစ္စ အဝဝတွင် အစမှအဆုံးကူညီပေးကြသော Mottama Holdings Limited မှဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီအသီးသီးမှ မိတ်ဆွေသူငယ်ချင်းများ၊ စာနာမှုဖြင့် လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများ အသီးသီးပေးပို့ခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများ၊ ၁၁-၁၁-၂၀၁၅ရက် လားရှိုးမြို့တွင် ပြုလုပ်သောဈာပနသို့ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေများ၊ လှူဖွယ်ဝတ္ထုအစုစု ကိုပေးပို့လှူဒါန်းကြသူများ၊ နှစ်ဖက်သောညီအစ်ကိုမောင်နှမများနှင့် မိသားစုဝင်များ၊ အဘက်ဘက်မှ မေတ္တာထား၍ ဝိုင်းဝန်းကူညီဆောင်ရွက်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

Hot Line No-0930500100

# ရိုးရာမပျက်ဆင်ကာနွှဲမည့် မဒေါက်မြို့ရဲ့ တန်ဆောင်တိုင်မီးမျှောပွဲ

သတင်းဆောင်းပါး - ပိန်းဇလုပ် သိန်းညွန့်
ဓာတ်ပုံ - ရာမည



ယမန်နှစ် မဒေါက်တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတော်ကို စစ်တောင်းမြစ်အတွင်းကျင်းပခဲ့မှုမြင်ကွင်း။

"မိုးအကုန် ဆောင်းအကူး ငွေနှင်းမှုန်ကလေးများတဖွဲဖွဲစတင်ဝင်ရောက်လာသော သာယာကြည်နူးဖွယ် ဟေမန္တကာလ" "ကောင်းကင်ထက်ဝယ် ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုးအညစ်အကြေးငါးမျိုးမှ ကင်းစင်၍ လွန်စွာမှ ရွှန်းလဲ့တောက်ပသည့် ဗြိစ္ဆာရာသီ"။

ထိုထိုသော သာမောတင့်တယ် အလှကြွယ်သည့် ရာသီကာလ တန်ဆောင်တိုင်ရောက်တိုင်း နိုင်ငံတစ်ဝန်းရှိဗုဒ္ဓဘာသာဝင်များမှ ကထိန်သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်းကပ်လှူပွဲ၊ ပုံ့သကူပစ်ပွဲ၊ ကြာသင်္ကန်းကပ်လှူပွဲ၊ ရှင်မာလဲပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပွဲတို့ကို မိမိဒေသအလိုက် ရိုးရာမပျက်ကျင်းပလျက် ရှိကြသည်။

ထိုသို့ကျင်းပသည့် ပွဲတော်များအနက် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် မီးမျှောပူဇော်ပွဲသည်လည်း အထူးခြားဆုံးနှင့် အစည်ကားဆုံးဖြစ်သည်။

ယခု ၁၃၇၇ ခုနှစ် (၄၃)ကြိမ်မြောက် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲကြီးကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၂၅)ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (နိုဝင်ဘာ ၂၇) ရက်အထိ ကုန်းပွဲ၊ ရေပွဲများနှင့် ပျော်ပွဲ ရွှင်ပွဲများအပါအဝင် မဒေါက်မြို့စစ်တောင်းမြစ်ကမ်းနံဘေး၌ ကျင်းပသွားမည်ဟု ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ပေးနေသည့် ဦးမျိုးကျော်ထံမှ သိရသည်။ စာမျက်နှာ ၅ ကော်လံ ၄ သို့

ယနေ့ မာ ဓိ ကာ

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲကျင်းပ

စာမျက်နှာ - ၃



## သုနန္ဒာတံတားတည်ဆောက်ရေး လုပ်ငန်းခွင်ဘေးကင်းစေရန် ပုံကျဈေးသည်များအား နေရာပြောင်းရွှေ့

စာမျက်နှာ - ၁၁

# ပါရီတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ခဲ့သော်လည်း အင်္ဂလန်နှင့် ခြေစမ်းပွဲမဖျက်ဘဲ ပြင်သစ်အသင်း သွားရောက်ယှဉ်ပြိုင်ခဲ့

ငွေကြယ်




ယူရို ၂၀၁၆ ပြိုင်ပွဲအား အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ပြင်သစ်နိုင်ငံတွင် ပြင်သစ်အသင်းနှင့် ဂျာမနီအသင်းတို့ ပြီးခဲ့သည့်တစ်ပတ်က ယှဉ်ပြိုင်ကစားခဲ့သည့် ဘောလုံးကွင်း အပါအဝင် ပြင်သစ်နိုင်ငံ၏ နေရာအတော်များများတွင် အကြမ်းဖက်တိုက်ခိုက်မှုများရှိခဲ့ခြင်းကြောင့် လူဦးရေ ၁၂၉ ဦးထိ သေဆုံးမှုရှိခဲ့သော်လည်း ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းအနေ ဖြင့် အင်္ဂလန်အသင်းနှင့် ခြေစမ်းကစားမည့်ပွဲစဉ်အား ဖျက်သိမ်းခဲ့ခြင်းမရှိဘဲ ဝင်ဘလေကွင်းသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် အင်္ဂလန်အသင်းသည် ဒီလီအလီနှင့် ရွန်းနီတို့၏ သွင်းဂိုးများဖြင့် ဧည့်သည်အဖြစ်လာရောက်ကစားခဲ့သည့် ပြင်သစ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် ပြင်သစ်အသင်းအနေဖြင့် အင်္ဂလန်အသင်းအား ရှုံးနိမ့်ခဲ့ရသော်လည်း ပြင်သစ်မြေတွင် အကြမ်းဖက်တိုက်ခိုက်မှုခံခဲ့ရခြင်းကို အင်္ဂလန်ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကြောင့် ပြင်သစ်လက်ရွေးစင်ကစားသမားများ မျက်ရည်ပင်ကျခဲ့ရကြောင်း ပြင်သစ်နောက်တန်းကစားသမား ဘာကာရီဆက်ဂ်နာက ဖွင့်ဟပြောကြားခဲ့သည်။

အင်္ဂလန်အသင်းနှင့် ပြင်သစ်အသင်းမှ ကစားသမားများသည် ပြိုင်ပွဲမစတင်မီတစ်မိနစ်ကြာငြိမ်သက်ကာ စက်ဝိုင်းပုံသဏ္ဌာန်အနေအထားဖြင့် အင်္ဂလန်နှင့် ပြင်သစ်တို့၏ စည်းလုံးညီညွတ်မှုကို ပြသသည့်အနေဖြင့် အတူတကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။ စာမျက်နှာ ၉ ကော်လံ ၅ သို့



ပါရီမြို့အကြမ်းဖက်တိုက်ခိုက်မှုတွင် ဝမ်းကွဲ တော်စပ်သူဆွေမျိုးတစ်ဦးဆုံးရှုံးခဲ့ရသည့် ပြင်သစ်ကစားသမား ဒီယာရာအား အင်္ဂလန်တိုက်စစ်မှူး ရွန်းနီအားပေးစကားပြောကြားစဉ်။(ပုံသေး)နှင့် အင်္ဂလန်အသင်းနှင့် ပြင်သစ်အသင်းမှ ကစားသမားများ ပြိုင်ပွဲမစတင်မီ ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်နေကြစဉ်။(ပုံကြီး)




themirror.npt@gmail.com
www.facebook.com/themirrordaily

